www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

ကြီးစာစု
ယိမ်းနွဲ့ပါးနုဒီ/ကြီးစာစု၊ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃၊
၂၄၄ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ၊
(၁) ကြီးစာစု

**ထုတ်ဝေသူ** ဦးအောင်မြင့်၊
**ဖြန့်ချိရေး** အောင်မြင်စာပေ၊

**အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်**
အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊
(ဇူလိုင်လ)၊ အုပ်ရေ(၅၀၀)၊



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- သင့်လက်ထဲမှာ သော့တစ်ချောင်းရှိလျှင်
တံခါးကိုဖွင့်ပြီး...
အပြင်က ဗဟုသုတတွေလည်း
အတွင်းကိုထည့်နိုင်ပါတယ်
အတွင်းက အရည်အချင်းတွေကိုလည်း
အပြင်ကိုထုတ်သုံးနိုင်ပါတယ်
ဘာမှမလုပ်ရင်သာ
သော့က အသုံးမဝင်တာပါ...

- ကန္တာရထဲမှာ ရွှေတစ်ပိဿာထက်
ရေတစ်ခွက်က ပိုပြီးတန်ဖိုးရှိပါတယ်
လူဖြစ်စေ၊ အရာဝတ္ထုတစ်ခုပဲဖြစ်စေ
အသုံးဝင်တဲ့အပေါ်မှာကြည့်ပြီး
တန်ဖိုးသတ်မှတ်နိုင်ကြပါတယ်။

- မြေပြင်မှာဝပ်နေတဲ့သူကို
လေကဖိထားနိုင်ပေမယ့်
အာကာသရောက်အောင်တက်နိုင်ရင်တော့
လူကလေထုအပေါ်က စီးပြီး နေနိုင်ပါတယ်။

# ဒဿနလက်ဆောင်

- လူ့ရဲ့ခန္ဓာကိုယ်အတွက်
လေဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်၊
ဒါပေမယ့် လေကပြန်ပြီး ဒုက္ခပေးရင်တော့
အသက်သေရင်သေ
မသေရင်တောင်မှ အသက်ရှင်လျက်နှင့်
သေနေတဲ့ ဘဝမျိုးရောက်နိုင်ကြပါတယ်၊

- ကျောက်ဆောင်ထိပ်က သစ်ပင်သည်
မုန်တိုင်းဒဏ် ခံရဖန်များသဖြင့်
ပင်စည်နှင့်အကိုင်းအခက်တွေက ကြံ့ခိုင်ကြတယ်
လောကဓံရဲ့အထုအထောင်းခံရသူလည်း
ခံနိုင်ရည်ဆိုတဲ့ အရည်အသွေးတော့
ရနေတတ်ကြတယ်။

- သင့်အပေါ်မှာ သားသမီးများက ဆိုးတဲ့အခါ
ဒေါသသိပ်မဖြစ်ပါနဲ့၊
သူ့အလှည့်ကျရင်သာ ဒီသောကမျိုး မခံစားရဖို့
ဆုတောင်းပေးလိုက်ပါ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ အချစ်သည်လည်းကောင်း
ချစ်သူသည်လည်းကောင်း
ဘယ်အရာက
ရင်ထဲကို အရင်ရောက်လာသလဲဆိုတာ
သိနေဖို့အရေးကြီးပါတယ်။

❖ အချစ်သည်
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေရုံဖြင့်
မပြီးပါချေ။
မမြင်နိုင်သော လောကစရီးလမ်းကို
အတူတကွ ကြည့်နိုင်ဖို့
ချစ်သူတိုင်းမှာ တာဝန်ရှိကြပါတယ်။

❖ မိဘအရိပ်ထက် ပိုကောင်းသောနေရာမရှိပေ။
သို့သော် သားသမီးများကတော့
မိမိကို လှောင်အိမ်ထဲမှာ ချုပ်နှောင်ထားသကဲ့သို့
အမြဲတွေးနေတတ်သည်။
သစ်ပင်အရိပ်မှာ နေသော်လည်း
သစ်ပင်တန်ဖိုးကို မသိသကဲ့ရှိပေသည်။

# ဒဿနလက်ဆောင်

❖ သင့်အနေနဲ့ နာရီလက်တံကဲ့သို့နေပါ
ရှေ့သို့ ဆက်သွားနိုင်လျှင်သော်မှာ
နောက်သို့ ဘယ်တော့မှပြန်မသွားကြပေ။

❖ ချစ်သူရဲ့စိတ်ချမ်းသာမှုအတွက်နဲ့တော့
မိဘ စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့
ထိုသို့ လုပ်မိပါက
ဘဝတစ်သက်လုံး ပျော်ရွှင်မှုရနိုင်မည်မဟုတ်ပါချေ။

❖ သင်အလုပ်ကောင်းလျှင်
လူသားတွေက အသိအမှတ်ပြုကြပါမယ်၊
သင်အလုပ် မကောင်းလျှင်တော့
ကျောက်တုံးတွေက မိတ်ဆွေဖွဲ့ကြပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်တွင်ပါဝင်သောအခန်းများ


အခန်း(၁) ဟာရိမ်းပြုတိုက်မှ ထူးဆန်းသောပျောက်ဆုံးမှု၊

အခန်း(၂) တရားခံမပေါ်သောလူသတ်မှု၊

အခန်း(၃) တစ္ဆေအခြောက်ဆုံးနေရာနှင့် သွေးစုပ်ကောင်

အခန်း(၄) မီးပြုတိုက်ထဲမှ ကြိုးဆွဲချအလောင်း၊

အခန်း(၅) တစ္ဆေအခြောက်ဆုံး မီးပြုတိုက်များ၊

အခန်း(၆) ပင်လယ်ထဲမှတက်လာသော သတ္တဝါ၊

အခန်း(၇) လှိုင်းများကြားမှ တစ္ဆေမီးရောင်များ၊

အခန်း(၈) ဇမုန်းထန်နှင့် သူ၏အကြံအစည်များ၊

အခန်း(၉) လမ်းမှာတွေ့သော ကယ်တင်ရှင်၊

အခန်း(၁၀) ပုစ္ဆာဆန်သော မိတ်ဆွေများ၊

အခန်း(၁၁) လျှို့ဝှက်သည့် အာဃာတရန်ငြိုး၊

အခန်း(၁၂) မီးပြုတိုက်မှ ထူးဆန်းသောမီးရောင်၊

အခန်း(၁၃) ယိမ်းနွဲ့ပါးသို့မဟုတ် ကိုးသချိုင်းသံသေဓာ။

အခန်း(၁၄) အမှောင်ထဲမှ အသက်လုပွဲများ၊

အခန်း(၁၅) အန္တရာယ်ကွန်ရက်မှ ထွက်ကြရခြင်း၊

အခန်း(၁၆) အချစ်ကိုယုံပုံအပ်ရမယ့်ချစ်သူ၊




# အခန်း (၁)

## ဟာရိမ်းပြုတိုက်မှ ထူးဆန်းသောပျောက်ဆုံးမှု

ကမ္ဘာပေါ်တွင် ထူးဆန်းအံ့ဩဖွယ်ကောင်းသော နေရာအချို့ရှိပါသည်။ ထိုနေရာများတွင် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်နေရာများလည်း အပါအဝင်ဖြစ်ပါသည်။

ထူးဆန်းအံ့ဩဖွယ်ကောင်းသော နေရာများမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့ကြသောနေရာများပင်ဖြစ်သည်။ ထိုနေရာများထဲတွင် မီးပြုတိုက်များလည်း အပါအဝင်ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးပြတိုက်များမှာ လူတို့ပင်လယ်ရေကြောင်းသွားလာကြသည့်နောက်ပိုင်း မရှေးမနှောင်းမှာ ပေါ်ပေါက်ခဲ့သည်ဟု မှတ်တမ်းများကဖော်ပြခဲ့ကြသည်။

ရှေးအကျဆုံးနှင့် အစောဆုံးမီးပြတိုက်မှာ ခရစ်မပေါ်မီနှစ်ပေါင်း (၃၀၀)လောက်က ရောမလူမျိုးတို့ တည်ဆောက်အသုံးပြုခဲ့ကြသည်။ အလက်ဇန္ဒြီးယားပင်လယ်အော်ရှိ ဖာရိုမီးပြတိုက်နှင့် အော့စတီယာ မီးပြတိုက်၊ ရာဗန်နာ မီးပြတိုက်၊ ဗိုလုံမီးပြတိုက်နှင့် ဒိုဗာမီးပြတိုက်တို့ပင် ဖြစ်သည်။

မီးပြတိုက်များ၏ ပထမဆုံး မီးပြတိုက်ဟုခေါ်ကြသည် အလက်ဇန္ဒြီးယား မီးပြတိုက်ကြီး ကမ္ဘာ့အံ့ဖွယ် ခုနစ်ပါးတို့တွင် တစ်ခုအပါအဝင်ဖြစ်ခဲ့လေသည်။

ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံး လုပ်ငန်းမှာ ပင်လယ်ရေကြောင်း ခရီးသွားလာခြင်း လုပ်ငန်းဖြစ်သည်။

အန္တရာယ်နှင့် တွေ့ပါက လူအသေအပျောက်အများဆုံး လုပ်ငန်းမျိုးလည်းဖြစ်သည်။

ရေလမ်းခရီးသွားလာရသည်မှာ ကုန်းလမ်းခရီးသွားရခြင်းထက် ဘေးအန္တရာယ်ပိုမိုများလေသည်။

သင်္ဘောများသည် ကျောက်ဆောင်တို့ကို မကြာခဏဝင်ရောက်တိုက်ခိုက်မိ၍ ကွဲပျက်နစ်မြုပ်ခဲ့ကြရသည်။ ရေလယ်၌သာမဟုတ် တစ်ခါတစ်ရံ ဆိပ်ကမ်းသို့ ကပ်ရာတွင် ကျောက်ကမ်းပါးများကို ဆိုက်ကပ်မိကလည်း ကွဲပျက်သွားနိုင်သည်။

ရေမျက်နှာပြင်ပေါ်၌ အတန်ငယ်ပေါ်ထွက်နေသော





ကျောက်ဆောင်ကြီးများကိုပင် ညဥ့်အချိန်များ၌ မြင်ရန် ခက်လှ၏။ နေ့အချိန်၌ပင် အဝေးကမြင်ရမည် မဟုတ်သောကြောင့် ရှောင်ရှားသွားရန် လွယ်ကူမည်မဟုတ်ချေ။

သို့ဖြစ်ရကား ပင်လယ်ခရီးသွားတို့အား ထိုဘေးအန္တရာယ်တို့မှ ကင်းလွတ်စေရန် နေ့ရောညဥ့်ပါ သတိပေးအချက်ပြဖို့ လိုလေသည်။

ထိုသို့အချက်ပြသတိမပေးနိုင်ခြင်းကြောင့် ရှေးခေတ်နယ်သစ်ရှာ အာဇာနည်များ အသက်ဆုံးရှုံးခဲ့ရသည်မှာ မရေမတွက်နိုင်တော့ချေ။

ယင်းသို့လျှင် ကျောက်ဆောင်၊ ကျောက်တန်း၊ ကျောက်ကမ်းပါးများကို အဝေးမှနေ၍ သိရှိရှောင်ရှားနိုင်စေရန် စီမံဆောင်ရွက်ရာမှအစ မီးပြတိုက်များ ပေါ်ပေါက်လာခဲ့ပေသည်။

ညဥ့်အချိန်တွင် ကျောက်ဆောင်ကျောက်တန်းတို့ရှိရာကို အဝေးမှပင် သိရှိနိုင်စေရန် မီးရောင်ဖြင့်သာ အချက်ပြ သတိပေးနိုင်ရကား ဘေးအန္တရာယ်ထူပြောရာ ကျောက်ဆောင်ကျောက်ကမ်းပါးများပေါ်မှ မီးရောင်များ ထွန်းညှိ၍ပြထားလေသည်။

ရှေးအခါက တည်ဆောက်ခဲ့သော မီးပြတိုက်များမှာ ကျောက်ဆောင် ကျောက်ကမ်းပါးထိပ်များ၌ တိုင်လုံးမျှော်စင်သဖွယ် အဆောက်အဦးမြင့်ကြီးများ ဖြစ်၍ ထိပ်၌ ကျောက်မီးသွေးမီး၊ ဆီမီး စသည်တို့ ထွန်းညှိ၍ အချက်ပြထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထိုမီးရောင်များသည် ဆီးနှင်းများ ပိတ်ဖုံးနေသည့်ရာသီတွင် ဘေးအန္တရာယ်ကို တိမ်းရှောင်သာသော အကွာအဝေးမှ ထင်ထင်လင်းလင်း မမြင်နိုင်သဖြင့် သင်္ဘောများမှာ မကြာခဏ ဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ကြရသည်။

ယခုခေတ်၌မူကား ရေနံဆီမီး၊ ဓာတ်ဆီမီး၊ လျှပ်စစ်မီးစသည့် မီးအိမ်များကို သုံးရုံမက အဝေးကပင် မီးရောင်ကို မြင်နိုင်စေရန် မှန်ဘီလူးများ၊ မှန်ရောင်များဖြင့် ထိုးပြနိုင်အောင် စီမံထားသဖြင့် အထူးတိုးတက်လျက်ရှိလေသည်။

မီးပြတိုက်ကို စောင့်ရှောက်ရသော အလုပ်မှာလည်း ဘေးအန္တရာယ် အများဆုံးနေရာမှနေ၍ သင်္ဘောများကို သတိပေးရသောကြောင့် သင်္ဘောများတွေ့ရတတ်သည့် ဘေးအန္တရာယ်မျိုးကို မီးပြတိုက်များ (ဝါ) မီးပြတိုက် အလုပ်သမားများ မကြာခဏ ခံခဲ့ရလေသည်။

ကမ်းခြေမီးပြတိုက်များထက် ရေလယ်ကျောက်ဆောင်မှ မီးပြတိုက်များသည် ပို၍ အန္တရာယ်များသည်။

အင်္ဂလန်ပြည် ကမ်းခြေ အင်္ဂလိပ်ရေလက်ကြားရှိ အက်ဒီစတုန်း မီးပြတိုက်ကို (၄)ကြိမ်တိတိ အသစ်ပြန်လည် တည်ဆောက်ခဲ့ရသည်ကို ထောက်ခြင်းဖြင့် သိသာနိုင်လေသည်။

ကျောက်ဆောင်ကျောက်တန်းများ ရှိရာ၌ ရေအရှိန်ပိုမိုပြင်းထန်သည့်အလျောက် ဓရထဲ၌ အုတ်မြစ်ချ၍ မီးပြတိုက်များ တည်ဆောက်ရန်မှာ အလွန်မလွယ်ကူလှသောအလုပ် ဖြစ်ရုံသာမက ဘေးအန္တရာယ်လည်း များလှသည့်အတွက် စွန့်စား၍





တည်ဆောက်ကြရသည်။

ပြင်းထန်စွာ ရိုက်ခတ်သော လှိုင်းလုံးကြီးများ၏ ဒဏ်ကို တော်ရုံခိုင်သောမီးပြတိုက်သည် တာရှည်မခံနိုင်ချေ။

လှိုင်းလုံးခတ်၍ ပျက်စီးသွားရသော မီးပြတိုက်ပေါင်းလည်း များလှလေပြီ။

ယခုခေတ်၌ကား မီးပြတိုက်များကို အံချ၍ အင်္ဂတေဖြင့် ဆက်သောကျောက်တုံးများဖြင့် ခိုင်ခံ့စွာ ဆောက်လုပ်ကြပြီ ဖြစ်သဖြင့် ရှေးကလောက် အပျက်အစီးမများတော့ချေ။

ကမ်းခြေအတွင်းရှိ အလွန်ကြောက်မက်ဖွယ်ကောင်းသော ကျောက်ဆောင်ပေါ်၌ မီးပြတိုက်များ ဆောက်လုပ်၍မရနိုင်သောကြောင့် ခိုင်ခံ့သည့် သံမဏိမီးပြသင်္ဘောများကို ထားရပေသည်။

မီးပြသင်္ဘောများသည် မီးပြတိုက်ဆောက်၍ မရသော ကမ်းခြေများ၊ ကျောက်ဆောင်များနှင့် မနီးမဝေးအရပ်မှနေ၍ မီးပြခြင်း၊ အချက်ပေးခြင်းတို့ဖြင့် သင်္ဘောများကို သတိပေးရသည်။

ယခုခေတ် မီးပြသင်္ဘောများ၊ မီးပြတိုက်များတွင် မီးအိမ်များသာမက အခြားသောနည်းများဖြင့် အချက်ပြသတိပေးရန် နည်းအမျိုးမျိုး ကိရိယာအသွယ်သွယ် ထားရှိလေသည်။

ဗြိတိသျှကျွန်း၏ ကမ်းခြေသည် . ကျောက်ဆောင်ကျောက်ကမ်းပါး အထူထပ်ဆုံးဖြစ်၍ မီးပြတိုက်အများဆုံးရှိ၏။

ကမ္ဘာပေါ်တွင် အထင်ရှားဆုံး မီးပြတိုက်မှာ ပလင်း



www.burmeseclassic.com

www.burmeseclassic.com



မတ်မြို့မှအထွက် (၁၃)မိုင်ကွာတွင်တည်ရှိသော အက်ဒီစတုန်း မီးပြတိုက်ဖြစ်သည်။

ထိုမှတစ်ပါး အိုင်ယာလန်နိုင်ငံ အနောက်တောင်ကမ်းခြေရှိ ဖတ်စနက်မီးပြတိုက်၊ ကွန်းဝေါနယ်လစ်ဇတ်မီးပြတိုက်၊ ဆပ်ဆက်နယ်ကမ်းခြေရှိ ဗီချီဟက်မီးပြတိုက် စသည်တို့သည်လည်းထင်ရှားပေသည်။

မီးပြတိုက်များမှာ ရေကြောင်းတွင်သာမဟုတ်ဘဲ ယခုအလွန်ခေတ်စားလျက်ရှိသော လေကြောင်းခရီးအတွက်လည်း လိုအပ်လေသည်။ လေယာဉ်ပျံကွင်းများ၌ ညဥ့်အချိန်လေယာဉ်ပျံအဆင်းတွင် ကွင်းကိုမီးထိုး၍ပြရ၏။

မီးပြတိုက်များကို တည်ဆောက်ရာတွင် ငွေကြေးများစွာကုန်ကျသော်လည်း ရေကြောင်းခရီးသည်များအဖို့ . အလွန်အကျိုးများလှလေသည်။

စင်စစ် မီးပြတိုက်နှင့် မီးပြသင်္ဘောများသည် အထူးအသုံးဝင်သော်လည်း ယင်းတို့၌အလုပ်လုပ်ရသော အလုပ်သမားများအဖို့ ငြီးငွေ့ဖွယ်ကောင်းလှပေသည်။

အလုပ်သမားတို့မှာ လူသူနှင့်ဝေးရာနေရာတွင် လာရောက်လုပ်ကိုင်ကြရသည်ဖြစ်ရာ အဖော်ကင်းမဲ့လျက် အနေမကျသည့် ဒုက္ခကိုခံစားကြရသည်။

ထိုဒုက္ခအခက်အခဲများမှ သက်သာမှုရစေရန်နှင့် . . သင်္ဘောများကို မီးပြရာတွင် လွယ်လင့်တကူဖြစ်စေရန် ရည်ရွယ်၍ ဒုတိယကမ္ဘာစစ်အတွင်းက မီးပြတိုက်နှင့် မီးပြသင်္ဘောများ





တွင် အီလက်ထရွန်းနစ်ကို အသုံးပြုခဲ့ကြသည်။

မီးပြတိုက်နှင့် မီးပြသင်္ဘောများတွင် ရေဒီယိုအချက်ပြစက်ကို တပ်ဆင်ထားခြင်းအားဖြင့် အလုပ်သမားများသည် မီးပြတိုက်နှင့် မီးပြသင်္ဘောများအပေါ်တွင် ထာဝစဉ်နေထိုင်ရန် မလိုတော့ချေ။

မီးပြသင်္ဘောနှင့် မိုင်အနည်းငယ်ခန့်ဝေးသော ကမ်းပေါ်တွင် ရေထဲ၌သွားလာနေသော လှေသင်္ဘောများအား အချက်ပြရန် အိမ်တစ်လုံးဆောက်ထားလေသည်။

ထိုအိမ်မှနေ၍ ခလုတ်နှိပ်လိုက်ရုံနှင့် မီးပြသင်္ဘောတွင် အလိုအလျောက်မီးလင်း၍ အန္တရာယ်ရှိကြောင်း အချက်ပြနိုင်လေသည်။

ထိုသို့ အလိုအလျောက်မှန်ကန်တိကျစွာ ဆောင်ရွက်နိုင်ခြင်းမှာ အီလက်ထရွန်းနစ်ကို အသုံးပြုထားခြင်းကြောင့် ဖြစ်လေသည်။

မီးပြတိုက်တွင် ရေဒီယိုအချက်ပြစက် တပ်ဆင်သောအခါ၌လည်း မီးပြတိုက်အစောင့်သမားသည် ကမ်းခြေရှိ မိမိနေအိမ်မှာပင်နေလျက် ခလုတ်ကိုနှိပ်လိုက်ရုံနှင့် မြူဆိုင်းချိန်၌ အချက်ပေးဥသြကို မြည်စေနိုင်ခြင်း၊ မီးပြတိုက်မှ မီးကိုလည်း ဝင်းခနဲလင်း၍သွားစေနိုင်ခြင်း စသောအကျိုးထူးများ ရရှိလေသည်။

မီးပြတိုက်အတော်များများမှာ တစ္ဆေသရဲခြောက်လှန့်မှုရှိသောနေရာများ ဖြစ်ကြလေသည်။

အဘယ်ကြောင့်ဆိုသော် . . .



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသည် မီးပြတိုက်ထားရသော ရည်ရွယ်ချက်မှာ အန္တရာယ်များသည့် နေရာဖြစ်သောကြောင့်ပင်ဖြစ်သည်။

မီးပြတိုက်များ မရှိခင်က ထိုနေရာများသည် သင်္ဘောနှင့်လှေများ အပျက်အစီးအများဆုံး နေရာများဖြစ်သည်။

ကျောက်ဆောင်များနှင့်တိုက်ပြီး သင်္ဘောနှင့်လှေများ နစ်မြုပ်ပျက်စီးသောအခါ ထိုနေရာတစ်ဝိုက်မှာပင် သင်္ဘောပေါ်မှာပါလာသော လူအားလုံး သေကျေပျက်စီးကြရသည်။

သေဆုံးသွားသူတို့ ဝိညာဉ်များမှာ မီးပြတိုက်ရှိသော ထိုနေရာတစ်ဝိုက်မှာပင် ရှိနေကြသေးသည်။

နောက်ပိုင်း အန္တရာယ်ရှိသော ထိုနေရာများတွင် မီးပြတိုက်များ လာရောက်ဆောက်လုပ်သော်လည်း ဝိညာဉ်များ၊ တစ္ဆေသရဲများကတော့ ရှိမြဲရှိနေကြသည်။

ထို့ကြောင့် ကမ္ဘာပေါ်ရှိ တစ္ဆေသရဲအခြောက်လှန့်ဆုံး နေရာများကို စစ်တမ်းထုတ်ကြသောအခါ အခြားနေရာများနှင့်အတူ မီးပြတိုက်များလည်း တစ်ခုအပါအဝင်ဖြစ်လာကြလေသည်။

ထိုနေရာတွင် အလက်ဇန္ဒြီးယားပင်လယ်အော်ရှိ ဖာရိုမီးပြတိုက်အကြောင်းကို ဦးစွာရေးသားဖော်ပြပေးပါမည်။

ထိုမီးပြတိုက်မှာ အစောဆုံး မီးပြတိုက်တစ်လုံးဖြစ်သကဲ့သို့ နှစ်ပေါင်းများစွာအတွင်း လူအသေအပျောက်အများဆုံး နေရာတစ်ခုလည်း ဖြစ်သည်။

ထို့ကြောင့် ထိုနေရာတစ်ဝိုက်မှာ တစ္ဆေသရဲခြောက်





လှန့်မှုများခြင်းမှာ အဆန်းတကြယ်တော့မဟုတ်ပေ၊ ဒီနေရာတွင် မီးပြတိုက်စောင့်သူတို့ အကြောင်းကိုလည်း အတန်အသင့်ဖော်ပြပေးလိုပါသည်။

အဘယ်ကြောင့်ဆိုသော် မီးပြတိုက်များမှာ အများအားဖြင့်တော့ ပူသူမနီးသောနေရာများမှာ ရှိတတ်ကြပေသည်။

အချို့နေရာများမှာ ပင်လယ်ထဲမှာရှိသော ကျောက်ဆောင်ကျောက်တန်းများပေါ်မှာ ထီးထီးမားမားရှိကြသည်။

အချို့ကတော့ အငူစွန်းများပေါ်၌ တည်ထားကြသည်။

မည်သည့်နေရာတွင် ရှိသည်ဖြစ်စေ မီးပြတိုက်ရှိသောနေရာများမှာ လူသူနှင့်ဝေးသောနေရာများ၌ ရှိကြလေသည်။

ထို့ကြောင့် မီးပြတိုက်မှာတာဝန်ယူလုပ်ကိုင်ကြသူများမှာ တော်ရုံဖွဲ့ သတ္တိကောင်းရုံနှင့် မလုပ်နိုင်ကြခြင်းဖြစ်ပေသည်။

ညအချိန် မိုးလေများ ပြင်းထန်လာသောအချိန်များတွင် ကြောက်စရာကောင်းသော အသံများကို မကြာခဏ ကြားရလေ့ရှိသည်။

ကျောက်ဆောင်ကျောက်တုံးများနှင့် သင်္ဘောများ၊ စက်လှေတို့ တိုက်မိသဖြင့် ပေါ်ထွက်လာသောအသံများ၊ ကယ်ပါယူပါ အော်ဟစ်နေသံများကို ကြားကြရသည်။

"ကယ်ကြပါရှင်. . ကယ်ကြပါ. . ဒီမှာသင်္ဘောနစ်လို့သေရပါတော့မယ်"

အတွေ့အကြုံမရှိပဲ ထိုနေရာသို့ရောက်ကာစအစောင့်များမှာ တကယ်သင်္ဘောပျက်သည်အထင်နှင့် အပြင်သို့ထွက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြသည်။

ထိုအခါ လှိုင်းလုံးများကြားမှာ ကူးခတ်နေကြသည့် မည်းမည်းသဏ္ဍာန်များကို တွေ့ရလေသည်။

တစ်ခါတစ်ရံလည်း . . ပင်လယ်ဘက်မှ မည်းမည်း သဏ္ဍာန်များ တက်လာပြီး အမျိုးမျိုးနှောင့်ယှက်ကြလေသည်။

အချို့လည်း ထိုသို့ခြောက်လှန့်ခံရသဖြင့် ထွက်ပြေးကြသည်။

အတွေ့အကြုံရှိသူများကတော့ ထိုသို့ခြောက်လှန့်ကြသော်လည်း ဂရုမစိုက်ပဲ အရက်မူးအောင်သောက်ပြီး အိပ်နေကြသည်။

ထိုအဖြစ်အပျက်များထဲမှ ဖာရိုမီးပြတိုက်မှ ထူးခြားသောအကြောင်းအရာတစ်ခုကို ဖော်ပြပေးပါမည်။

ဖာရိုမီးပြတိုက်မှာ ကမ္ဘာ့အံ့ဖွယ် ခုနစ်ပါးတွင်ပါဝင်သလို သရဲအခြောက်ဆုံးနေရာများထဲမှာလည်း တစ်နေရာပါဝင်လေသည်။

ဖာရိုမီးပြတိုက်တွင် တစ်ကြိမ်ဆိုလျှင် လူသုံးယောက် တာဝန်ကျလေသည်။

တစ်ကြိမ်မှာတော့ ထိုမီးပြတိုက်မှာ တာဝန်ထမ်းဆောင်နေသူများထံမှ သတင်းပို့ချက်တစ်ခု ရောက်လာသည်။

"သူတို့ တာဝန်ယူနေရသော ဖာရိုမီးပြတိုက်မှာ လွန်စွာကြောက်စရာကောင်းသော အန္တရာယ်တစ်ခုနှင့် ကြုံတွေ့နေရသောကြောင့် အမြန်ဆုံးလာရောက် ကယ်တင်ပေးပါ"





ဟူသော သတင်းပို့ချက်ဖြစ်သည်။

တာဝန်ရှိသူများအနေကတော့ ထိုကဲ့သို့သတင်းပို့ချက်များမှာ အဆန်းတကြယ်မဟုတ်တော့ပေ။

သူတို့ရှေ့မှာ တာဝန်ထမ်းသွားခဲ့သော မီးပြတိုက်အစောင့်များထံမှလည်း ထိုကဲ့သို့သော သတင်းပို့ချက်မျိုး မကြာခဏ လက်ခံရကြလေသည်။

သွားရောက်စစ်ဆေးသောအခါမှာ သက်သေမပြနိုင်သော သရဲခြောက်သည့် အဖြစ်အပျက်များကိုသာ တွေ့ရသောကြောင့် ပေါ့ပေါ့တန်တန်ပင် သဘောထားနေခဲ့ကြသည်။

နောက်တစ်ကြိမ် သတင်းပို့ချက်ရသောအခါမှာတော့ သတင်းပို့သူတို့အသံမှာ များစွာကြောက်ရွံ့နေကြပြီး အခြေအနေမလှသော အသံမျိုးဖြစ်လေသည်။

"ကျုပ်တို့ကို အမြန်လာကယ်ပေးကြပါ၊ ဒီမှာ ကြောက်စရာကောင်းတဲ့ အန္တရာယ်မျိုးတွေနဲ့ တွေ့နေရပါတယ်၊ မကြာခင် သေရပါတော့မယ်"

ထိုကဲ့သို့သော သတင်းပို့ချက် ထပ်ရလာတော့မှ သက်ဆိုင်ရာများက မီးပြတိုက်ရှိရာသို့ သွားကြလေသည်။

မီးပြတိုက်ရှိသောနေရာမှာ ပင်လယ်အတွင်း၌ရှိသော ကျောက်ဆောင်အငူစွန်းပေါ်၌ဖြစ်သည်။

ထိုနေရာရောက်အောင် မော်တော်ဖြင့်သွားကြရလေသည်။

တာဝန်ရှိသူများမှာ မီးပြတိုက်နှင့် မနီးမဝေးနေရာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သည်အထိ လူသုံးယောက်တို့၏ ပုံရိပ်များကို လှမ်းမြင် ရှိနေသေးသည်၊

မီးပြတိုက်ရှိသောနေရာရောက်သွားသောအခါ တစ်ယောက်မှ မတွေ့ရတော့ခြင်းဖြစ်သည်။

"သူတို့ဘယ်ရောက်သွားပြီလဲ"

"စောစောက အပြင်ဘက်ထွက်ရပ်နေကြတာ သူတို့မဟုတ်ဘူးလား"

"သူတို့ဆိုရင် အခုတွေ့ရမှာပေ့ါ. . ၊ ဒီနေရာကလွဲပြီး အခြားသွားစရာနေရာမှ မရှိတာ"

တာဝန်ရှိသူများ မီးပြတိုက်ပတ်ဝန်းကျင်သို့ လိုက်လံကြည့်ကြသော်လည်း ပင်လယ်ပြင်မှ တဝုန်းဝုန်းလာရောက်ရိုက်ခတ်နေသော လှိုင်းလုံးများ၊ ကျောက်တုံးကျောက်ဆောင်များမှလွဲပြီး အခြားဘာမှ မသက်ာစရာမတွေ့ကြပေ။

သို့ကြောင့် အစောင့်များနေကြသည့် မီးပြတိုက် အတွင်းသို့ ဝင်ကြည့်ကြသည်။

ထိုအတွင်းမှာလည်း မည်သူမှ မတွေ့ရပေ။

အစောင့်များ၏ အဝတ်အစားများ၊ အသုံးအဆောင်ပစ္စည်းများကိုလည်း ခြေရာလက်ရာမပျက်တွေ့ရသည်။

ထိုထက် ပိုမိုထူးဆန်းသောအချက်မှာ. . အခန်းတွင်း၌ ညနေစာအတွက် ပြင်ဆင်ထားသော အစားအသောက်များကို ခြေရာလက်ရာမပျက် တွေ့ကြရခြင်းပင်ဖြစ်သည်။

မီးပြတိုက် အစောင့်သုံးယောက်တို့မှာ ညနေစာ စား





သောက်ကာနီးမှ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ကြခြင်း ဖြစ်ဟန်ရှိသည်။ ပြင်ထားသော အစားအသောက်တို့မှာလည်း ခြေရာလက်ရာမပျက်ရှိနေသလို အရက်ပုလင်းများမှာလည်း မူလအအတိုင်းပင်ရှိနေကြသည်။

အချို့ ပုလင်းအဖုံးဖွင့်ထားပြီး. . ဖန်ခွက်ထဲသို့ အချို့တစ်ဝက်ထည့်ထားသည်ကို တွေ့ရသည်။

ဆိပ်ကမ်းတာဝန်ရှိသူများက မီးပြတိုက်အတွင်းသို့ နှံ့နှံ့စပ်စပ်လိုက်ကြည့်သော်လည်း မည်သည့်သဲလွန်စမှ မတွေ့ကြရပေ။

ထိုလူသုံးယောက်တို့ ပင်လယ်ဓားပြတို့ ဖမ်းဆီးခေါ်ဆောင်သွားကြလေသလား။


သို့မဟုတ် ပယ်လယ်တွင်းမှ တက်လာသော သတ္တဝါတစ်ကောင်ကောင် လက်ချက်ကြောင့် ပျောက်ဆုံးသွားကြလေသလား။ ဒါမှမဟုတ် တစ္ဆေသရဲတို့ လက်ချက်ကြောင့် အစအနပျောက်သွားလေသလား။

ဟူသော အမေးပုစ္ဆာတို့၏ အဖြေကိုမူ ယနေ့ထက်တိုင်ရှာမတွေ့သေးပဲ ပဟေဠိဆန်သော ပျောက်ဆုံးမှုတစ်ခု အနေဖြင့်သာ လက်ခံထားကြရဆဲပင်ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

# တရားခံမပေါ်သောလူသတ်မှု

ကမ္ဘာနေရာအနှံ့အပြားတွင် မီးပြတိုက်ပေါင်း ရာနှင့်ချီပြီး ရှိကြလေသည်။

သုတေသီတို့ မှတ်တမ်းအရ (၃၅၈)ခုရှိသည်ဟု တွေ့ရှိရသည်။ ထိုမီးပြတိုက်များထဲတွင် မြန်မာနိုင်ငံမှ မီးပြတိုက်များလည်း အပါအဝင်ဖြစ်ပေသည်။

အချို့ မီးပြတိုက်များမှ မှတ်တမ်း၌ပါဝင်သော်လည်း တကယ်တမ်းမှာတော့ ထိုနေရာမှာ မရှိကြတော့ပေ။ နှစ်ပရိစ္ဆေဒ



www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်ပြီဖြစ်သောကြောင့် ပြိုကျပျက်စီးသွားခဲ့ကြပေပြီ။

ထိုမီးပြတိုက်များတွင် တစ္ဆေသရဲခြောက်လှန့်မှု အများဆုံးရှိသောနေရာများလည်း ရှိကြသည်။

ထိုအကြောင်းများကို နောက်ပိုင်းတွင် ဖော်ပြပေးပါမည်။

ထိုအဖြစ်အပျက်များထဲမှ ထိတ်လန့်စရာကောင်းသောနေရာနှစ်နေရာအကြောင်းကို ရှေးဦးစွာ ဖော်ပြပေးလိုပါသည်။

ပထမနေရာမှာ ပစိဖိတ်သမုဒ္ဒရာထဲမှာရှိသော နော်မန်မီးပြတိုက်အကြောင်းပင်ဖြစ်သည်။ နော်မန်မီးပြတိုက်သည် သမုဒ္ဒရာထဲမှာရှိသော ကျောက်ဆောင်တစ်ခုပေါ်မှာ တည်ထားလေသည်။

ထိုကျောက်ဆောင်မှာ ပင်လယ်အတွင်းမှာရှိသောကြောင့် ပင်လယ်ခရီးသွားသင်္ဘောများ မကြာခဏဝင်ရောက်တိုက်မိကာ သေကျေပျက်စီးမှု အများဆုံးနေရာလည်း ဖြစ်သည်။

နောက်ပိုင်းသင်္ဘောများ အပျက်အစီးများပြီး၊ လူအသေအပျောက်များလာသောအခါ သက်ဆိုင်ရာ အစိုးရမှ ထိုနေရာတွင် မီးပြတိုက်တစ်လုံးတည်ဆောက်ရန် စီစဉ်ဆောင်ရွက်ကြလေသည်။

သို့သော် လွယ်လွယ်နှင့်တော့မရပေ။

ထိုနေရာသည် ပင်လယ်ထဲမှာဖြစ်သဖြင့် လှိုင်းလေပြင်းထန်လှသောကြောင့် ကျောက်ဆောင်၊ ကျောက်တန်းများပေါ်၌





အုတ်မြစ်ချရန်ပင် မလွယ်ပေ။

ဒါက ဖြစ်ရိုးဖြစ်စဉ် ကြုံတွေ့ရသော အန္တရာယ်များဖြစ်သည်။

ထိုအန္တရာယ်များအပြင် အခြားအန္တရာယ်အနှောင့်အယှက်များစွာတို့နှင့်လည်း တွေ့ရသေးသည်။

ထိုနေရာမှာရှိကြသော တစ္ဆေသရဲများက အလုပ်မလုပ်နိုင်အောင် အနှောင့်အယှက်ပေးကြသည်။

"ဒီနေရာမှာ မီးပြတိုက်ဆောက်ခွင့် မပေးနိုင်ဘူး၊ မီးပြတိုက်ဆောက်ရင် သင်္ဘောတွေ အပျက်အစီးမရှိနိုင်တော့ဘူး၊ ဒီလိုဆိုရင် လူတွေလည်း သေကြတော့မယ် မဟုတ်ဘူး၊ နောက်လူတွေမသေရင် ဒီနေရာမှာငါတို့ကို ဘယ်သူတွေက လူစားလဲပေးကြမှာလဲ"

ဟု လာရောက်ပြောဆိုကြသည်။

ပြောဆိုရုံနှင့် ပြီးမသွားပဲ. . နည်းအမျိုးမျိုးနှင့်လည်း အနှောင့်ယှက်ပေးတတ်ကြသည်။

နောက်ဆုံး မီးပြတိုက်တည်ဆောက်သူတို့ သေဆုံးရသည်အထိ ဖြစ်ခဲ့လေသည်။

သို့သော်လည်း တာဝန်ရှိသူများက နော်မန်မီးပြတိုက်ကို ပြီးစီးအောင် တည်ဆောက်ကြသည်။

မီးပြတိုက်ပြီးတော့မှ ထိုနေရာမှာ အစောင့်ထားဖို့လူမရပဲ ရှိလေသည်။ သမုဒ္ဒရာထဲမှာ မီးပြတိုက်တစ်လုံးနှင့် နေရသောဘဝမျိုးကို မည်သူမျှ မလုပ်လိုကြပေ။



www.burmeseclassic.com

www.burmeseclassic.com



လူသူကင်းဝေးပြီး အထီးကျန်ဆန်လှသော ထိုနေရာမျိုးမှာ အရေးအကြောင်းရှိလျှင်သော်မှ ကယ်မည့်သူမရှိပေ။ သို့သော်လည်း တာဝန်ရှိသူများက ဝန်ထမ်းများထဲမှ အလုပ်သမားအချို့ကို ထိုနေရာသို့ပို့ကာ မီးပြတိုက်အစောင့် တာဝန်ထမ်းဆောင်စေသည်။

တစ်ကြိမ်လျှင် သုံးယောက်လာစောင့်ရပြီး တစ်ပတ်လျှင် တစ်ကြိမ် ဆိပ်ကမ်းမှ သင်္ဘောရောက်လာပြီး ရေနှင့် ရိက္ခာများလာရောက်ပို့ပေးသည်။

ထိုသို့လာပို့သောအချိန်သည် မီးပြတိုက်စောင့်များ အတွက်အပျော်ဆုံးအချိန်ဖြစ်သည်။

အရက်နှင့် စားနပ်ရိက္ခာများရသည့်အပြင် . . မိမိတို့ မိသားစုများမှ အမှာပါးလိုက်သောစာနှင့် အခြားအသုံးအဆောင် ပစ္စည်းများရသောကြောင့် ဖြစ်သည်။

ထို့ပြင် သုံးယောက်ထဲမှ တစ်လလျှင် တစ်ယောက်ကျ ဆိပ်ကမ်းသို့ ပြန်ခွင့်ရသောကြောင့်ဖြစ်သည်။

တစ်ခေါက်ပြန်လျှင် တစ်ပတ်အချိန်ပေးလေသည်။

ထို့ကြောင့် မီးပြတိုက်အစောင့်တို့မှာ သင်္ဘောရောက်မည့်ရက်ကိုသာ မျှော်နေတတ်သည်။

ထိုမီးပြတိုက်သို့ နောက်ဆုံးတာဝန်ကျသော လူသုံးယောက်တို့မှာ ဟော့ဖ်မင်း၊ ဘာတန်နှင့် ရက်ကက်တို့ဖြစ်ကြလေသည်။

၄င်းတို့သုံးယောက်ထဲမှာ ဟော့ဖ်မင်းက ကိုယ်လုံးကိုယ်





ထည် ကြံ့ခိုင်သန်စွမ်းပြီး ကျန်နှစ်ယောက်က သာမန်သာရှိကြလေသည်။

ထိုသုံးယောက်ထဲမှာ 'ဘာတန်'ကတော့ ကြံ့ခိုင်မှု မပြည့်ဝဆုံးလူတစ်ယောက်ဖြစ်သည်။

သူသည် အရပ်အမောင်းကမြင့်သလောက်၊ ခန္ဓာကိုယ်က ကြုံလှီသေးကွေးသည်။

ထို့ပြင် . . အသားအရောင်က မဖြူပဲ မည်းလှသည်။ သူသည် လူမည်းတစ်ယောက် မဟုတ်စေကာမူ လူမည်းတစ်ယောက်ကဲ့သို့ အသားမည်းသူဖြစ်သည်။

မီးပြတိုက်မှာ တာဝန်ကျနေစဉ် အခြားသူများနှင့်လည်း ရောရောထွေးထွေးသိပ်မနေပဲ သီးခြားနေသည်။

အလုပ်တာဝန်ရှိလျှင် ထလုပ်ပြီး မရှိပါက တစ်နေရာမှာ ငြိမ်ငြိမ်လေးပင် နေလေ့ရှိသည်။

သူ့မျက်နှာမှာ မည်းမည်းပိန်ပန်နှင့် မျက်တွင်းများ၊ ပါးများ အတွင်းသို့ ဟောက်တောက်ချိုင့်ဝင်နေရာ အမှတ်တမဲ့ ကြည့်လျှင် လင်းနို့တစ်ကောင်၏ မျက်နှာမျိုးနှင့်တူလှလေသည်။

ထိုမျှပိန်လှီနေရသောအကြောင်းမှာ ဘာတန်သည် သည်သည့် အစားအသောက်ကိုမှ ဟက်ဟက်ပက်ပက် စားလေ့ မရှိခြင်းကြောင့်ဖြစ်သည်။

အစားအသောက်များပြီး ခန္ဓာကိုယ် တုတ်ခိုင်ထွားကျိုင်းလှသည့် ဟော့ဖ်မင်းကတော့ပြောသည်။

"သုံးယောက်စာပေးထားတဲ့ အစားအသောက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



သူက သိပ်မစားတော့ ငါတို့ချည်းပဲ စားရသောက်ရတော့ ဟန်ကျတာပေါ့ကွာ"

တစ်နေ့မှာတော့ ညအချိန်တွင် ရက်ကက်တစ်ယောက် စူးစူးဝါးဝါးအော်သံ ကြားရလေသည်။

ထို့ကြောင့် ကျန်နှစ်ယောက်က သူရှိရာသို့ သွားကြလေသည်။

"ဘာဖြစ်တာလဲ ရက်ကက်"

"ပယ်လယ်ထဲက သရဲတစ္ဆေတွေ တက်လာပြီး ငါ့ကို အမဲဖျက်ကြမလို့ လုပ်နေကြတယ်၊ ကြောက်စရာကောင်းတဲ့ မိစ္ဆာကောင်ကြီးက ငါလည်ပင်းကို အတင်းကိုက်နေတယ်"

"မင်း အမူးလွန်ပြီး အိပ်မက်မက်နေတာဖြစ်မှာပါ။ ပင်လယ်ထဲက ဘယ်သရဲတစ္ဆေမှ တက်မလာပါဘူး"

"မင်းတို့က ငါပြောတဲ့စကားကို မယုံကြည်ကြဘူး၊ ဒီမှာ ငါ့လည်ပင်းကိုကြည့်ပါဦး"

ရက်ကက်က မီးရောင်ဖြင့် သူလည်ပင်းကိုပြသည်။

"ဟင်. ."

ထိုအခါမှ နှစ်ယောက်စလုံး အံ့သြရုံမက ထိတ်လန့်သွားကြလေတော့သည်။

ရက်ကက်လည်ပင်းမှာ အစွယ်ပေါက်ရာနှစ်ခု တွေ့ရပြီး ထိုနေရာမှ သွေးများစိမ့်ထွက်နေသည်။

"ဒါ. . ဒါ. . ဘာဖြစ်တာလဲ"

"ပင်လယ်ထဲကတက်လာတဲ့ မကောင်းဆိုးဝါးတွေ ကိုက်





ဖောက်သွားတာ မင်းတို့လည်း သတိနဲ့နေကြပါ"

ဟု သတိပေးလေသည်။

ထိုစကားကြားသောအခါ ဟော့ဖ်မင်းကသိပ်အယုံအကြည်ရှိဟန်မတူသော်လည်း နဂိုကမှ ကြောက်ရွံ့နေဟန်ရှိသော ဘာတန်မှာ မျက်စိမျက်နှာ ပျက်နေလေသည်။

နောက်ပိုင်းရက်များမှာ သုံးယောက်သား သတိဝီရိယ ဖြင့်နေကြလေသည်။

တစ်ယောက်တစ်လှည့်စီစောင့်ရသည် ဆိုသော်လည်း ကျန်နှစ်ယောက်မှာလည်း စိတ်ချလက်ချ မနေဝံ့ကြတော့ပေ။

တစ်ညမှာတော့ ရက်ကက်အော်သံကို ကြားကြရပြန်လေသည်။

"ကယ်ကြပါဦး၊ ကယ်ကြပါဦး. . ငါ့ကို မကောင်းဆိုးဝါးကြီး လာသတ်နေပြန်ပြီ"

ထိုအော်သံကိုတော့ ကျန်နှစ်ယောက်က သတိမပြုမိလိုက်ကြပေ။ မကြားလိုက်ကြတော့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

ထိုနေ့က ပင်လယ်ပြင်မှာ လေမိုးများ ထန်နေပြီး လှိုင်းပုတ်သံများ ဆူညံနေသောကြောင့်ဖြစ်သည်။

လေမိုးများအသံနှင့် ခတ်သဲ့သဲ့ပေါ်ထွက်လာသည့် အော်သံမှာ နောက်တော့ ပျောက်ကွယ်သွားလေတော့သည်။

တစ်ညလုံး ပြင်းထန်နေသော လေမိုးများက နောက်တစ်နေ့ နံနက်ပိုင်းရောက်တော့ ပြန်လည်ငြိမ်သက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ထိုအခါမှ ကျန်နှစ်ယောက်က ရက်ကက်တစ်ယောက် ပျောက်နေသည်ကို သတိပြုမိကြပြီး သူနေသောနေရာသို့သွား ကြည့်ကြသည်။

ရက်ကက်ကို သူ့အိပ်ရာပေါ်မှာပင် ပြန်တွေ့ကြသည်။ အနားသွားကြည့်သောအခါ တစ်ကိုယ်လုံး သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်ကာ သေဆုံးနေပြီဖြစ်ကြောင်း သိကြရလေတော့သည်။

"ရက်ကက်ကို မကောင်းဆိုးဝါးတွေ လာသတ်သွားကြပြီ၊ မကောင်းဆိုးဝါးတွေ လာသတ်သွားကြပြီ"

ဘာတန်က ကြောက်ကြောက်လန့်လန့်ဖြင့် . . . တစ်ယောက်တည်း ခပ်တိုးတိုး ရေရွတ်နေသည်။

ကမ်းခြေမှ တာဝန်ရှိသူများ ရောက်လာပြီး စစ်ဆေးကြည့်သောအခါ ရက်ကက်လည်ပင်းတစ်နေရာ၌ အစွယ်ဖြင့် ထိုးဖောက်ထားသော အပေါက်နှစ်ပေါက်ကို တွေ့ကြရသည်။

ထိုအပေါက်မှာ သွေးများစိမ့်ထွက်နေသည်။ မီးပြတိုက်မှာ လူသေရသောကိစ္စမှာ သူတို့အတွက်တော့ အဆန်းမဟုတ်ကြတော့ပေ၊

ဘယ်လိုအကြောင်းမျိုးနှင့်ပင် သေသည်ဖြစ်စေ၊ တစ်ယောက်သေသွားပါက နောက်ထပ်တစ်ယောက် အစားထိုးရုံသာရှိကြသည်။

တာဝန်ရှိသူများကတော့ ရက်ကက်သေဆုံးသော





မှတ်တမ်းများကိုသာယူပြီး အလောင်းကိုတော့ ပင်လယ်ထဲသို့ ပစ်ချသင်္ဂြိုဟ်လိုက်ကြသည်။

"နောက်ထပ်တစ်ယောက် အစားရောက်မလာခင်တော့ မင်းတို့နှစ်ယောက်ပဲနေရမှာပဲ"

ဟု ပြောပြီး စားနပ်ရိက္ခာနှင့် လိုအပ်သောပစ္စည်းများ ပေးခဲ့ကာ ပြန်သွားကြလေသည်။

သမုဒ္ဒရာအတွင်းမှာ ထီးထီးရှိနေသော နော်မန်မီးပြတိုက်မှာတော့ ဟော့ဖ်မင်းနှင့် ဘာတန်တို့နှစ်ယောက်သာ ကျန်ခဲ့ကြလေတော့သည်။

ဘာမှမတတ်နိုင်ကြပါချေ။

ထိုအဖြစ်အပျက်များဖြစ်ပြီး နောက်တစ်နေ့မှာပင် မိုးလေဝသအထူး သတင်းကြေညာချက်များနှင့် အတူမုန်တိုင်းများကျလာလေတော့သည်။

လေရောမိုးပါ ပြင်းထန်လာသောကြောင့် ပင်လယ်ပြင်မှာလှိုင်းလုံးကြီးများ ထလာတော့သည်။

ထိုအချိန်မျိုးတွင် ပင်လယ်ခရီးသွားများလည်း မရှိကြတော့ပေ။

မီးပြတိုက်မှာ စောင့်နေကြသူများလည်း အပြင်မထွက်ဝံ့ကြတော့ပဲ အတွင်းမှာသာ နေကြရသည်။

မီးပြတိုက်တံခါးမှန်သမျှ အလုံပိတ်ပြီး အထဲမှာသာနေကြရပြီး ဆိပ်ကမ်းမှ ပေးထားခဲ့သော ရေနှင့်စားနပ်ရိက္ခာများကို ချင့်ချိန်ပြီး စားသောက်နေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော်. . .

မုန်တိုင်းက ဘယ်လောက်ကြာအောင် တိုက်ခတ်နေဦးမည်မှန်းမသိရပဲ အကယ်၍လာရမည့်ရက်တွင် ရောက်မလာနိုင်ပါက စားနပ်ရိက္ခာကုန်သွားကြမည်စိုးသောကြောင့်ပင် ဖြစ်သည်။

ထိုမီးပြတိုက်အတွင်းမှ သူတို့နှင့်လုပ်ဖော်ကိုင်ဖက် ရက်ကက်တစ်ယောက် သေဆုံးသွားခဲ့သည်မှာ ရက်ပိုင်းမျှသာ ရှိသေးသည်။

အကယ်၍ မကျွတ်မလွတ်ပဲ ခြောက်လှန့်မည်ဆိုပါက သူတို့အတွက် မီးပြတိုက်အတွင်းမှလွဲ၍ အခြားပြေးစရာမြေ မရှိပါချေ။

ညအချိန်ရောက်သောအခါ ဟော့ဖ်မင်းက မီးပြတိုက်ထဲမှာရှိသော အစားအသောက်များကို မကြာခဏစစ်ကြည့်လေ့ရှိသည်။

အတွင်းမှာတော့ ရေဘူးများ၊ ဘီစကွတ်သေတ္တာများ၊ အသင့်စားသုံးနိုင်သော အသားဘူး၊ ငါးဘူးများ၊ အရက်ပုလင်း၊ ဖျော်ရည်ပုလင်းအချို့နှင့် သူနာပြုကိရိယာအချို့နှင့် ဆေးဝါးတို့ကို ရှိနေသည်။

"အဟီးဟီး . အစားအသောက်တွေက သုံးယောက်စာအတွက်ပို့ပေးထားတာဆိုတော့ အတော်များတယ် တကယ်လို့ရာသီဥတုအခြေအနေမကောင်းလို့ သူတို့မလာနိုင်သေးရင် တောင်ပူစရာမရှိဘူးဟေ့"





အစားအသောက် မက်မောလှသောဟော့ဖ်မင်းက အားရပါးရပြောနေသော်လည်း ဘာတန်ကတော့ စိတ်ဝင်စားသော အမူအရာမျိုးမရှိလှပေ။

ဟော့ဖ်မင်းက ခန္ဓာကိုယ်ထွားကျိုင်းသလောက် အစားအသောက်ခုံမင်သလောက်၊ ခန္ဓာကိုယ်သေးကွေး ကြုံလှီသော ဘာတန်ကတော့ စိတ်ဝင်စားမှုမရှိလှပေ။

"ခင်ဗျားကြည့်ရတာ အစားအသောက် အတော်ကို မက်မောတယ်၊ တကယ်လို့ဒီမှာရှိနေတဲ့ အစားအသောက်တွေ ကုန်သွားလို့ နောက်ထပ်ရောက်မလာရင် ကျုပ်ကိုများ သတ်စားမလားမပြောတတ်တော့ဘူး"

"ဒါကတော့ ငါက အငတ်မှမနေနိုင်တာ သတ်စားသင့် သတ်စားရမှာပဲ. . . ဟားဟား. . ဟားဟား"

ဟော့ဖ်မင်းက သူ့စကားကို သူ့ဘာသာသဘောကျသဖြင့်. . တဟားဟားနှင့် ရယ်မောနေရာ အပြင်မှလာရောက်ရိုက်ခတ်နေသော လှိုင်းပုတ်သံများကိုပင် ကျော်သွားလေသည်။

တစ်နေ့တော့ အပြင်မှ တိုက်ခတ်နေသော လေပြင်းဒဏ်ကြောင့် တံခါးချပ်က ချက်ပြုတ်ပြီး ဝုန်းခနဲပွင့်သွားရာ ထိုနေရာမှာ ရပ်နေသည့် ဘာတန်မျက်နှာကို ထိသွားပြီး မျက်ခုံးရိုးကွဲသွားသည်။

ဟော့ဖ်မင်းက ဆေးထည့်ပေးရန်ပြင်သော်လည်း လက်မခံပေ၊ သူသည်စီးကျလာသော သွေးများကိုလက်ဖြင့် မသုတ်ပဲ လျှာဖြင့်လျက်ယူလိုက်သည်ကိုတော့ ဟော့ဖ်မင်းမသိလိုက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရက်အတန်ကြာသည်အထိ လေပြင်းမုန်တိုင်းများက မစဲသေးသောကြောင့် ကမ်းခြေမှ ရိက္ခာပို့မည့် သင်္ဘောလည်းမလာနိုင်သေးပေ။

ဟော့ဖ်မင်းကတော့ အစားအသောက်များ ပြတ်သွားမည်ကို စိုးရိမ်နေသည်။

သို့သော်လည်း သူထင်သလိုတော့ မဖြစ်ပေ။

အစားအသောက်များမှာ သူထင်သလောက်လျော့သွားခြင်းမရှိပေ။

သူ့အတွက်ထားသော ရိက္ခာခွဲတမ်းများသာ တဖြည်းဖြည်း ကုန်သွားသော်လည်း ဘာတန်အတွက်ထားသော ရိက္ခာများက လျော့သွားသည်မရှိပေ။

ယခင်ကလည်း ဘာတန်မှာ အစားအသောက်ကို များများစားသောက်လေ့မရှိပေ။

ယခု ဒဏ်ရာရထားသောကြောင့် အစားအသောက် မစားနိုင်တော့သလားဟု ထင်မိသည်။

အကယ်၍ ရက်အတန်ကြာအောင် မစားမသောက်ပဲနေလျှင်တော့ အားပြတ်ပြီးအသက်သေမှာ စိုးရိမ်ရသည်။

ထိုကဲ့သို့ သေ၍တော့ မဖြစ်ပေ။

လူသူဝေးသော မီးပြတိုက်ထဲမှာ အဖော်တစ်ယောက်မှ မရှိတာထက်စာလျှင် တစ်ယောက်ရှိနေသည်က ပိုကောင်းပေလိမ့်မည်။

သို့သော် သူထင်သလိုတော့ မဟုတ်ပေ။





ဘာတန်မှာ အစားအသောက်ကို ဟုတ္တိပတ္တိမစားသောက်သော်လည်း ပုံပျက်ပန်းပျက်ဖြစ်တာမျိုးတော့ မတွေ့ရပေ။

"မင်း ဘာမှမစားဘူးလား ဘာတန်"

"ဘာဖြစ်လို့လည်းဗျ"

"မင်းအတွက်ထားတဲ့ အစားအသောက်တွေကို ငါကြည့်တော့ လျော့နေတာ မတွေ့လို့"

"ကျုပ်က . . အစားအသောက်ကို နည်းနည်းပဲစားသောက်တာ ဘယ်လျော့ပါ့မလဲ နောက်ပြီးကျုပ်က အစားအသောက်စားရင် ညဘက်မှ စားတာဗျ"

ထိုသို့ ပြန်ပြောသဖြင့် ဟော့ဖ်မင်းလည်း ထွေထွေထူးထူးဘာမှ ထပ်မပြောတော့ပေ။

နောက်ထပ် ငါးရက်ခန့်ကြာသောအခါမှာတော့ ဟော့ဖ်မင်းတစ်ယောက် တစ်စုံတစ်ခုကို သတိပြုမိသွားသည်။

အခြားမဟုတ်ပေ။

အစားအသောက်တွေ နေ့စဉ်မပြတ်မှန်မှန်စားသောက်နေသည့်ကြားမှ ခွန်အားကတိုးမလာပဲ တစ်နေ့တခြား ခွန်အားများလျော့ကျလာသည်ကို သတိပြုမိလာခြင်းပင် ဖြစ်တော့သည်။

ထိုအချိန်မှာ . . မည်သည့်အစားအသောက်မှ မစားသောက်သော ဘာတန်ကတော့ အံ့ဩဖွယ်ရာကောင်းလောက်အောင် ပုံမှန်အတိုင်းပင် ရှိနေလေသည်။

မုန်တိုင်းကလည်း ယခုအချိန်အထိ အရှိန်မလျော့သေး



www.burmeseclassic.com

www.burmeseclassic.com



ပေ၊ ပင်လယ်ပြင်မှာလေပြင်းများ တိုက်ခတ်နေပြီး လှိုင်းလုံးကြီးများက အိမ်လုံးတောင်လုံးပမာ ရှိနေဆဲပင်ရှိသေး၏။

ရိုက္ခာပို့သော သင်္ဘောမျိုးမဆိုထားနှင့် ထို့ထက်ကြီးသော ပင်လယ်ကူးသင်္ဘောကြီးများပင် ထိုအခြေအနေမျိုးမှာ ပင်လယ်ပြင်၌ သွားလာရန်မလွယ်လှပေ။

ဟော့ဖ်မင်းတို့မှာ သုံးယောက်အတွက်ပေးထားသော အစားအသောက်များကို နှစ်ယောက်တည်းစားသောက်နေရသည်ကတစ်ကြောင်း၊

နောက်တစ်ချက်က ထိုအစားအသောက်များကို နှစ်ယောက်ရှိသည့်အနက်. . တစ်ယောက်က ကောင်းစွာမစားမသောက်ပဲ သူတစ်ယောက်တည်းသာ ဒိုင်ခံစားနေရသဖြင့် သာမန်ထက်ပိုပြီး အချိန်ကြာအောင် စားသောက်နေရခြင်း ဖြစ်သည်။

အစားအသောက်တွေ မလျော့သလို ဘာတန်မှာလည်း ယခင်အတိုင်းပင်ရှိနေသည်။

လုပ်စရာရှိတာလုပ်ပြီး၊ လုပ်စရာမရှိပါက တစ်နေရာတွင် မှေးနေတတ်သည်။

သူ့ကို အကဲခတ်ကြည့်ရသည်မှာ ပိန်ချုံးကျသွားခြင်း အသားအရေလျော့ကျသွားခြင်းမျိုး မရှိပေ။

"ဒီငတိ အစားအသောက်မစားပဲ နေတာအတော်ကြာပြီ၊ ငါအစားအသောက်တွေကို အမှတ်အသားလုပ်ထားတာ ဘာတစ်ခုမှ မလျော့သေးဘူး"





သူကြည့်တော့လည်း အရင်အတိုင်းပါပဲ ဘာမှမထူးခြားဘူး. . အစားအသောက်တွေ မစားပဲနေရင် သူဘာတွေစားသောက်နေသလဲ"

ဟု တွေးတောနေသည်။

နောက်တစ်ညမှာတော့ ဟော့ဖ်မင်းတစ်ယောက် တစ်စုံတစ်ခုကို ရိပ်မိသွားလေသည်။

အခြားမဟုတ်ပေ။

ဘာတန်မှာ ဘာမှမစားမသောက်ပဲနေခြင်းမျိုး မဟုတ်ပဲ အစားအစာတစ်ခုခု စားသောက်နေကြောင်း သတိပြုမိခြင်းပင်ဖြစ်တော့သည်။

သို့ကြောင့် သူသည်အစစအရာရာ 'သတိထားပြီးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

# တစ္ဆေအခြောက်ဆုံးနေရာနှင့် သွေးစုပ်ကောင်

ထိုနေ့က လေပြင်းမုန်တိုင်းများ အဆက်မပြတ်တိုက်ခတ်နေသည့်မှာ ကိုးရက်မြောက်နေ့ဖြစ်သည်။

တစ်ညမှာတော့ ဟော့ဖ်မင်းတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေစဉ် ကြောက်စရာကောင်းသော အိမ်မက်ဆိုး တစ်ခုကို မြင်မက်နေသည်။

အိမ်မက်ထဲတွင် ပင်လယ်ထဲမှတက်လာသော သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကို တွေ့နေရသည်။

လူတစ်ယောက် ခန္ဓာကိုယ်နှင့် ပုံပန်းသဏ္ဌာန်တူသော်လည်း မျက်နှာကတော့ ကြောက်စရာကောင်းသော မကောင်းဆိုးဝါး မျက်နှာမျိုးဖြစ်သည်။

ဦးခေါင်းထိပ်မှာ ဦးချိုတစ်ချောင်းပါပြီး နီရဲနေသော မျက်လုံးက အပြင်သို့ထွက်နေသည်။

နှာခေါင်းကအတွင်းသို့ ချိုင့်ဝင်နေပြီး ကျယ်ဝန်းသော ပါးစပ်ထဲမှာ ချွန်ထက်သောသွားများပါသည်။

ချွန်ထက်သော အစွယ်နှစ်ချောင်းက အပြင်သို့ငေါ ထွက်နေသည်။

ထိုသတ္တဝါကြီး တက်လာသည်ကို မြင်နေရသော်လည်း ဟော့ဖ်မင်းမှာ အိပ်နေရာမှ မထနိုင်ပေ။

ထရန် ကြိုးစားသော်လည်း မရပေ။

ထိုသတ္တဝါကြီး မီးပြတိုက်အတွင်းသို့ ဝင်လာသောအခါ ဘာတန်ကို အကူအညီတောင်းရန် လှမ်းကြည့်သော်လည်း မတွေ့ရပေ။

ထိုအချိန်မှာပင် ထူးဆန်းသောသတ္တဝါကြီးက အနားရောက်လာပြီး သူ့လည်ပင်းကို အစွယ်ဖြင့်ထိုးဖောက်ကာ သွေးများ စုပ်ယူနေလေသည်။

ဟော့ဖ်မင်းမှာ အတင်းရုန်းကန်ရန်ကြိုးစားသော်လည်း ဘယ်လိုမှ လှုပ်မရပေ။

အတန်ကြာတော့မှ အိပ်ပျော်ရာမှ ပြန်နိုးလာသည်။





မျက်လုံးဖွင့်ကြည့်တော့ သူ့နံဘေးမှာ မားမားကြီးရပ်နေသော ဘာတန်ကိုတွေ့ရသည်။

"ဘာဖြစ်တာလဲ ဟော့ဖ်မင်း၊ အိပ်နေရင်း အိမ်မက်ဆိုးတွေမက်နေတဲ့ပုံပဲ၊ စူးစူးဝါးဝါးနဲ့ အော်သံကြားလို့ ကျုပ်လာကြည့်တာ"

ဟော့ဖ်မင်းမှာ လှဲနေရာမှ ထရန်ကြိုးစားသည်။

သူ့တစ်ကိုယ်လုံး ခွန်အားများ နှုတ်ယူထားသကဲ့သို့ နုံးခွေ ပျော့ဖပ်နေသည်။

"ခင်ဗျား အိမ်မက် မက်နေတာလား"

ဘာတန်က ထပ်မေးသည်။

"အိမ်မက်လား ဘာလားတော့ သေသေချာချာမသိဘူး ပင်လယ်ထဲက မကောင်းဆိုးဝါးတစ်ကောင် တက်လာပြီး ငါ့လည်ပင်းကို ကိုက်ဖောက်နေတယ်"

"စိတ်ထဲမှာ စွဲနေတာကို အိပ်မက်မက်နေတာ ဖြစ်မှာပါ"

"အိမ်မက် မဟုတ်ဘူးထင်တယ် ငါ့လည်ပင်းနဲ့ လည်မျိုမှာ အခုထိပူလောင်နေတုန်းပဲ"

"အိပ်ပျော်အောင် ပြန်အိပ်လိုက်ပါ မနက်ကျရင် ပြန်ကောင်းသွားမှာပါ"

"မဟုတ်ဘူး ဒီအတိုင်းဆိုရင်တော့ မကြာခင် ငါသေရလိမ့်မယ် ထင်တယ်"

"မသေနိုင်ပါဘူး၊ ခင်ဗျားသေလို့ဘယ်ဖြစ်ပါ့မလဲ ခင်



www.burmeseclassic.com

www.burmeseclassic.com



ဗျားသေသွားရင် ကျုပ်တစ်ယောက်တည်းနဲ့ အသက်ရှင်နိုင်မှာ မဟုတ်ဘူး"

ထိုစကားကြားသောအခါ ဟော့ဖ်မင်းမှာ အထိတ်တလန့်ဖြင့် သူ့လည်ပင်းကိုလက်ဖြင့် စမ်းကြည့်လိုက်သည်။

လည်ပင်းတစ်နေရာမှာ တကယ်ပင် အစွယ်ပေါက်ရာ နှစ်ချက်ရှိနေသည်ကိုတွေ့ရသည်။

ဒီတော့မှ သဘောပေါက်သွားတော့သည်။

"ဘာ. . ဘာတန်. . မင်း. . မင်း သွေးစုပ်ဖုတ်ကောင် မဟုတ်လား"

ထိုသို့ အထိတ်တလန့်မေးလိုက်သောအခါ ဘာတန်က မငြင်းပဲ ခပ်အုပ်အုပ် ရယ်လိုက်သည်။ ထိုအခါမှ သူ့ပါးစပ်ထဲက ချွန်ထက်သော အစွယ်နှစ်ချောင်း ရှိနေသည်ကို သတိပြုမိတော့သည်။

"မင်း သွေးစုပ်ဖုတ်ကောင်မဟုတ်လား၊ ရက်ကက်သေရတာ မင်းလက်ချက်ပဲမဟုတ်လား"

"ကျုပ်က သူ့ကို မသတ်ချင်ပါဘူးဗျာ၊ ဒါပေမယ့် သူက ကျုပ်ကို အန္တရာယ်ပြန်ပေးတော့မှာမို့ မသတ်ချင်ပဲ သတ်လိုက်ရတာပါ၊ တကယ်တော့ ကိုယ်စားနေတဲ့ ထောပတ်အိုးကို ခွဲပစ်လိုက်သလိုပါပဲ၊ ကျုပ်လည်း ဘယ်စိတ်ကောင်းပါ့မလဲ. . နှစ်ယောက်ရှိနေတော့ မရိပ်မိဘူးပေါ့၊ အခုခင်ဗျား တစ်ယောက်တည်းဖြစ်နေတော့ ချက်ချင်းသိသွားတာပေါ့"

"မင်း. . မင်း. ."





ဟော့ဖ်မင်းက ဒေါသတကြီးဖြင့် နေရာမှထရန် ကြိုးစားသော်လည်း မရပေ။

တစ်ကိုယ်လုံး ခွန်အားများ နုတ်ယူထားသကဲ့သို့ ထ၍ပင်မရတော့ပေ။

"ခင်ဗျားကလည်းဗျာ၊ ကျုပ်က သွေးစုပ်ဖုတ်ကောင်ဖြစ်နေတာ ခင်ဗျားအတွက် ဘာများနစ်နာစရာရှိလို့လဲ ကျုပ်စားမယ့်အစားအသောက်တွေကို ခင်ဗျားကို ကျွေးထားတယ်၊ ကျုပ်ကအစားအသောက်မယူပဲ ခင်ဗျားဆီက သွေးကိုပြန်ယူတယ်ဒါ မတရားလုပ်တာမှ မဟုတ်ပဲဗျာ၊ ခင်ဗျားအတွက်လည်း ဘာမှမနစ်နာပါဘူး"

"မင်းဟာ ရက်စက်ကြမ်းကြုတ်တဲ့ ဝံပုလွေတစ်ကောင်ပဲ"

"ကျုပ်သာ သွေးစုပ်ဖုတ်ကောင်မဖြစ်ပဲ လူတစ်ပိုင်း ဝံပုလွေတစ်ပိုင်းသာဆိုရင် ခင်ဗျား အရိုးတခြားအသားတခြားဖြစ်မှာသေချာနေပြီ"

ထိုသို့ ပြောသဖြင့် ဟော့ဖ်မင်းမှာ မီးပြတိုက်နှင့် ဝေးရာသို့ ထွက်ပြေးချင်နေသော်လည်း ယခုအခါမှာ သူ့အတွက်ပြေးစရာလည်း မြေမရှိပါချေ။

မုန်တိုင်းစဲသွားပြီး ဆိပ်ကမ်းမှ သင်္ဘောမြန်မြန်ရောက်လာပါစေလို့သာ စိတ်ထဲမှ ကျိတ်ပြီးဆုတောင်းနေရုံသာ တတ်နိုင်တော့သည်။

"ကျုပ်တို့က သွေးစုပ်ပြီး အသက်ရှင်နေကြပေမယ့် မိစ္ဆာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေ မဟုတ်ကြပါဘူးဗျာ၊ တခြားမိစ္ဆာကောင်တွေလို အသွင်အမျိုးမျိုးလည်း မပြောင်းနိုင်ကြပါဘူး၊ နေ့ဘက်မှာ ခေါင်းထဲမှာဝင်အိပ်နေပြီး ညအချိန်ရောက်မှ အပြင်ထွက်လာတာတွေလည်း မဟုတ်ပါဘူး"

"ထွီး . . မိစ္ဆာကောင်"

"ခင်ဗျားလိုပါပဲ . . လူတွေကလည်း ကျုပ်တို့ကို မိစ္ဆာကောင်တွေလိုပဲ သတ်မှတ်ကြတယ်၊ တွေ့တာနဲ့ ရက်ရက်စက်စက်သတ်ပစ်ကြတယ်၊ ကျုပ်အဘိုးဆိုရင် ရင်ဝကိုတံစို့နဲ့ ထိုးပြီးအသတ်ခံရတယ်၊ ကျုပ်အဖေဆိုရင် ခေါင်းဖြတ်ပြီးအသတ်ခံခဲ့ရတယ် ဘယ်လောက်ရက်စက်ကြသလဲ"

"မင်းတို့ကို ဒီလိုစီရင်တာ နည်းတောင်နည်းပါသေးတယ်"

"ကျုပ်တို့က လူတွေကို ဘယ်တော့မှမသတ်ဘူး၊ ကျုပ်တို့ လိုချင်တာ သူတို့ရဲ့အသက်မဟုတ်ပါဘူး၊ သွေးပါပဲ သူတို့ဆီက သွေးရတာနဲ့ ဘာအန္တရာယ်မပေးပဲနဲ့ ပြန်သွားကြတာပါပဲ၊ ဒါပေမယ့် လူတွေကတော့ ကျုပ်တို့ကို သတ်ကြတယ်၊ ဘာနဲ့တူသလဲဆိုတော့ လူတွေက ငါးတွေမရေမတွက်နိုင်အောင် ဖမ်းဆီးသတ်ဖြတ်နေတာကျတော့ ဝမ်းစာအတွက်မို့ အပြစ်မပြောကြဘူး၊ ငါးတစ်ကောင်က သူ့ဝမ်းစာအတွက်လူတစ်ယောက်ကို သတ်လိုက်မိရင်တော့ ရက်စက်ကြမ်းကြုတ်တယ်ဆိုပြီး ပြောလို့မဆုံးကြတော့ဘူး၊ လူရော တိရိစ္ဆာန်တွေမှာပါ အသက်ရှင်ဖို့က အတူတူပဲမဟုတ်လား"





"တော်စမ်းကွာ နားငြီးလိုက်တာ၊ ငါ့မှာ အားပြန်ပြည့်လာရင်တော့ မင်းကိုသတ်ပစ်မယ်"

ဘာတန်က သဘောကျစွာဖြင့် ရယ်လိုက်သည်။

"တကယ်တော့ ခင်ဗျားမှာ ခွန်အားမရှိတော့ပါဘူး၊ အခုနေ ကျုပ်ကိုနိုင်အောင်သတ်နိုင်ဖို့ထက်၊ ကိုယ့်ဘာသာ ရပ်နိုင်အောင်ပဲ အရင်ကြိုးစားပါဦး"

ဘာတန်ပြောမည်ဆိုလည်း ပြောစရာပင်။

ယခုအချိန်တွင် ဘာတန်ကို တိုက်ခိုက်နိုင်ဖို့ထက် မတ်တတ်ရပ်နိုင်ဖို့ပဲ အားမရှိပေ။

ညနေပိုင်း အစားအသောက်စားချိန်ရောက်သောအခါ ဘာတန်က အကျုပ်ကိုင်တော့သည်။

အစားအသောက်များထားသောနေရာမှာ ဘာတန်က ရပ်နေသည်။ သူသည်အရပ်အမောင်းမြင့်မားပြီး ကြောက်စရာကောင်းသောဟန်မျိုးဖြင့် သူ့ကိုကြည့်နေသည်။

"ဒီကနေ့ကစပြီး ခင်ဗျားနဲ့ကျုပ်နဲ့ အပေးအယူလုပ်ကြမယ် ဒီထဲမှာကျန်တာက ကျုပ်အတွက်ရထားတဲ့ ခွဲတမ်းဖြစ်တဲ့ အစားအသောက်တွေပဲ၊ ဒီရက်လောက်ကြာပြီဆိုတော့ ခင်ဗျားရထားတဲ့ အစားအသောက်ခွဲတမ်းတွေက ကုန်လောက်ပြီ"

ဟော့ဖ်မင်းမှာ ခန္ဓာကိုယ်ထွားကျိုင်းသလောက် အစားအသောက်ခံမင်မက်မောသူဖြစ်သည်။

အစားအသောက်ကို တစ်ရက်မှပင် အပြတ်ခံ၍မရပေ၊ ယခုတောင်မှ . . ကိုယ်ခန္ဓာတစ်ခုလုံး နုံးခွေနေလျှင် အစားအ

www.burmeseclassic.com

www.burmeseclassic.com



သောက်မစားရတော့လျှင်တော့ ထနိုင်တော့မည်မဟုတ်ပေ။

"ခင်ဗျားကို သနားပေမယ့် ကျုပ်လည်းအသက်နဲ့ လူလုပ်နေရတာဆိုတော့ အာဟာရဖြစ်အောင်. . . တစ်ခုခုတော့ စားသောက်ရမှာဖြစ်မှာပေါ့"

"ငါ့ကိုလည်း မျှပေးပါကွာ"

ဟော့ဖ်မင်းမှာ မဟန်နိုင်တော့သဖြင့် လေသံပျော့ပျော့နှင့် တောင်းပန်လိုက်လေသည်။

"ကျုပ်က ဒီလောက်အရိုင်းပါဘူးဗျာ၊ ခင်ဗျား အစားအသောက် မက်မောတယ်၊ အခုဘယ်လောက်ဆာနေတယ်ဆိုတာ သိပါတယ်၊ ဒီတော့ ခင်ဗျားနဲ့ကျုပ်နဲ့ အပေးအယူ လုပ်ကြရင် ပိုမကောင်းဘူးလား"

ဟု ပြောသည်။

ဟော့ဖ်မင်းက မျက်လုံးအပြူးသားနှင့်ကြည့်နေသည်။

"နေ့တိုင်းနေ့တိုင်း ခင်ဗျားကြိုက်တဲ့ အစားအသောက်တွေကို ကျုပ်ကကျွေးမယ် ညကျရင်တော့ ကျုပ်ကြိုက်နှစ်သက်တဲ့ အစားအသောက်ကို ခင်ဗျားကပြန်ကျွေးရမယ်၊ ဘယ်လိုလည်း ကျုပ်က ဘာတစ်ခုမှ မတရားလုပ်တာမပါဘူး၊ နေရာတကာမှာ အပေးအယူဆိုတာမျိုးကတော့ ရှိကြတာချည်းပဲပေါ့ဗျာ၊ ဒီလိုပဲပေါ့ဗျာ ဘယ်လိုလဲ"

နောက်ဆုံးမှာတော့ အစားအသောက်အငတ်မခံနိုင်သည့် ဟော့ဖ်မင်းစိတ်ထဲမှ မနှစ်မြို့သော်လည်း လက်ခံလိုက်ရတော့သည်။





သူသည် ညအချိန်ရောက်သည်နှင့် အစားအသောက်များကို ဝအောင်စား၊ အရက်မူးအောင်သောက်ပြီး အိပ်လေတော့သည်။

သူအိပ်ပျော်သွားချိန်မှာ ဘာတန်ကလည်ပင်းကိုဖောက်ပြီး သွေးစုပ်ယူသည်။

အရက်မူးပြီး အိပ်ပျော်နေသူလန့်မနိုးစေသော သွေးစုပ်ယူနည်းပင်ဖြစ်၏။

လည်ပင်းတစ်နေရာကို အစွယ်ချွန်ချွန်ဖြင့် စစ်ခနဲထိုးဖောက်ပြီးနောက် ညင်သာစွာစုပ်ယူလေရာ သွေးစုပ်ခံရသူပင် မသိလိုက်ပေ။

တကယ်တော့ သွေးစုပ်ကောင်၏ အစွယ်ထိပ်တွင် လူတစ်ယောက်ကို မိန်းမူးစေသော အဆိပ်အတောက်တစ်မျိုး ပါလေသည်။

သို့ကြောင့် လည်ပင်းကို အပ်ချွန်ဖြင့် စစ်ခနဲ ထိုးသွင်းလိုက်ပြီးနောက် သွေးစုပ်ယူနေသောအချိန်တွင် ဘာမှမသိတော့ခြင်းဖြစ်၏။ ဤသို့ဖြင့် ရက်အနည်းငယ်ကြာလာသောအခါ အစားအသောက်များမှာ တဖြည်းဖြည်း နည်းသွားကြတော့သည်။

သို့သော် ဟော့ဖ်မင်းတစ်ယောက် ထိုအစားအသောက်များကုန်သွားမည်ကို မစိုးရိမ်တော့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

သူစိတ်ထဲမှာ ထိုအစားအသောက်များကို စားသောက်



www.burmeseclassic.com

www.burmeseclassic.com



လိုစိတ် တဖြည်းဖြည်းနှင့် နည်းလာသောကြောင့်ဖြစ်သည်။ တစ်နေ့တော့ သူသည် စိတ်ထဲမှာ တစ်စုံတစ်ခုသို့ တောင့်တနေသောသူသည်. . စိတ်ထဲမှာ တစ်စုံတစ်ခုသို့ တောင့်တနေသောကြောင့် မိမိပါးစပ်ကို စမ်းကြည့်ရာ ချွန်ထက်နေသည့်အစွယ်နှစ်ချောင်းကို စမ်းမိရာ မျက်လုံးပြူးသွားလေတော့သည်။

"အလိုလေး ငါစိတ်ထဲမှာ အစားအသောက်တွေ မစားသောက်ချင်ပဲ သွေးဆာနေတာ ဒါကြောင့်ပဲကိုး အခုတော့ ငါပါ သွေးစုပ်ကောင်ဘဝ ရောက်ခဲ့ရပြီးကိုး"

ဟု ရေရွတ်နေမိသည်။

ထိုနေ့ညမှာတော့ ဟော့ဖ်မင်းတစ်ယောက် ခါတိုင်းညကဲ့သို့ အရက်မူးအောင့်မသောက်တော့ပဲ အိပ်နေဟန်ဆောင်နေလိုက်သည်။

ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ ဘာတန်ကနေရာမှ ထလာပြီး သူ့လည်ပင်းမှသွေးစုပ်ယူရန် ဟန်ပြင်လေသည်။

ထိုအခါ ဟော့ဖ်မင်းက ဘာတန်ဆံပင်ကိုဆုပ်ကိုင်ပြီး အဆင်သင့်ချထားသော ဓားဖြင့် လည်ပင်းကိုပိုင်းချလိုက်လေတော့သည်။

ဘာတန်မှာ မည်သို့မှ မမျှော်လင့်သောကြောင့် ခေါင်းပြတ်ကျသွားတော့သည်။

ထိုနောက်မှာတော့ ဟော့ဖ်မင်းမှာ သူတောင်းတနေသောသွေးများကို ဝလင့်အောင်သောက်ရလေတော့သည်။

နောက်ဆုံးမှာတော့ ခေါင်းတခြားကိုယ်တခြားဖြစ်နေသော ဘာတန်အလောင်းကို ပင်လယ်ထဲသို့ ပစ်ချလိုက်လေတော့သည်။





နောက်ပိုင်း လေမိုးငြိမ်သွားတော့ ဆိပ်ကမ်းမှ ရိက္ခာပို့သော သင်္ဘောရောက်လာသည်။

ဟော့ဖ်မင်းနှင့်အတူ တာဝန်ယူရန် လူနှစ်ယောက်ပါ ထားခဲ့လေသည်။

ဟော့ဖ်မင်းမှာ များစွာဝမ်းသာသွားလေသည်။

သူ့အတွက် သွေးရရှိနိုင်သော လူနှစ်ယောက်ရောက်လာသောကြောင့် ဖြစ်သည်။

သို့သော်လည်း သူမျှော်လင့်သလိုတော့ ဖြစ်မလာခဲ့ပါချေ။ နောက်ထပ်ရောက်လာသော လူနှစ်ယောက်မှာ သာမန်မဟုတ်ပဲ ရက်ကက်နှင့် ဘာတန်တို့ ဘယ်ပုံဘယ်နည်းသေကြသည်ကို စုံစမ်းထောက်လှမ်းရန် ရောက်လာကြသူများဖြစ်ကြလေသည်။

သူတို့ရောက်လာပြီး ပထမညမှာပင် ဟော့ဖ်မင်းက လူတစ်ယောက်၏ လည်ပင်းကိုဖောက်ပြီး သွေးစုပ်ယူရန်ကြိုးစားလေသည်။

ထိုအခါ အသင့်စောင့်နေသူက ပါလာသောသေနတ်ဖြင့် သူ့ကိုပစ်သတ်လိုက်လေတော့သည်။

မမျှော်လင့်သောကြောင့် ဟော့ဖ်မင်းမှာ ရင်ဘတ်မှ စီးကျလာသော သွေးများကို ငုံ့ကြည့်ပြီး လဲကျသွားလေတော့သည်။

ဟော့ဖ်မင်းတစ်ယောက် သေဆုံးသွားပြီး နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွင်နော်မန်မီးပြတိုက်မှ သွေးစုပ်ကောင်ဇာတ်လမ်းလည်း အဆုံးသတ်သွားလေတော့သည်။

သို့သော်လည်း ထိုမျှနှင့်မပြီးပဲ နောက်ထပ်ရောက်လာသောမီးပြတိုက်အစောင့်များမှာ ဘယ်သူမှမနေနိုင်လောက်အောင် သရဲတစ္ဆေများ ခြောက်လှန့်သောကြောင့်ပြန်ပြေးကြရပေရာ နောက်ပိုင်းနေဝံ့သူမရှိတော့သလောက် ဖြစ်သွားလေသည်။

သို့ကြောင့် ပစိဖိတ်သမုဒ္ဒရာထဲမှာရှိသည့် နော်မန်မီးပြတိုက်မှာလည်း ကမ္ဘာပေါ်တွင်တစ္ဆေအခြောက်ဆုံး မီးပြတိုက်များထဲတွင် တစ်နေရာအပါအဝင် ဖြစ်လာခဲ့လေတော့သည်။





# အခန်း (၄)

# မီးပြတိုက်ထဲမှ ကြိုးဆွဲချအလောင်း

နော်မန်မီးပြတိုက်ကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော အခြားမီးပြတိုက်တစ်ခုအကြောင်းကိုလည်း ရေးသားဖော်ပြလိုပါသည်။

ထိုမီးပြတိုက်မှာ ဘရာဇီးနိုင်ငံ၊ ပင်လယ်ကမ်းခြေတစ်နေရာတွင်ရှိသော မန်ဖာမီးပြတိုက်ပင်ဖြစ်သည်။

ထိုမီးပြတိုက်မှာ အငူစွန်းတစ်ခုပေါ်မှာရှိပြီး လူသူဝေးသောနေရာမှာ တည်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကတော့ ထိုမီးပြတိုက်မှာ ဘာမှမထူးခြားသောသာမန်မီးပြတိုက်တစ်ခုပင်ဖြစ်သည်။

မန်ဖာမီးပြတိုက်တွင် အစောင့်သုံးဦး တာဝန်ထမ်းဆောင်ကြသည်။

၎င်းတို့သည် တစ်ပတ်လျှင်တစ်ယောက် ပြန်နားခွင့်ရကြလေသည်။

ထိုသုံးဦးမှာ ကလီမက်၊ ဘီယာဂိုနှင့် သီဟန်တို့ဖြစ်ကြလေသည်။

အားလုံးလူငယ်လူရွယ်များဖြစ်ပြီး စိတ်တူကိုယ်တူဖြစ်ကြသော်လည်း ကလီမက်ကတော့ အခြားသူများနှင့် သိပ်မတူလှပေ။

သူသည် စာဖတ်ဝါသနာပါသောကြောင့် မီးပြတိုက်သို့လာလျှင် စာအုပ်များ သယ်ယူလာလေ့ရှိသည်။

ကာလီမက် အများဆုံးဖတ်သောစာအုပ်များမှာ ဘာသာရေးနှင့် သက်ဆိုင်သောစာအုပ်များဖြစ်သည်။ ၎င်းအနေနှင့် သူတို့ယုံကြည်ကိုးကွယ်သော ဘာသာမှလွဲပြီး အခြားဘာသာများကို အယုံအကြည်မရှိသူဖြစ်သည်။ ထို့ပြင် အပြစ်အနာများကိုထောက်ပြပြီး ဝေဖန်ပြောဆိုတတ်လေသည်။ ထိုကြောင့်အဖော်များကသူ့ကို သတိပေးကြသည်။

"ဘာသာရေးဆိုတာ အတော်အရေးကြီးတယ် ကာလီမက်ရဲ့၊ ကိုယ်မယုံကြည်ရင် မကိုးကွယ်ပဲနေလို့ရတာယ်၊ တခြားဘာသာတွေကို အပြစ်မပြောရဘူး၊ တော်ကြာတခြားဘာသာ





ဝင်တွေ ကြားသွားရင် မင်းအတွက်အန္တရယ်ရှိလာနိုင်တယ်"

"အိုး. . . ဒါတွေကို စိုးရိမ်စရာမလိုပါဘူးကွာ၊ ဘာသာရေးဆိုရုံနဲ့တော့ မျက်စိမိတ်ပြီး မယုံနိုင်ပါဘူး၊ ငါတော့. . တချို့ဘာသာရေး အယူအဆတွေကို သိပ်သဘောကျလှပါဘူး"

ဟု ပြောနေသဖြင့် ကျန်နှစ်ယောက်ကဘာမှ မပြောကြတော့ပေ။ ကလီမက်သည် အခြေအနေမသာသေးသောကြောင့်သာ မီးပြတိုက်အစောင့် အလုပ်ကိုလုပ်နေသော်လည်း သူဝါသနာပါသောအလုပ်မှာ အနုပညာအလုပ်များပင်ဖြစ်သည်။

အထူးသဖြင့် သရုပ်ဆောင်လုပ်ရန် စိတ်ဆန္ဒများစွာရှိသူဖြစ်လေသည်။

သူသည်အသက် (၃၀)ပတ်ဝန်းကျင်ခန့်ရှိသေးပြီး အရုပ်အမောင်းရော ရုပ်ရည်ပါ သင့်သူဖြစ်သည်။

ဝါသနာအလျောက် ပြဇာတ်ကရာတွင် အချို့နေရာများမှာ ပါဝင်သရုပ်ဆောင်ဖူးလေသည်။

သို့သော်လည်း နာမည်မရသေးသောကြောင့် အချို့နာမည်ကြီးများ သရုပ်မဆောင်လိုသော နေရာများတွင် ဝင်ရောက်သရုပ်ဆောင်ပေးရလေသည်။

တစ်နေ့တော့ ကလီမက်က ကျန်အဖော်နှစ်ယောက်တို့ကိုပြောသည်။

"နောက်တစ်ပတ်မှာတော့ ငါ့ကိုခွင့်ပေးကြကွာ၊ ပြဇာတ်တစ်ခုမှာဝင်ပြီး သရုပ်ဆောင်ဖို့ ဒါရိုက်တာကပြောထားလို့ပါ"

"မင်းသရုပ်ဆောင်ရင် ကောင်းတဲ့အခန်းကို မရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ အခုကော ဘယ်လိုဇာတ်လမ်းမျိုးလဲ"

"ဒီတစ်ခါတော့ ကောင်းမှာပါ၊ ကပြမယ့်ဇာတ်က ဘာ သာရေးနဲ့ သက်ဆိုင်တဲ့ ဂန္ထဝင်ဇာတ်လမ်းမျိုးပဲ ယေရှုခရစ်တော် ဇာတ်လမ်းလို့ပြောတယ်"

"မင်းက ဘယ်လိုနေရာမျိုးက သရုပ်ဆောင်ရမှာလဲ"

"ဂျူဒါနေရာက သရုပ်ဆောင်ရမယ်လို့ ပြောတယ်"

ထိုစကားကြောင့် ကျွန်နှစ်ယောက်မှာ မျက်လုံးပြူးသွား ကြသည်။

ယေရှုခရစ်တော်ဇာတ်တွင် ဂျူဒါမှာ ယေရှုခရစ်အား သစ္စာဖောက်သူတစ်ဦးဖြစ်ပြီး နောက်ဆုံး ကြိုးဆွဲချကာ မိမိကိုယ် ကိုအဆုံးစီရင်ရသူဖြစ်သည်။

ကျွန်နှစ်ယောက်တို့မှာ ခရစ်ယာန်ဘာသာဝင် မဟုတ် ကြသော်လည်း ထိုဇာတ်ကြောင်းကိုတော့ ကြားဖူးနေကြပေပြီ

"သရုပ်ဆောင်ရင်လည်း ဒီလိုနေရာမျိုးကတော့ သရု မဆောင်ပါနဲ့ကွာ ကြောက်စရာကောင်းလှတယ်"

"ဟုတ်တယ် ကလီမက်ရဲ့၊ ဘာသာရေးနဲ့ သက်ဆိုင်တာ တွေက မယုံကြည်လို့မရဘူး၊ တော်ကြာ. . မင်း တကယ်ဖြ သွားတော့ မခက်ပေဘူးလား"

"အို. . . ငါကတော့ ငါတို့ဘာသာကလွဲပြီး ကျန် ဘာသာတွေကို သိပ်ပြီးအယုံအကြည်မရှိပါဘူး၊ ဒီလို အယူ တာတွေကိုလည်း လက်မခံပါဘူး၊ ငါ့အနေကတော့ ဘယ် ဇာတ်လမ်းမျိုးပဲဖြစ်ဖြစ်၊ ဘယ်လိုနေရာမျိုးပဲဖြစ်ဖြစ်. . သ





ဆောင်ခွင့်ရဖို့ပဲ အရေးကြီးတယ်၊ ဒါမှ လူသိများလာပြီး တစ်နေ့ ကျရင် သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်လာနိုင်မှာပါ"

ဟု စိတ်အားထက်သန်စွာဖြင့် ပြန်ပြောလေသည်။

သို့ကြောင့်လည်း ကျွန်နှစ်ယောက်က ဘာမှထပ်မပြော ကြတော့ပေ။ နောက်တစ်ညမှာတော့ ကလီမက်တစ်ယောက် အိပ်ပျော်နေရာမှ ဆိုးဝါးသော အိပ်မက်တစ်ခုကို မြင်မက်လေ သည်။ အခြားမဟုတ်ပေ။

မီးပြတိုက်ခေါင်မိုးနေရာမှာ တွဲလောင်းကြီးကျနေသော အလောင်းတစ်လောင်းကို တွေ့မြင်ရခြင်းဖြစ်သည်။

လည်ပင်းမှာ ကြိုးတန်းလန်းနှင့် တွဲလောင်းဖြစ်နေပြီး ကြေးစည်ကဲ့သို့ ချာလည်လည်နေသည်ကို တွေ့ရသည်။

တစ်ကြိမ်မှာတော့ သူ့ဘက်သို့ မျက်နှာလှည့်လာသဖြင့် လှမ်းကြည့်လိုက်ရာ အခြားသူမဟုတ်ပဲ သူ့မျက်နှာနှင့် တစ်ထေ ရာတည်း တူနေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် လန့်နိုးလာတော့သည်။

နိုးလာပြီး ပြန်ကြည့်သောအခါ. . ခေါင်မိုးပေါ်မှာ တွဲ လောင်းကျနေသော အလောင်းကို မတွေ့ရတော့ပေ။

ထိုအိမ်မက်က တစ်ရက်မဟုတ်ပဲ နှစ်ရက်သုံးရက် ဆက်တိုက်မက်ခြင်းဖြစ်သည်။

ကလီမက်ကတော့ စိတ်ထဲမှာ ကသိကအောက်ဖြစ်ရုံ ကလွဲပြီး အခြားတော့ ဘာမှထူးခြားမှုမဖြစ်ပေ။

နောက်ဆုံးရက်ချိန်းစေ့သောအခါ ခွင့်ယူပြီး ပြဇာတ်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ရှိရာသို့ သွားလေတော့သည်။

ဇင်းပါဝင်ကပြရမည့် ပြဇာတ်မှာ ယေရှုခရစ်တော်ဇာတ်လမ်းအဖြစ်ကပြသော (Easter Passim) ပြဇာတ်ပင်ဖြစ်၏။

ထိုပြဇာတ်တွင်သူသည် ယေရှုခရစ်အား သစ္စာဖောက်ခဲ့သော ဂျူဒါနေရာမှ သရုပ်ဆောင်ရမည်ဖြစ်ပေသည်။

ပြဇာတ်မကခင်အပြင်၌ လေ့ကျင့်နေစဉ်ကတော့ ဘယ်လိုမှ အခက်အခဲမရှိပဲ ချောချောမွေ့မွေ့ပင်ရှိလေသည်။

ကလီမက်လည်း သူ့ရုပ်ဆောင်ရမည့်နေရာတွင်. . ကောင်းမွန်စွာ သရုပ်ဆောင်နိုင်လေသည်။

(Easter Passim) ပြဇာတ် ကမည့်နေရာမှာ ဆော်ပိုလိုမြို့ အနောက်ဘက် (၂၁၄)မိုင်အကွာအဝေးမှာရှိသော အိုင်တာရာရီမြို့၌ ကပြရန်စီစဉ်ထားခြင်းဖြစ်သည်။

ဂျူဒါသည် ယေရှုအပေါ် သစ္စာဖောက်ခဲ့မိသဖြင့်. . နောက်ပိုင်းတွင်မှ နောင်တရပြီး ဇင်းကိုယ်ကို ကြိုးကွင်းစွပ်ကာ သတ်သေခဲ့လေသည်။

ကလီမက်က ထိုနေရာမှ သရုပ်ဆောင်ရမည်ဖြစ်သည်။

ပြဇာတ်ကရန် အချိန်နီးသောအခါ သူသည်ကြိုးဆွဲချရန်အတွက် ပြင်ဆင်လေသည်။

ဆက်တင်မန်နေဂျာကလည်း သူ့လူများကို ဂရုတစိုက် ပြုလုပ်စေသည်။ အဘယ်ကြောင့်ဆိုသော်. . .

ထိုကဲ့သို့သော သရုပ်ဆောင်ရမည့်အခန်းမျိုးမှာ အခန့်မသင့်ပါက အသက်သေဆုံးနိုင်သောကြောင့်ဖြစ်သည်။





ဦးစွာသူ၏ ခါးမှကြိုးတစ်ချောင်းကို သိုင်းချည်ပြီးအပေါ်မှ အဖြူရောင်အင်္ကျီဖားဖားကြီးကို ထပ်ဝတ်ထားလိုက်သည်။ ကြိုးစက ဦးခေါင်းနောက်ဘက်မှရှိနေသဖြင့် ပရိတ်သတ်က မမြင်ရပေ။

ထို့နောက်မှာတော့ ကြိုးဆွဲချမည့်ကြိုးကွင်းကို ပြင်ဆင်လေသည်။

ကြိုးဆွဲချသည့်ကြိုးမှာ နောက်မှ ကြိုးထက်နှစ်ပေခန့် အရှည်ထားသည်။

သို့မှသာ လည်ပင်းမှာကြိုးတပ်ပြီးအောက်သို့ ခုန်ချလိုက်ပါက လည်ပင်းမှ ကြိုးမတင်းခင် ခါးမှချည်ထားသောကြိုးက အရင်တင်းသွားပြီး လေထဲမှာတန်းလန်းကြီးဖြစ်နေပေလိမ့်မည်။

ထိုအခါ သရုပ်ဆောင်က လည်ပင်းကြိုးတင်းပြီး သေရသောအမူအရာလုပ်ပြရန်ဖြစ်သည်။

သူသရုပ်ဆောင်ရမည့်နေ့ ရောက်သောအခါ ပရိတ်သတ်များ ရောက်မလာခင်တစ်ကြိမ်နှစ်ကြိမ် ခုန်ချကြည့်သေးသည် အားလုံးအဆင်ပြေပြီး ချောချောမောမောပင်။

ညအချိန်ရောက်ပြီး သူသရုပ်ဆောင်ရမည့်အချိန်ရောက်သောအခါ ကျောက်တုံးသဖွယ်ပြုလုပ်ထားသည့် စင်ပေါ်သို့တက်သည်။

ထိုအချိန်မှာပင် အမှောင်ရိပ်ထဲမှ မကောင်းဆိုးဝါးတို့၏ ပုံရိပ်များကို မျက်စိထဲမှာ တွေ့မြင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



စူးစူးဝါးဝါးနှင့် ပြောနေသော အသံများကိုကြားရလေသည်။

"မင်းက ယေရှုကို သစ္စာဖောက်ခဲ့တဲ့သူပဲ၊ ဒါကြောင့် မင်းအတွက် သေဒဏ်နဲ့ပဲ ထိုက်တန်တယ်၊ မင်းသေရတော့မယ် မင်းမကြာခင် သေရတော့မယ်"

မကောင်းဆိုးဝါးများ၏ ပုံရိပ်သဏ္ဌာန်များကို ဝိုးတဝါး မြင်နေရရုံမကပဲ ထိုကဲ့သို့သော အသံများကိုပါ ကြားလာရသောအခါ ကလီမက်မှာ များစွာထိတ်လန့်ကြောက်ရွံ့သွားလေသည်။

သို့သော်လည်း ဝတ်စုံအပြည့်အစုံဝတ်ထားပြီး ဇာတ်စင်ပေါ်သို့ပင် ရောက်နေပြီဖြစ်သောကြောင့် နောက်ဆုတ်၍မရတော့ပေ။ သူသည် စင်ပေါ်တက်ပြီး ကြိုးကွင်းကို လည်ပင်းမှာ စွပ်လိုက်လေသည်။

ထိုနောက် ယေရှုခရစ်အား တောင်းပန်စကားများဆိုပြီးနောက် ခုန်ချလိုက်သည်။

သူခုန်ချလိုက်သောအချိန်မှာ ဇာတ်စင်ပေါ်မှာထွန်းထားသောမီးရောင်များက ရုတ်တရက်မှိန်ကျသွားလေတော့သည်။

ထိုအခိုက်မှာပင် ခါးမှာချည်ထားသော ပင်မကြိုးမှာ တစ်စုံတစ်ယောက်က ဖြေပေးလိုက်သကဲ့သို့ လျော့ထွက်သွားလေတော့သည်။

ထိုကြိုးမှာအရေးကြီးသော ကြိုးဖြစ်သဖြင့် အသေချည်ထားရာ ပြန်ဖြုတ်ရန်ပင်မလွယ်လှပေ။





ထိုကဲ့သို့ အသေချည်ထားသောကြိုးမှာ ကွင်းလျော့ထွက်သွားသကဲ့သို့ လျော့ထွက်သွားလေသည်။

ကလီမက်ပင် သတိမထားလိုက်မိပေ။

သူသတိထားမိလိုက်သောအချိန်မှာ လည်ပင်းမှကြိုးက အစ်နေတော့သည်။

လက်ဖြင့်ဖြုတ်ရန်ကြိုးစားသော်လည်း မရတော့ပေ၊ ထိုအချိန်တွင် တီးဝိုင်းမှ ကြောက်မက်ဖွယ်ကောင်းသော ဆူဆူညံညံအသံများဖြင့် တီးမှုတ်နေသည်။

အလင်းရောင်ဝိုးတဝါးသာရှိသော စင်ပေါ်တွင် လည်ပင်းမှာ ကြိုးတန်းလန်းဖြင့်ရုန်းကန်နေသော ကလီမက်ကို ပရိသတ်များက လှမ်းမြင်သောအခါ သရုပ်ဆောင်တာ အတော်ကောင်းသည်ဟုပင် မှတ်ချက်ချကြလေသည်။

တီးဝိုင်းမှ ဆူဆူညံညံအသံများ တိတ်သွားသောအခါ စင်ပေါ်မှာ မီးပြန်လင်းလာသည်။

ထိုအခါ လည်ပင်းမှာ ကြိုးတန်းလန်းဖြင့် တွဲလောင်းကြီးဖြစ်ကာ ငြိမ်သက်နေပြီဖြစ်သော ကလီမက်ကိုတွေ့ကြရသည်။

ထိုအခါ ဒါရိုက်တာနှင့် အခြားသူများက ဇဝေဇဝါ ဖြစ်သွားကြသည်။

ထို့ကြောင့် ချက်ချင်းမီးပြန်မှိတ်ပြီး ကလီမက်အား အောက်သို့ချသည်။

လည်ပင်းမှာ စွပ်ထားသည့် ကြိုးကိုဖြုတ်သောအခါ အ



www.burmeseclassic.com

www.burmeseclassic.com



လွယ်တကူပင် ပြုတ်သွားလေသည်။

သို့သော် ထိုကြိုးမှ သွေးများစိမ့်ထွက်နေသည်ကိုလည်း တွေ့ကြရသည်။

ထိုအချိန်ထိ ကလီမက်မှာ မလှုပ်မယှက်ဖြစ်နေသောကြောင့် စမ်းသပ်ကြည့်သောအခါ အသက်မရှိတော့ပေ။

ကလီမက်တစ်ယောက် သေဆုံးသွားခဲ့ချေပြီ။ သို့အခါမှပင် ကျန်လူများမှာ များစွာထိတ်လန့်သွားကြလေသည်။

သို့သော်လည်း မတတ်နိုင်ပဲ အလောင်းကို ဆေးရုံပို့လိုက်ကြရသည်။

ထိုအဖြစ်ပျက်ကြောင့် ပြဇာတ်ကိုပင် ဆက်မကနိုင်တော့ပဲ ရပ်ပစ်လိုက်ကြရသည်။

ထို ကိစ္စကို လာရောက်စုံစမ်းသော ရဲတပ်ဖွဲ့ဝင်များက ကြိုးကို အသေအချာစစ်ဆေးကြည့်ပြီး . . . . !

'ကြိုးချည်တဲ့နေရာမှာ တစ်စုံတစ်ရာ အမှားအယွင်းရှိနိုင်ကြောင်း. . .

သို့သော်လည်း မည်ကဲ့သို့သော အမှားအယွင်းမျိုးဖြစ်မည်ကိုတော့ အဖြေရှာမတွေ့ရကြောင်း . . . .'

မှတ်ချက်ချကြလေသည်၊

ထိုအဖြစ်အပျက်များဖြစ်ပြီး နောက်တစ်နေ့ညမှာပင် မန်ဖာမီးပြတိုက်မှာ ကျန်နေခဲ့ကြသော ဘီယာဂိုနှင့် ဆီဟန်တို့နှစ်ယောက်မှာ ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များနှင့် တွေ့ကြရသည်၊





ညအချိန်အိပ်ပျော်နေစဉ်. . . တစ်နေရာမှ ဝုန်းခနဲ ပြုတ်ကျသံမျိုး ကြားလိုက်ရသဖြင့် အလန့်တကြားနှင့် ထကြည့်ကြသောအခါ. . . ထုပ်တန်းမှာ တွဲလောင်းကြီးဖြစ်နေသည့် အလောင်းတစ်လောင်းကို တွေ့ကြရသည်။

ပထမတော့ နှစ်ယောက်စလုံး ထိတ်လန့်သွားကြသည်။ နောက်မှမီးရောင်ဖြင့် ကြည့်နေသောအခါ ပြဇာတ်ကရာတွင် ဝတ်ဆင်လေ့ရှိသော အဝတ်ဖြူကြီးကို ဝတ်ထားလျက်နှင့် ကြိုးတန်လန်းဖြင့်သေဆုံးနေသော ကာလီမက်အလောင်းဖြစ်မှန်း သိကြရသည်။

လေထဲမှာတွဲလောင်းကြီးဖြင့် ဟိုယိမ်းဒီယိမ်းဖြစ်နေသော အလောင်းကြီးကြောင့် အထဲမှာပင် မနေဝံ့တော့ပဲ အပြင်ထွက်နေကြရသည်။

အလင်းရောင်ရတော့မှ အတွင်းပြန်ဝင်ကြည့်ကြသည်။ ထိုအခါ အလောင်းကြီးကို မတွေ့ရတော့ပေ။

နောက်တစ်နေ့ ရောက်သောအခါမှာလည်း ဝုန်းခနဲ အသံကြားရပြီး အလောင်းကြီးကို ပြန်တွေ့ကြရပြန်သည်။

ထိုအချိန်မှာ ပြဇာတ်ကရင်းဖြင့် ကလီမက်သေဆုံးသွားခဲ့သောအချိန်ပင်ဖြစ်၏ ။

နောက်ပိုင်းမှာတော့ ဘီယာဂိုနှင့်သီဟန်တို့နှစ်ယောက်စလုံး မီးပြတိုက်မှာ မနေဝံ့ကြတော့သဖြင့် ထွက်ပြေးသွားကြတော့သည်။

ထို့နောက်မှာတော့ အခြားမစောင့်များ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကြာရှည်မနေဝံ့ကြပဲ ထွက်ပြေးကြသည်ကများသဖြင့်မန်ဖာမီးပြတိုက်မှာ စောင့်မည့်သူမရှိတော့ပေ။

ထိုအချိန်မှ စပြီး မန်ဖာမီးပြတိုက်မှာလည်း သရဲခြောက်သည်ဟု နာမည်ကြီးသော နေရာများတွင်တစ်နေရာပါဝင် ဖြစ်ခဲ့လေတော့သည်။

ဆက်ပြီး မန်ဖာမီးပြတိုက်ကဲ့သို့သော်လည်းကောင်း နော်မန်မီးပြတိုက်ကဲ့သို့သော်လည်းကောင်း ကမ္ဘာပေါ်၌ တစ္ဆေသရဲခြောက်လှန့်မှု အများဆုံးမီးပြတိုက်အချို့ကို အကျဉ်းချုပ်ဖော်ပြပေးပါမည်။





# အခန်း (၅)

# တစ္ဆေအခြောက်ဆုံးမီးပြတိုက်များ

မီးပြတိုက်များသည် ရေကြောင်းခရီးသွားလာနေသည့် ရေယာဉ်သင်္ဘောကြီးများအတွက် မီးရောင်ဖြင့် အချက်ပြ အလင်းပြလမ်းညွှန်ပေးရန် ထားရှိကြခြင်းဖြစ်သည်။

သို့သော် အလင်းရောင်ဖြင့် အကူအညီပေးမှု အားလုံးသည် မီးပြတိုက်စာရင်းတွင် အကြုံးမဝင်ပေ။

မီးပြတိုက်တစ်ခုသည် အနည်းဆုံးအမြင့် (၄)မီတာ



www.burmeseclassic.com

www.burmeseclassic.com



(၁၃)ပေ ရှိရပြီး ပတ်လည်လှည့်ပတ်သွားနိုင်ရပြီး အောက်ခြေတွင် (၄)စတုရန်းမီတာ (၄၃ စတုရန်းပေ) ရှိသည်။

မီးပြတိုက်များကို မည်သည့်ပုံ တည်ဆောက်ရမည်ဟု သတ်မှတ်ထားချက်မျိုး မရှိပါ။ မီးပြတိုက်ပေါ်မှ အဝေးရှုခင်းကို ကြည့်မြင်နိုင်ရန် အဆောက်အအုံကို တစ်ဝက်ပိတ်၊ တစ်ဝက်ဖွင့်ခြင်း (သို့မဟုတ်) အပြည့်ဖွင့်ထားခြင်းဟူ၍ မီးပြတိုက်ပုံစံ အမျိုးမျိုးရှိသည်။ ဒေသ၊ အခြေအနေတို့နှင့် ကိုက်ညီသည့်ပုံစံဖြစ်ရန်သာလိုသည်။

မီးပြတိုက်မှ လမ်းညွှန်ပြသသည့် မီးရောင်သည် သတ်မှတ်ထားသောစံချိန်မီသည့် မီးအလင်းရောင်မျိုးရှိရမည်။

မီးပြတိုက်၏အမြင့်မှာမူ တည်ဆောက်သည့်နေရာဒေသ၏ မြေပြင်ရေပြင် အနေအထားကို အခြေပြု၍တစ်ခုနှင့်တစ်ခုအမြင့်ပေ ကွာခြားချက်ရှိသည်။

ကမ္ဘာပေါ်တွင် မီးပြတိုက်ရှိသော တိုင်းပြည်နိုင်ငံပေါင်း (၃၆) နိုင်ငံခန့်ရှိသည်။

ထိုတိုင်းပြည်နိုင်ငံများစာရင်းကို ဗဟုသုတအလို့ငှါ ဖော်ပြပါသည်။

(၁) ယူနိုက်တက်စတိတ် (အရှေ့မြောက်ပိုင်း )
(၂) ယူနိုက်တက်စတိတ် (အရှေ့တောင်ပိုင်း )
(၃) ယူနိုက်တက်စတိတ် (အနောက်အလယ်ပိုင်း )
(၄) ယူနိုက်တက်စတိတ် (အနောက်ပိုင်း )
(၅) ယူနိုက်တက်စတိတ် (ကာရစ်ဗီယန် )





(၆) အတ္တလန္တိတ်ကနေဒါနှင့် ဂရင်းလန်
(၇) ကုန်းတွင်းပိုင်းနှင့် ကနေဒါအနောက်ပိုင်း
(၈) ဘာမြူဒါနှင့် အင်ဒီး(စ) (အနောက်ပိုင်း)
(၉) မက္ကဆီကိုနှင့် အမေရိက အလယ်ပိုင်း
(၁၀) အမေရိကတောင်ပိုင်းနှင့် အန္တာတိက
(၁၁) ပစ္စိဖိတ်သမုဒ္ဒရာ
(၁၂) ဩစတြေလျ
(၁၃) တောင်အိန္ဒိယသမုဒ္ဒရာ
(၁၄) အာဖရိက
(၁၅) ဗြိတိန်နှင့် အိုင်ယာလန်
(၁၆) ပြင်သစ်၊ မိုနာကိုနှင့် ဆွစ်ဇာလန်
(၁၇) စပိန်နှင့် ပေါ်တူဂီ
(၁၈) အီတလီနှင့် မော်(လ)တာ
(၁၉) ဥရောပ (အရှေ့တောင်ပိုင်း)
(၂၀) ဘယ်(လ)ဂျီယံနှင့် နယ်သာလန်
(၂၁) ဂျာမနီနှင့် ဩစတြီးယား
(၂၂) ဒိန်းမတ်၊ ဖာရိုး(စ)နှင့် အိုက်(စ)လန်
(၂၃) နော်ဝေ
(၂၄) ဆွီဒင်
(၂၅) ပိုလန်၊ ဘော်(လ)တစ်ပြည်နယ်များနှင့် ဖင်လန်
(၂၆) ရုရှား (အနောက်ပ်မြောက်ပိုင်း)
(၂၇) အာရှ (အနောက်ပိုင်းနှင့် အလယ်ပိုင်း)



www.burmeseclassic.com

www.burmeseclassic.com



(၂၈) အာရှ (အနောက်တောင်ပိုင်း)
(၂၉) အိန္ဒိယ
(၃၀) အာရှ (အရှေ့တောင်ပိုင်း)
(၃၁) အင်ဒိုနီးရှား
(၃၂) တရုတ်နှင့်ထိုင်ဝမ်
(၃၃) အာရှတိုက်နှင့် ဆက်စပ်သောရှုရှား
(၃၄) ကိုရီးယား
(၃၅) ဂျပန်
(၃၆) မြန်မာနိုင်ငံ

တစ်ကမ္ဘာလုံးအတိုင်းအတာအရ မီးပြတိုက်ပေါင်း (၃၅၈)ခုခန့် ရှိပေသည်။

အဆိုပါ မီးပြတိုက်များအနက် အချို့သည်ကျောက်ဆောင်ထက်တွင် တည်ဆောက်ထားကြသည်။

အချို့သည် အထီးကျန်လှသော သောင်ပြင်ထက်တွင် တည်ဆောက်ထားကြသည်။

မီးပြတိုက်အချို့မှာမူ လူသူအရောက်အပေါက်နည်းသောရွှံ့နွံထက်တွင် တည်ဆောက်ထားကြသည်။

တူညီချက်တစ်ခုမှာမူ မီးပြတိုက်များသည် လူနေသည့်အရပ်နှင့်ဝေးကွာပြီး တသီးတခြားတည်ရှိနေခြင်းပင်ဖြစ်သည်။

အဆိုပါမီးပြတိုက်များသည် ရှေးခေတ်ရှေးအခါကတည်းက တည်ဆောက်ထားခဲ့ကြခြင်းဖြစ်သည်။

မီးပြတိုက်တွင် တာဝန်ထမ်းဆောင်ကြသူများသည်





တစ်ဦးတည်းနေကြရသည်က များသည်။

အချို့တာဝန်ထမ်းဆောင်သူများက ဇနီးကိုပါခေါ်ထားကြသည်။

မီးပြတိုက် တည်ရှိရာနေရာသည် မြူခိုးများ မှုန်မှိုင်းအုံ့ဆိုင်းနေတတ်သည်။

ပင်လယ်၊ သမုဒ္ဒရာတွင်းတွင် သွားလာနေကြသည့် သင်္ဘောများကို မီးထိုးပြ၍ လမ်းညွှန်ပေးရသည့် မီးပြတိုက်မှ မီးရောင်သည် မြူခိုးများထက်ပို၍ လင်းလက်သည်မှာ မှန်ပါသည်။ သို့သော်ထိုအလင်းရောင်သည် မြူခိုးထုကို မဖောက်ထွင်းနိုင်သဖြင့် အလှမ်းဝေးဝေးသို့ မရောက်နိုင်ပေ။

ပင်လယ်၊ သမုဒ္ဒရာတွင်းတွင် သွားလာနေကြသည့် သင်္ဘောများသည် မီးပြတိုက်နှင့် မလှမ်းမကမ်းအရောက်တွင် အချက်ပေးကြရသည်။ အဝေးမှ သင်္ဘောသားတစ်ဦး၏ ဟူးဟူး ဝါးဝါးအော်သံကို သော်လည်းကောင်း၊ သင်္ဘောဥသြဆွဲသံကို သော်လည်းကောင်း အချက်ပေး၍ . . သင်္ဘောရောက်ရှိနေကြောင်း အချက်ပေးတတ်ကြသော်လည်း မြူခိုးများကြောင့် ထိုသင်္ဘောများကို မမြင်တွေ့နိုင်ပေ။

ပင်လယ်၊ သမုဒ္ဒရာများအတွင်း သွားလာနေကြသည့် သင်္ဘောကြီးများကို ရေလမ်းညွှန်ပြကြရသည့် မီးပြတိုက်များစွာအနက် တစ္ဆေခြောက်သည့် မီးပြတိုက်များလည်းရှိပေသည်။

ရေမြေရပ်ခြားမှ တစ္ဆေခြောက်သည့် မီးပြတိုက်အချို့ကို ဖော်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



သောမတ်(စ)ပွိုင့်ရှိုဝယ် မီးပြတိုက် ( Thomas Point Shoal Lighthouse ) သည် မေရီလင်းတွင် တည်ရှိသည်။

ထိုမီးပြတိုက်ကို (၁၈၃၀)ပြည့်နှစ်တွင် တည်ဆောက်ခဲ့ပြီး ချီဆာပိ(ခ)ပင်လယ်အော်၏ အနောက်ဘက်ကမ်းရိုးတန်း၏ တောင်ပိုင်းတွင်တည်ရှိသည်။ ပိုတိုမက်မြစ် အဝင်ဝတွင် မြင်သာသည့်အမှတ်အသား တစ်ခုဖြစ်ပေသည်။

တစ္ဆေခြောက်သည်ဟု လူသိများသော ထိုမီးပြတိုက်တွင် ပထမဦးဆုံး မီးပြတိုက်အစောင့်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ အင်း(န)ဒေးဗစ် (Ann Davis)ကို လှေကားထစ်တွင် ရပ်နေသည်ကို မကြာမကြာတွေ့မြင်ကြရသည်ဟု ဆိုကြသည်။

သူမသည် ဘလောက်(စ)အကျီအဖြူရောင်နှင့် အပြာရောင်စကတ်အရှည်ကို ဝတ်ဆင်ထားသည်ကို တွေ့မြင်ကြရသည်ဟု သတင်းရသဖြင့် ထိုမီးပြတိုက်ကို လေ့လာစုံစမ်းမှုများပြုခဲ့ကြသည်။

အဆိုပါ သဘာဝလွန်မြင်ကွင်းများကို သွားရောက်လေ့လာကြသူများသည် စစ်ပွဲတွင် တိုက်ခိုက်ခဲ့ကြသော စစ်သားများ မီးပြတိုက်တည်ရှိရာ မြေပြင်တွင်လှည့်လည်သွားလာနေကြသည်ကိုပါ တွေ့မြင်ခဲ့ကြရသည်။

ထိုမီးပြတိုက်သို့ လေ့လာရန်သွားရောက်သူများလည်း တစ်နှစ်ပတ်လုံးမပြတ်ပေ။ ပန်းခြံပြုစုသူများ၊ မီးပြတိုက်စောင့်ရန်တာဝန်ကျသူများနှင့် မကြာမီအချိန်ကာလက ထိုမီးပြတိုက်သို့ ရောက်ခဲ့သူများ၏ အဆိုအရ ထိုမီးပြတိုက်တွင် ထူးဆန်း





သည့်အသံများကို ကြားခဲ့ကြရသည်။ အနံ့ဆိုးများကို သိသိသာသာရခဲ့သည်။ အထိတ်တလန့်အော်ဟစ်သံများကိုလည်း မှတ်တမ်းတင်လာနိုင်ခဲ့သည်ဟု သိရသည်။

နယူးလန်ဒန်လက်(ချ) မီးပြတိုက် ( The New London Ledge Lighthouse ) သည် နယူးလန်ဒန် အနီးရှိ သိမ်းမြစ်ပေါ်ရှိကော်နက်တီကတ်တွင် (၁၉၀၉)၌တည်ဆောက်ထားခြင်းဖြစ်သည်။

ထိုမီးပြတိုက်သည် တစ္ဆေခြောက်သည်ဟု လူသိများ၍ ထင်ရှားသည်။

ဒေသခံလူများက အားနီ ( Ernie ) ဟု ခေါ်ကြသည့် အစောဆုံးမီးပြတိုက် ဝန်ထမ်းသည် မကျွတ်လွတ်သဖြင့် ထိုနေရာ၌ ခြောက်လှန့်နေသည်ဟု ဆိုကြသည်။

ထိုမီးပြတိုက်သည် (၁၉၈၇)တိုင်အောင် ကမ်းခြေစောင့်က လူအစောင့်ထားရှိခဲ့သဖြင့် တစ္ဆေခြောက်လှန့်မှု အတွေ့အကြုံကို အစီရင်ခံခဲ့သည်။

အားနီတစ္ဆေသည် မီးပြတိုက်အတွင်းတွင် ဝင်လိုထွက်လိုသည့်အခါတိုင်း တံခါးများကိုဖွင့်ခြင်း၊ ပိတ်ခြင်းပြုလေ့ရှိသည်။

ညဘက်တွင် နံရံများကို အသံမြည်အောင် ခပ်ပြင်းပြင်းခေါက်တတ်သည်။ သူစိတ်လိုလက်ရရှိပါက တီဗွီကိုဖွင့်လိုက်၊ ပိတ်လိုက် လုပ်တတ်ပြန်သည်။

မီးပြတိုက်တွင် တာဝန်ထမ်းနေသူများ စိတ် အနှောင့်အယှက်ဖြစ်ရသည်မှာ အားနီက ၎င်းတို့၏အိပ်ရာခင်းများကို ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ယူဖယ်ရှားပစ်ခြင်းကြောင့် ဖြစ်ပေသည်။

(၁၉၉၀)ပြည့်နှစ်တွင် ဂျပန်လူမျိုးသတင်းထောက်တစ်ဦးသည် အဆိုပါတစ္ဆေခြောက်သည့် မီးပြတိုက်သို့ လာရောက်ညအိပ်၍ လေ့လာခဲ့သည်။

သူ၏ ကင်မရာသည် ထိုညတစ်ညလုံးပျောက်ဆုံးနေသည်မှာ ရှာမရဖြစ်ခဲ့သည်။

အဆိုပါညက သူ၏သူ့အသံဖမ်းစက်ဖြင့် တီတိုးစကားပြောသံများကို တစ်ညလုံးအဆက်မပြတ် ဖမ်းယူခဲ့နိုင်သည်ဟု သိရသည်။

ထိုမီးပြတိုက်သို့ စိတ်ဝင်စားသူများက လာရောက်လေ့လာခဲ့ကြသည်။

ပလိုင်းမောက် မီးပြတိုက် (Plymouth Lighthouse) သည် မက်ဆာချူးဆက်တွင် တည်ရှိသည်။

ထိုမီးပြတိုက်သို့ ပြည်သူလူထု လာရောက်လေ့လာရန် ဖွင့်လှစ်ပေးခြင်းမရှိပေ။

သို့သော် တစ္ဆေခြောက်သည်ဟု ယုံကြည်ထားကြသော ထိုမီးပြတိုက်ကို လူအများက စိတ်ဝင်စားကြသည်။

အဆိုပါ မီးပြတိုက်သည် ပလိုင်းမောက် ပင်လယ်အော်၏ အရှေ့ဘက်စွန်းကို အပေါ်မှစီး၍ ရှုမြင်ရသည့် မြင့်မားလှသော ကမ်းပါးစောက်ပေါ်တွင် တည်ရှိသည်။

ထိုမီးပြတိုက်ကို (၁၇၆၈)တွင် ဂျွန်နှင့် ဟင်နာသောမတ်တို့၏ ပိုင်မြေပေါ်၌ ဆောက်လုပ်ထားခြင်းဖြစ်သည်။





အစိုးရက ထိုမြေကိုဝယ်ယူခဲ့ခြင်းမဟုတ်ပေ။ သောမတ်ကို (၅) ရှီလင်ပေး၍ထိုနေရာ၌ မီးပြတိုက်ဆောက်စေခဲ့ခြင်းဖြစ်သည်။ သမိုင်းဖြစ်စဉ်မှာ ဂျွန်သည်စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ပြီး ကျောက်ရောဂါရကာ ကွယ်လွန်ခဲ့သည်။

ဂျွန်၏ ဇနီးဖြစ်သူ အင်နာသည်သားသမီး သုံးယောက်နှင့် ကျန်ရစ်ကာ အဆိုပါမီးပြတိုက်ကို ပထမဦးဆုံးတာဝန်ယူခဲ့ရသည့် အမျိုးသမီးဖြစ်ခဲ့သည်။

နောက်နှစ်တွင် မီးပြတိုက်ပေါ်၌ မီးပြတိုက်စောင့် အမျိုးသမီးအင်နာနှင့်အတူ အမျိုးသားတစ်ဦးကိုပါ တွေ့မြင်ခဲ့ကြရသည်။ ထိုအမျိုးသားသည် တိုက်ပွဲမှပြန်ရောက်လာသည့် ဂျွန်ဖြစ်မည်ဟု ယူဆကြသည်။

ဘဝပြောင်းသွားသည့်တိုင် မကျွတ်မလွတ်သော ဂျွန်သည် ကျန်ရစ်သူမိသားစုကို စွဲလမ်းစိတ်ဖြင့် အဆိုပါမီးပြတိုက်၌ တစ္ဆေအဖြစ်ခြောက်လှန့်နေသည်ဟု လူသိများပေသည်။

ဤသည်မှာ တစ္ဆေခြောက်သည်ဟု လူသိများသော ရေမြေရပ်ခြားမှ မီးပြတိုက်များဖြစ်ပေသည်။

မီးပြတိုက်ကို စိတ်ဝင်စားသူများအတွက် ကမ္ဘာပေါ်ရှိ တစ္ဆေအခြောက်ဆုံးမီးပြတိုက် (၁၀)တိုက်ကို တစ္ဆေခြောက်လှန့်ပုံအကျဉ်းချုပ်၍ ဖော်ပြပါမည်။

➢ (၁)အောင်း(စ)ဟက်(ဒ) မီးပြတိုက် (Owls Head Lighthouse) သည် ယခုအခါအောင်း(စ)ဟက်(ဒ)လိုက်(ထ)



www.burmeseclassic.com

www.burmeseclassic.com



အစိုးရပန်းခြံအဖြစ် တစ်နှစ်ပတ်လုံး ဖွင့်လှစ်၍ လာရောက်လေ့လာသူများ အထူးစိတ်ဝင်စားသော နေရာဖြစ်ပေသည်။

ထိုနေရာမှကြည့်လျှင် ရှုခင်းလှပလွန်းသော ပီနော့စကော့ပင်လယ်အော်၏ရှုခင်းကို မြင်တွေ့နိုင်သည်။

မိန်း(Maine) ဒေသတွင်တည်ရှိ၍ မိန်းမီးပြတိုက် (Maine Lighthouse)ဟု လည်းခေါ်သည်။

လှပသောမီးပြတိုက်နှင့် မီးပြတိုက်အစောင့်၏ နေအိမ်တို့သည် ပန်းခြံတွင်း၌ရှိသော်လည်း လေ့လာသူတို့ကို ဝင်ရောက်ခွင့်မပြုပေ။

သို့သော် အဆိုပါမီးပြတိုက်သို့ တားမရ၊ ဆီးမရဝင်ရောက်နေသည်မှာ တစ္ဆေဖြစ်သည်။

ရှေးအခါက ထိုမီးပြတိုက်၏ အစောင့်တွင် (၇)နှစ်အရွယ် သမီးငယ်တစ်ဦးရှိခဲ့ဘူးသည်။

ထိုသမီးငယ်သည် ညတစ်ညတွင် သူမ၏ မိဘများကိုနိုး၍ပြောသည်မှာ လူကြီးစကားဖြစ်နေသည်။

"မြူခိုးတွေအများကြီး ကျလာလို့ ဘာမှမမြင်ရတော့ဘူး၊ မြူခိုးတွေပိတ်နေရင် အချက်ပေးတဲ့ ဥသြဆွဲဖို့ အချိန်ရောက်ပြီ"

(၇)နှစ်အရွယ်သမီးငယ်က ထိုစကားကို အဘယ်ကြောင့် ပြောရပါသလဲဟု လေ့လာကြည့်သည့်အခါတွင် ထိုမီးပြတိုက်စောင့် တွေ့မြင်ရသည်မှာ. . . သင်္ဘောကပ္ပတိန် ပုံပန်းသဏ္ဌာန်ရှိသည့် တစ္ဆေပုံရိပ်ကို တွေ့မြင်လိုက်ရပြီး သူ၏သမီးငယ်နှင့် မိတ်ဆွေဖြစ်နေကြောင်း သိလိုက်ရသည်။





မြူနှင်းထုပေါ်တွင် ထိုတစ္ဆေ၏ ခြေရာကိုတွေ့မြင်ခဲ့ကြပြီး ရာသီဥတုအခြေအနေမှာလည်း သူ၏သမီးငယ်ပြောသည်မှာ အမှန်ပင်ဖြစ်ကြောင်း သိလိုက်ရသဖြင့် အချက်ပေးဥသြဆွဲခဲ့ရသည်။

တစ္ဆေခြောက်သည့် ထိုမီးပြတိုက်သည်လူသိများ၍ ထင်ရှားခဲ့ပေသည်။

➤ (၂) ပို့(ထ)ဘိုကာ ဂရင်ဒီမီးပြတိုက်သည် ဖလော်ရီဒါနယ်၊ ဂက်(စ)ပါရီလာကျွန်းပေါ်တွင် တည်ရှိသည်။

ဤမီးပြတိုက်နှင့် မီးပြတိုက်လက်ထောက်အစောင့်၏ နေအိမ်သည် ပို့(ထ)မေယာအနီးရှိ မက္ကဆီကိုကမ်းခြေ၊ နေရောင်ရသော ပင်လယ်ကွေ့ပေါ်တွင် တည်ရှိသည်။

မီးပြတိုက် အဆောက်အအုံထဲတွင် ပြတိုက်ပြုလုပ်ထားသည်။ မီးပြတိုက်ပတ်ဝန်းကျင်ရှိ ဂက်(စ)ပါရီလာကျွန်း အစိုးရပန်းခြံသည် ကျွန်း၏တောင်ဘက်ဖျားတွင်ရှိပြီး နေ့အခါတွင် သွားရောက်လည်ပတ်ရန်ကောင်းသော နေရာတစ်ခုဖြစ်သည်။

ထိုမီးပြတိုက်အတွင်းသို့ ညအခါတွင် သွားရောက်ပါမူ တစ်မူထူးခြားသော အကိုက်ခံရမှုနှင့် ကြုံဆုံရတတ်သည်ဟု လူပြောများလှသည်။

ဖြစ်ရပ်မှာ ထိုမီးပြတိုက်အစောင့်၏ သမီးငယ်တစ်ဦးသည် ထိုအဆောက်အအုံထဲမှာပင် သေဆုံးခဲ့သဖြင့် တစ္ဆေအဖြစ်ခြောက်လှန့်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တခစ်ခစ်ရယ်မောနေသော ကလေးတစ်ဦး၏ ရယ်သံများ၊ လှေကားအပေါ်ဘက်တွင် ကလေးငယ်တစ်ဦး ပြေးလွှားဆော့ကစားနေသံများကို ကြားရတတ်ပေသေးသည်။

ထို့ထက်ဆိုးဝါးသည်မှာ ပင်လယ်ဓားပြတစ်ဦးက ခေါင်းဖြတ်သတ်ခဲ့သဖြင့် သေဆုံးသွားခဲ့သော စပိန်မင်းသမီး ဂျိုဆီဖာ (Josefa)၏ ဦးခေါင်းမပါသော ကိုယ်ခန္ဓာသက်သက် တစ္ဆေမတစ်ဦးသည် သဲသောင်ပေါ်တွင် လှည့်ပတ်သွားလာနေသည်ကို တွေ့မြင်ရခြင်းဖြစ်ပေသည်။

တစ္ဆေခြောက်သည်ဟု နာမည်ကျော်သော ထိုမီးပြတိုက် တည်ရှိရာနေရာသို့ လာရောက်လေ့လာကြသူ များလှသည်။

➤ (၃) စိန့်ဆိုင်မွန်(စ)မီးပြတိုက် ( St. Simons Lighthouse ) သည် ဂျော်ဂျီယာဒေသ စိန့်ဆိုင်မွန်(စ)ကျွန်းပေါ်တွင် တည်ရှိသည်။ တည်နေရာမှာ ဆိတ်ငြိမ်သောသောင် ရှေ့ပိုင်းရှိ ရေလှိုင်းများ အထက်တွင်ဖြစ်သည်။

အချိန်ကာလသည် ရာစုနှစ်များကို ကျော်လွန်လာသည့်တိုင်အောင် အတိတ်ကာလက လူသတ်မှုဖြစ်ပေါ်ခဲ့သည့် ပဲ့တင်သံသည် ကျန်နေဆဲဖြစ်သည်။

(၁၈၈၀)ပြည့်နှစ်တွင် မီးပြတိုက်အစောင့် ခေါင်းဆောင်ဖရက်ဒရစ် အိုဘိုမီ(Frederick Osbome) နှင့် ၎င်း၏ လက်ထောက်ဂျွန်စတီဗင်(စ) (John Stevens) တို့သည် လူသေစေလောက်သည်အထိ သေနတ်ဖြင့် အပြန်အလှန်ပစ်ခတ်ကြသဖြင့် သေဆုံးခဲ့ကြသည်။





သို့သော် မီးပြတိုက်စောင့်များသည် သေဆုံးသွားပြီးကြသည့်တိုင် တမလွန်တွင် မီးပြတိုက်တာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့ကြသည်။

ဒေသခံများ၏ ပြောပြချက်အရ စိန့်ဆိုင်မွန်မီးပြတိုက်တွင် ထူးခြားဖြစ်စဉ်များ ဖြစ်ပျက်ကြောင်းသိရှိရသည်။

လစ်ဟာနေသော မီးပြတိုက်အမြင့်ပေါ်တွင် ညအချိန်ရောက်ပါက မီးပြတိုက်အစောင့်ဖြစ်ခဲ့ဘူးသည့် ကွယ်လွန်သူ ဖရက်ဒရစ်၏ ခြေသံများကိုကြားရပြီး သူ၏အပြစ်တင်ကြိမ်းမောင်းသံများလည်း ဆက်တိုက်ပေါ်ထွက်လာသည်ဟု ဆိုသည်။

နောင်နှစ်ပေါင်းများစွာ ကြာသောအခါတွင်မှ မီးပြတိုက် အမြင့်ပေါ်မှ ခြေသံကြားရခြင်း မကြားရခြင်းကို အငြင်းပွားလာကြသည်။

အဆိုပါ မီးပြတိုက်သည် အောက်ခြေမှ အမြင့်ဆုံးအထပ်ထိရောက်အောင် ပတ်ရစ်တက်ရသည့် ကြောင်လိမ်လှေကားတွင် လှေကားထစ်ပေါင်း (၁၂၉) ထစ်ရှိပေသည်။

➤ (၄)ပွိုင့်(ထ)ဆာ မီးပြတိုက် (Point Sur Lightstation) သည် ကာလီဖိုးနီးယားတွင် တည်ရှိသည်။ ၎င်းကို ဘစ်ဆာ (Big Sur) ဟုလည်းခေါ်သည်။

ထိုနေရာသည် သာယာလှပလွန်းသဖြင့် အလည်တစ်ခေါက်ရောက်မိသူများသည် ထပ်ကျော့၍ ပြန်လာတတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

လေ့လာရေးလာရောက်သည့် ဧည့်သည်များဌာနတွင်မူ (၁၉)ရာစုနှစ်က ထိုမီးပြတိုက်အစောင့် ယူနီဖောင်းဝတ်စုံဝတ်ဆင်ထားသည့် လူကြီးလူကောင်းဆန်ဆန် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက လာရောက်လေ့လာသည့် ဧည့်သည်များကို ရှင်းလင်းပြောပြနေသည်ကို တွေ့မြင်ရနိုင်ပေသည်။

ပွိုင့်ဆာ မီးပြတိုက်၏ ရေကြောင်းထိန်းသိမ်းရေး ရေဒီယိုအချက်ပြ အသံလွှင့်စက်နှင့် အန္တရာယ်ရှိကြောင်း အချက်ပြမီးပြသံမှုသည် (၁၈၈၉)ကတည်းက ဘစ်ဆာဗေးရိယာတွင် အံ့ဩစရာငေးကြည့်ရလောက်သော မြင်ကွင်းဆန်းကြယ်တစ်ရပ်အဖြစ် ရှိခဲ့သည်။ ၄င်းမှာ ကမ်းစပ်ရှိ ထုထည်ကြီးမားလှသော မီးတောင်ကဲ့သို့ ကျောက်ဆောင်ကြီး၏ ထိပ်တွင်ထားရှိခြင်းဖြစ်သည်။

ထိုဒေသသို့ တစ်နှစ်ပတ်လုံးလာရောက် လေ့လာနိုင်ရန် စနေ၊ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနေ့များတွင် မီးပြတိုက်ကို ဖွင့်လှစ်ပေးထားသည်။ ဧယားစဉ်ဆွဲ၍ လေ့လာရေးခရီးအဖြစ် လာရောက်သူများရှိသကဲ့သို့ တစ္ဆေခြောက်လှန့်သည့် ပတ်ဝန်းကျင်၏ ခံစားချက်ကို အပြည့်အဝခံစားလိုသူများသည် လရောင်ဆမ်းသော ညပိုင်းလေ့လာရေး ခရီးများကိုသာ နှစ်ခြိုက်ကြပေသည်။

➤ ၅။ ဘစ်ဘေးပွိုင့်(ထ)မီးပြတိုက် (Big Bay Point Lighthouse) သည် မစ်ချီဂန် (Michigan)၊ ဘစ်ဘေး (Big Bay)တွင်





တည်ရှိသည်။

မစ်ချီဂန်၏ မြောက်ပိုင်းကမ်းခြေရှိ ပင်နီဆူလာအထက်ပိုင်းရှိ ဘစ်ဘေးမီးပြတိုက်၏ တာဝန်ရှိသူ၊ မီးပြတိုက်စောင့်အဖြစ် တာဝန်ပေးအပ်ထားခြင်းခံရသူ ဝီလျံပရိုင်ယာ (William Prior) သည် (၁၈၉၆)တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

နောက်ဆုံးတွင်မူ သူသည် သူ၏ တာဝန်များကို စွန့်လွှတ်ခဲ့သည်။

စူပီးရီးယားရေအိုင် (Lake Superior)မှ ခြေလှမ်း (၆၀) ခန့် လမ်းလျှောက်သွားပါက ဘစ်ဘေးပွိုင့်(ထ)မီးပြတိုက်ကို ရောက်နိုင်ပါသည်။

အဆိုပါမီးပြတိုက်တွင် ကျန်းမာရေးနှင့်အလှအပ ဝန်ဆောင်မှု၊ အနွေးဓာတ်ရရန် မီးဖိုများပါဝင်သော နနက်စာစားခန်း၊ စိတ်ကူးယဉ်ချစ်စရာကောင်းသော အိပ်ခန်းတို့ကိုပါ အကျအန ပြင်ဆင်ပေးထားပေသည်။

လွန်ခဲ့သည့် (၁၀၅)နှစ်ခန့်က သေဆုံးခဲ့သည့် ထိုမီးပြတိုက်စောင့် ဝီလျံပရိုင်ယာသည် ယခုထက်တိုင် မီးပြတိုက်လုပ်ငန်းခွင် ကူညီဆောင်ရွက်လျက်ရှိနေဆဲဖြစ်သည်။

တည်းခိုရိပ်သာအဖြစ် ပြောင်းလဲထားသည့် အချိန်တိုင်အောင် အဆက်မပြတ်လာရောက်ကူညီနေသော ဝီလျံပရိုင်ယာကို တည်းခိုခန်းပိုင်ရှင် လင်ဒေါဂမ်ဘဲ (Linda Gamble)က သူ့ကို စိတ်ဆိုးမာန်ဆိုးဖြင့် "ထွက်သွား" ဟု နှင်ထုတ်ခဲ့သည်။

တည်းခိုခန်းပိုင်ရှင် စိတ်ဆိုးသွားရသည့်အကြောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝီလျံပရိုင်ယာ တစ္ဆေဝိညာဉ်သည် မီးဖိုချောင်းအခန်း၏ တံခါးများကို တွန်းဖွင့်လိုက်၊ တွန်းဝင်လိုက်လုပ်နေသဖြင့် တစ်ညတွင် သူမအိပ်၍မရအောင် အနှောင့်အယှက်ဖြစ်ရသောကြောင့် နှင်ထုတ်ပစ်ခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်မှာ လွန်ခဲ့သည့်နှစ်အနည်းငယ်က ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်ဆန်းတစ်ခုပေတည်း။

ထိုစဉ်ကာလက အဆိုပါမီးပြတိုက်တွင် ဝီလျံပရိုင်ယာသာမက အခြားတစ္ဆေဝိညာဉ် ငါးဦးခန့်လည်း အမြဲနှောင့်ယှက်မှုပြုတတ်ပေသည်။

သို့ဖြစ်၍ တစ္ဆေခြောက်လှန့်မှုကို လက်တွေ့သိလိုသူများသည် သွားရောက်လေ့လာနိုင်ပေသည်။

➤ ၆။ စိန့်ဩဂတ်စတင်းမီးပြတိုက် (St. Augustine Lighthouse)သည် ဖလော်ရီဒါ ( Florida )နယ်၊ စိန့်ဩဂတ်စတင်းတွင်တည်ရှိသည်။

(၁၅၆၅) တွင် ထိုမြို့ကို စတည်ချိန်မှာပင် ပင်လယ်အော်ကိုဖြတ်သန်း၍ မောင်းနှင်ကြသည့် သင်္ဘောများကိုလမ်းပြရန် ထိုမီးပြတိုက်ကို ဆောက်လုပ်ခဲ့ကြသည်။

စိန့်ဩဂတ်စတင်းမြို့သည် ယူနိုက်တက်စတိတ်တွင် ရှေးအကျဆုံးမြို့ဖြစ်ပြီး ထိုမြို့တွင်းတွင် တစ္ဆေခြောက်လှန့်သကဲ့သို့ ထိုမီးပြတိုက်တွင်လည်း တစ္ဆေမျိုးစုံ ခြောက်လှန့်ခဲ့ကြသည်ဟု လူအများကဆိုကြသည်။





လူအများအခါင့်ဆင့် ပြောဆိုခဲ့ကြသည် တစ္ဆေဇာတ်ကြောင်းမှာ ထိုမီးပြတိုက်၏ အစောင့် အိပ်(ချ)ပီတီ (H.Pittee)၏ သမီးငယ်နှစ်ဦးသည် ထိုမီးပြတိုက်ဝန်းကျင်တွင် ရေနစ်သေဆုံးခဲ့ကြသည်။

အဆိုပါကလေးမလေးနှစ်ဦး၏ တစ္ဆေပုံရိပ်များကို မီးပြတိုက်စကြံတစ်လျှောက်တွင် မကြာခဏတွေ့မြင်နိုင်သည်။

အချို့လူများကမူ ထိုမီးပြတိုက်၏ လှေကားထစ်ပေါ်တွင် အမျိုးသမီးတစ်ဦးကိုလည်းကောင်း၊ မီးပြတိုက်၏ အပြင်ဘက် မြေပြင်တွင် လမ်းလျှောက်နေသည့် အမျိုးသမီးတစ်ဦးကိုလည်းကောင်း တွေ့မြင်ခဲ့ကြရကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

အခြားတစ္ဆေဇာတ်လမ်းတစ်ခုမှာမူ ထိုမီးပြတိုက်၏ အိမ်အောက်ထပ်ဝန်းကျင်တွင် လမ်းလျှောက်နေသောလူကြီးလူကောင်းတစ်ဦးကို တွေ့မြင်ခဲ့ရသည်ဟု ပြောသူများလည်းရှိသည်။

စိန့်ဩဂတ်စတင်းမီးပြတိုက်ကို တယ်လီဗီရှင်းရိုက်ပြသည့် တစ္ဆေရှာဖွေသူများ ဇာတ်လမ်းကိုကြည့်ရှုသူများက တစ္ဆေများ ထိုနေရာတွင် အမှန်တကယ်ရှိသည်ဟု ဆိုကြသည်။

ထိုရုပ်ရှင်ကားကိုကြည့်နေစဉ်မှာ အဆိုပါမီးပြတိုက်၏ အပေါ်ဘက်မှ တစ္ဆေများ၏ လှုပ်ရှားသံများကို အကြိမ်များစွာကြားနေခဲ့ရသည်။ ထိုအသံများတွင် အမျိုးသမီးတစ်ဦး၏ 'ကျွန်မကို ကယ်ကြပါ' ဟု ထပ်ခါထပ်ခါ အော်နေသံကိုပါ သိသာ



www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့ကြရသည်။

ထိုမီးပြတိုက်တွင်းတွင် အမျိုးသမီးတစ်ဦးသည် လှေကားထစ်ကို ခပ်မြန်မြန်ပြေးတက်သွားပြီးနောက် လှေကားထိပ်ရောက်သောအခါ ရိုက်ကူးနေသည့် ကင်မရာကို ငုံ့ကြည့်နေသည်ကို တွေ့မြင်လိုက်ရသူများလည်းရှိသည်။

အဆိုပါ မီးပြတိုက်အထဲတွင် ဆေးလိပ်သောက်နေသူတစ်ဦးကို မြင်တွေ့ရသူများလည်းရှိကြသည်။

ဧည့်လမ်းညွှန်(၂)ဦးသည် မီးပြတိုက်၏ လှေကားများကို တစ်စုံတစ်ယောက်တက်နေသံကြား၍ ရှာဖွေကြည့်သောအခါ လှေကားထစ်ပေါ်မှ ခြေရာများမှ မှိန်ဖျော့သွားပြီး မီးပြတိုက် လှေကားထိပ်ပိုင်းတွင် မည်သူ့ကိုမျှ မတွေ့ခဲ့ရပေ။

ထိုမီးပြတိုက်တွင် နောက်ပြောင်ကျီစားတတ်သော မိန်းကလေးငယ်တစ်ဦး၏ ဝိညာဉ်တစ္ဆေကို မီးပြတိုက်စောင့်၏ အခန်းတွင် တွေ့မြင်ခဲ့ရသူများရှိသည်။

မီးပြတိုက်၏အောက်ထပ်တွင် အရပ်ရှည်ရှည်လူတစ်ဦး၏ ဝိညာဉ်တစ္ဆေကိုတွေ့မြင်ရသည်။

လက်ဆောင်အရောင်းဆိုင်တွင် ပုဏ္ဏကတိုက်သကဲ့သို့ ပစ္စည်းများ၊ လွင့်ပျံသွားအောင် မွှေနှောက်ခဲ့ကြသည့် တစ္ဆေများကိုလည်း တွေ့ခဲ့ရသည်။

စိန့်သြဂတ်စတင်း မီးပြတိုက်နှင့် ပြတိုက်သည် လာရောက်လေ့လာသူများ ထင်မြင်မှန်းဆကောက်ချက်ချပြောဆိုကြသကဲ့သို့ တစ္ဆေခြောက်ခြင်းများကို အကျယ်မချဲ့ကြပါ။ သို့





သော် ထိုမီးပြတိုက်၏ သမိုင်းကြောင်းကိုမူ သိရှိကြသည်သာဖြစ်ပါသည်။

အဆိုပါ မီးပြတိုက်ပေါ်တွင် သေဆုံးကြသူ စုစုပေါင်းလူ (၇)ဦးခန့်ရှိခဲ့ကြောင်းလည်း သမိုင်းကြောင်းအချက်အလက်အရ သိရှိရပေသည်။

➤ ၇။ ဘက်ထရီပွိုင့် မီးပြတိုက် (Battery Point lighthouse)သည် ကာလီဖိုးနီးယား (California)နယ်၊ ကရက်ဆင့်မြို့တော် (Crescent City)တွင် တည်ရှိသည်။

ထိုမီးပြတိုက်သည် ပင်နီဆူလာ (peninsula) ပေါ်ရှိ မြို့တစ်မြို့အနီးတွင် ဆောက်ထားသည်။

ကျွန်းလေးပေါ်တွင် တည်ရှိသဖြင့် ပင်လယ်ဒီရေတက်လာလျှင်လည်း သောကဖြစ်စရာမလိုပေ။

ထိုမီးပြတိုက်တွင် မှီခိုနေသည့် တစ္ဆေသည် ထိုနေရာ၌ နေထိုင်ရသည်ကို လုံခြုံစိတ်ချမှု ရှိပုံရသည်။

(၁၉၆၄)တွင် ကရက်ဆင့်မြို့တော်ကို မုန်တိုင်းကြီးဝင်တိုက်၍ ပင်လယ်ဒီရေများ တက်လာသောအခါ ခိုင်ခန့်ကြီးမားသည့် အဆိုပါမီးပြတိုက်သည် အန္တရာယ်ကင်းလွတ်ခဲ့သည်။

သို့ဖြစ်၍ အဆိုပါမီးပြတိုက်တွင် လုံခြုံစိတ်ချစွာ မှီခိုနေထိုင်သည့် တစ္ဆေသည် လှုပ်လှုပ်ရှားရှား ကစားတတ်ခြင်း၊ လှုပ်၍စီးနိုင်သည့် ကုလားထိုင်ပေါ်သို့တက်ကာ တလှုပ်လှုပ်ဖြင့် စီးနေခြင်း၊ မီးပြတိုက်အစောင့်၏ အခန်းသို့ ညလယ်ပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ကာ အိပ်ခန်းစီးဖိနပ်များကို နေရာရွှေ့ပြောင်းထား ခြင်းများကို ပြုမူခဲ့သည်။

ထိုတစ္ဆေ မီးပြတိုက်အတွင်းသို့ ဝင်ရောက်လာပါက မီးပြတိုက်အစောင့် မွေးထားသည့် ကြောင်များက ချက်ချင်း သတိပြုမိကာ အနံ့ခံခြင်း၊ မာန်ဖီခြင်း၊ ပြေးပြေးလွှားလွှား လိုက် ကုတ်ခြင်းတို့ ပြုတတ်သည်။

အဆိုပါမီးပြတိုက်ကို နှစ်စဉ် ဧပြီလမှ စက်တင်ဘာလ အထိ ဗုဒ္ဓဟူးနေ့မှ တနင်္ဂနွေနေ့အထိ ဖွင့်လှစ်ထားသည်။

ဖွင့်လှစ်ခြင်းမပြုသည့် အချိန်ကာလများတွင်မူ မီးပြ တိုက်ကို လာရောက်လေ့လာသူတို့သည် အောက်ခြေမြေပြင် တွင် လှည့်ပတ်သွားရုံမျှသာ ပြုလုပ်နိုင်ပေသည်။

တစ္ဆေခြောက်သည့် ထိုမီးပြတိုက်သို့ ဖွင့်သည့်ကာလ များတွင် လာရောက်လေ့လာနိုင်သည်။

➤ ၈။ ဟေစီတာဟက်(ထ) မီးပြတိုက် (Heceta Head Lighthouse)သည် အိုရီဂွန် (Oregon) ယာချတ် (Yachats) တွင် တည်ရှိသည်။

ထိုမီးပြတိုက်တွင် နေထိုင်ခြောက်လှန့်နေသည့် တစ္ဆေ ဝိညာဉ်၏အမည်မှာ ရူး (Rue) ဖြစ်သည်။

ရူးတစ္ဆေသည် အပြောင်းအလဲများကို မနှစ်သက်ပေ။

မီးပြတိုက်အစောင့်၏အိမ်တွင် အလုပ်လုပ်နေခဲ့စဉ်က မီးအချက်ပေးခြင်းနှင့် အလှည့်သင့်ရာပစ္စည်းများ ရွှေ့ပြောင်း





ခြင်းကြောင့် သူမက အပြစ်တင်ခဲ့သည်။

ထိုမီးပြတိုက်အစောင့်၏အိမ်သည် ယခုအခါတွင် တည်းခိုနိုင်သောအိမ်ရာနှင့် နံက်စာစားနိုင်သော တည်းခိုရိပ်သာ ဖြစ်နေပြီ။

မီးခိုးရောင်ဝတ်စုံနှင့် အမျိုးသမီးတစ္ဆေသည် အလုပ် တာဝန်ထမ်းဆောင်ရန်အတွက် မကြာမကြာ ပေါ်ပေါက်လာ တတ်သည်။

သူမကို ကြည့်ရသည်မှာ အမြင့်ဆုံးအထပ်တွင် လုပ်ငန်း ဆောင်ရွက်နေကြသူများထဲမှ တစ်ဦးဖြစ်သည်ဟု ခံယူထားပုံ ရသည်။

အလုပ်သမားတစ်ဦးသည် ထိုတစ္ဆေမနှင့် ကြုံတွေ့လိုက် ရသည့်အခါ သူ့ကို ရိုင်းရိုင်းပျပျ ပြောဆိုဆက်ဆံတတ်သည်ဖြစ် ၍ နောက်ထပ်မကြုံတွေ့လိုတော့ပေ။

သူသည် ထိုအဆောက်အအုံ၏ ပြတင်းပေါက်မှန်များ ကို အပြင်ဘက်မှ သန့်ရှင်းရေးလုပ်နေစဉ်တွင် မှန်ချပ်များလွတ် ကျ၍ ကွဲသွားသည်။

ထိုကျကွဲသွားသော မှန်ချပ်များကို သန့်ရှင်းရေးလုပ်၍ ဖယ်ရှားပစ်ရန်ပင် အခန်းထဲသို့ ပြန်ဝင်ရန် ထိုအလုပ်သမားက ငြင်းဆိုခဲ့သည်။

"အဲဒီတစ္ဆေမနဲ့တွေ့ရပြီး နစ်နစ်နာနာ အပြောအဆိုခံ ရမှာစိုးလို့ အခန်းထဲမဝင်တော့ဘူး"

ပြောပြောဆိုဆိုပင် ထိုအလုပ်သမားက မှန်ချပ်ကွဲများ



www.burmeseclassic.com

www.burmeseclassic.com



ကို မသိမ်းပဲ ထွက်သွားခဲ့သည်။

များမကြာမီ အခြားအလုပ်သမားတစ်ဦးက ထိုနေရာသို့သွားရောက်၍ ရှင်းလင်းမည်ပြုသောအခါ မှန်ကွဲချပ်များမှာ စီစီရီရီနှင့် ထပ်ထားပြီး ထိုနေရာကို ရှင်းလင်းထားပြီးဖြစ်ကြောင်း တွေ့ရှိကာ အံ့အားသင့်ခဲ့ရလေသည်။

အလုပ်တာဝန်ကို သိလွန်းသည့် ထိုတစ္ဆေမသည် မှန်ကွဲစများကို သိမ်းဆည်းသွားပြန်ပေပြီ။

ထိုကဲ့သို့ စိတ်ဝင်တစားများရှိသော ပေစီတာဟက်(ထ) မီးပြတိုက်သို့သွားရောက်လေ့လာနိုင်ပါသည်။

➤ ၉။ ပွိုင့်လွတ်(ခ)အောက် မီးပြတိုက် (Point Lookout Lighthouse) သည် မေရီလင်းနယ်၊ စကော့တလန်တွင် တည်ရှိသည်။

သဘာဝလွန် ဖြစ်ရပ်ဆန်းများကို လေ့လာသူ အဖိစီရှုန်ဒို(စ) (Aficionados) ကမူ ထိုမီးပြတိုက်သည် အမေရိကတိုက်တွင် တစ္ဆေအခြောက်ဆုံးဖြစ်သည်ဟု ယူဆသည်။

အဆိုပါ မီးပြတိုက်တွင် ခြောက်လှန့်ကြသော တစ္ဆေနှင့် တစ္ဆေမများသည် ပေါ်လာလိုက်၊ ပျောက်သွားလိုက်နှင့် ဖြစ်နေကြပြီး လုံးဝပပျောက်သွားခြင်းမျိုးမရှိပေ။

ထိုမီးပြတိုက်သို့လာရောက် လေ့လာကြသူများသည် အသံမျိုးစုံကြားရခြင်း၊ ခြေသံများကြားရခြင်း၊ အိပ်ပျော်နေစဉ် ဟောက်သည့် ဟောက်သံများကို ကြားကြရလေသည်။ အသံ





များကြားသည့်နေရာများသို့ သွားရောက်ရှာဖွေကြည့်သောအခါတွင်မူ မည်သူ့ကိုမျှ မတွေ့ရပေ။

မီးပြတိုက်တွင် မီးထွန်းမထားပါက အလွန်အထီးကျန်လေသည်။

စစ်အတွင်းကာလကမူ စစ်သားများအတွက် ဆေးရုံအဖြစ်လည်းကောင်း၊ အကျဉ်းစခန်းအဖြစ်လည်းကောင်း အသုံးပြုခဲ့သည်။

ယခုအခါ မီးမလင်းတော့သော မီးပြတိုက်သည် အမျိုးမျိုးသော အမှတ်တရများကို အမွေချန်ထားရစ်ပေသည်။ ယနေ့ခေတ်တွင်မူ လှပသာယာသော ပန်းခြံကိုပါ တွေ့မြင်ခံစားနိုင်ပေပြီ။

➤ ၁၀။ ဝှိုက်ရစ်ဗားမီးပြတိုက် (White River Light Station)သည် မစ်ချီဂန် (Michigan) ဒေသ၊ ဝှိုက်ဟော (White hall)တွင် တည်ရှိသည်။

ထိုမီးပြတိုက်တွင် တစ္ဆေတစ်ဦးသည် ဖုတ်ခါခြင်း၊ ဖုန်ခါခြင်း၊ အမှိုက်ခါခြင်းများကို ကူညီလုပ်ကိုင်ပေးနေသည့် တစ္ဆေတစ်ကောင်ရှိသည်။

အဆိုပါ မီးပြတိုက်သည် (၁၉၆၀)တွင် မူလမီးပြတိုက်လုပ်ငန်းကို ရပ်ဆိုင်းခဲ့သည်။ ပြတိုက်အဖြစ် လူထုလေ့လာကြည့်ရှုနိုင်အောင် ဆောင်ရွက်ထားလေသည်။

ထုံးကျောက်မီးပြမျှော်စင်နှင့် အစောင့်များနေအိမ်များ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံအစားထိုးတည်ဆောက်ထားသည်။

မူလမီးပြတိုက်၏ ပထမဦးဆုံး အစောင့်ဖြစ်သော ကပ္ပတိန်ဝီလျံရှိဘင်ဆင် (Captain William Robinson) သည် (၄၇)နှစ်ကြာ အမှုတာဝန်ထမ်းပြီးနောက်. . ထိုမီးပြတိုက် အဆောက်အအုံမှာပင် သေဆုံးခဲ့သည်။

လှေလာသူအချို့ကမူ မီးပြတိုက်လှေကား၏ အပေါ်ထပ်တွင် ထူးခြားဆန်းကြယ်သည့် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသံကို ကြားရခြင်းဖြင့် ကွယ်လွန်သွားသည့် မီးပြတိုက်အစောင့်သည် အဆိုပါမီးပြတိုက်ကို တွယ်တွယ်တာတာနှင့် ဆက်လက် တာဝန်ယူစောင့်ရှောက်နေသည်ဟု ယူဆကြသည်။

မရှေးမနှောင်းမှာပင် ဖွင့်လှစ်ထားသည့် ပြတိုက်ကြီးကြပ်အုပ်ချုပ်သူ အမျိုးသမီး၏ အစီရင်ခံစာတွင် ထူးခြားဖြစ်စဉ်တစ်မျိုးတွေ့ရသည်။

သူမသည် ဖုန်သုတ်ဝတ်ကို သုတ်မည့်နေရာအနီးတွင် ချထားခဲ့ပြီး တစ်နေရာသို့ ရောက်နေပါက မကြာမီ သူမ ထိုနေရာသို့ ပြန်ရောက်လာလျှင် ဖုန်သုတ်အဝတ်မှာ နေရာရွှေ့နေပြီး ဖုန်သုတ်စရာရှိသော ပစ္စည်းများ ဖုန်သုတ်ပြီးဖြစ်နေသည်က ထူးဆန်းလှသည်။

၄င်းမှာ ကပ္ပတိန် ဝီလျံသေဆုံးသွားပြီးနောက် မရှေးမနှောင်းတွင် သေဆုံးသွားသည့် ဇနီး ဆာရာ (Sarah)၏ တစ္ဆေဝိညာဉ်ဖြစ်သည်။

ထိုသို့တစ္ဆေခြောက်လှန့်မှုများရှိသော ပြတိုက်ကို ဖွင့်လ





မှ အောက်တိုဘာလအထိ ဖွင့်လှစ်ထားသဖြင့် စိတ်ဝင်စားသူများ သွားရောက်လေ့လာနိုင်ပေသည်။

အထက်ပါဖော်ပြပေးခဲ့သော မီးပြတိုက်များမှာ ကမ္ဘာပေါ်တွင် တစ္ဆေသရဲ ခြောက်လှန့်မှု အများဆုံးနေရာများထဲမှ အချို့ကို ရေးသားဖော်ပြပေးခြင်းဖြစ်ပါသည်။

ကျွန်တော် စာဖတ်ပရိသတ်များ ဗဟုသုတရရှိစေရန် အတွက် ကြိုးစားရှာဖွေပြီး ဖော်ပြပေးခြင်းသာဖြစ်ပါသည်။

ရှေ့အခန်းများမှာတော့ မြန်မာနိုင်ငံမှ မီးပြတိုက်များ အကြောင်းနှင့် ထိုမီးပြတိုက်များထဲမှ အချို့နေရာများမှ ထူးဆန်းအံ့ဩဖွယ်ရာကောင်းသော အကြောင်းအရာများကို ဆက်လက် ရေးသားပါမည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

# ပင်လယ်ထဲမှတက်လာသောသတ္တဝါ

နေဝင်သွားခဲ့ပေပြီ. . .။

အနောက်ဘက် ပင်လယ်ရေပြင်အောက်သို့ နေလုံးကြီးက တရွေ့ရွေ့နှင့် တိုးဝင်သွားခဲ့ပေပြီ။

နွေရာသီကဲ့သို့ ရာသီဥတုသာယာသော အချိန်များတွင် ယခုလို နေဝင်သွားချိန်တွင် လှပသော ဆည်းဆာရောင်များ ချန်ထားခဲ့သော်လည်း ယခုလိုရာသီဥတုဆိုးဝါးနေသော အချိန်တွင် မမြင်ရပေ၊



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ (၁၉၄၅) ခုနှစ် မေလ ဖြစ်သည်။

နေရာမှာ နာဂရေ့အငူအနီး၌ရှိသော ကျွန်းတစ်ကျွန်း ပေါ်၌ ဖြစ်သည်။

ထိုကျွန်းပေါ်မှာ ဗြိတိသျှအစိုးရက မီးပြတိုက်တစ်လုံး ဆောက်ထားကြသည်။

ထိုမီးပြတိုက်မှာ သမီးလှကျွန်းပေါ်မှာ တည်ဆောက်ထားသဖြင့် "သမီးလှကျွန်းမီးပြတိုက်" ဟုပင် အမည်ပေးထားသည်။

သမီးလှကျွန်းကို အချို့က မိန်းမလှကျွန်းနှင့် အမှတ်မှားကြလေသည်။

နာမည်နှင့်အဓိပ္ပါယ်တူသောကြောင့် အတူတူပင် ဖြစ်မည်ဟု ထင်မှတ်ကြခြင်းဖြစ်သည်။

တကယ်တော့ သမီးလှကျွန်းနှင့် မိန်းမလှကျွန်းမှာ တစ်နေရာစီပင်ဖြစ်သည်။

မိန်းမလှကျွန်းက ဘိုကလေးမြစ်နှင့် ဖောင်ဝင်မြစ်တို့ တွေ့ဆုံရာ အရှေ့ဘက်တွင်ရှိပြီး သမီးလှကျွန်းက နာဂရေ့အငူအနီး အနောက်ဘက်တွင် တည်ရှိလေသည်။

၎င်းမီးပြတိုက်ရှိသောနေရာမှာ ပုသိမ်မြစ်ဝနှင့် နီးသောနေရာ၌ရှိလေသည်။

သမီးလှကျွန်းမီးပြတိုက်ကို အင်္ဂလိပ်တို့က (၁၉၀၀)ပြည့်နှစ်လောက်တွင် တည်ဆောက်ခဲ့သည်ဟု ဒေသခံများက အမှတ်အသားရှိကြသော်လည်း တိတိကျကျမှတ်တမ်းမျိုးတော့ မရှိပေ။





အင်္ဂလိပ်တို့က ထိုမီးပြတိုက်ကို (Diamond Island)ဟု ခေါ်ဝေါ်ကြသည်။

အချို့ကလည်း (Thamhihla Kyun Light house)ဟု ခေါ်ဝေါ်ကြသည်။

ဒေသခံများကတော့ သမီးလှကျွန်းပေါ်မှာ တည်ထားသောကြောင့် သမီးလှကျွန်း မီးပြတိုက်ဟုပင် ခေါ်ဝေါ်ကြလေသည်။

မီးပြတိုက်မှာ အမြင့်ပေ (၇၉)ပေမြင့်ပြီး အဖြူနှင့် အနီရောင်ဆေးရောင်များ သုတ်ထားသည်။

နာဂရေ့အငူအနီး သမီးလှကျွန်းပေါ်မှာ တည်ဆောက်ထားသောကြောင့် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တစ်ဝိုက် ကူးသန်းသွားလာနေကြသော သင်္ဘောများ အတွက်ကတော့ အားကိုးအားထားပြုရသော မီးပြတိုက်တစ်ခုလည်းဖြစ်သည်။

ရှေးအခါက အိန္ဒိယနှင့် အင်ဒိုချိုင်းနား၊ မလေးရှားစသောကျွန်းစုများသို့ ကူးသန်းသွားလာကြသော သင်္ဘောများ ရွက်လှေများရှိကြသည်။

ကျွန်အရောင်းအဝယ်၊ ကုန်အရောင်းအဝယ် သွားကြသော သင်္ဘောများဖြစ်သည်။

ရှေးကတော့ အိန္ဒိယသို့ သွားလာလိုလျှင်သော်လည်းကောင်း၊ အင်ဒိုချိုင်းနား၊ မလေးရှားကျွန်းစုများသို့ သွားလာလိုလျှင် ထိုသင်္ဘောများနှင့်ပင် လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့အခါက ရွက်လှေကြီးများဖြင့် ခရီးသွားကြရပြီး . နောက်ပိုင်းအချိန်ရောက်လာတော့မှ ခေတ်မီသော သင်္ဘောကြီးများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ရှေးအခါက အိန္ဒိယမှ မလေးကျွန်းဆွယ်သို့ တိုက်ရိုက်သွားသောသင်္ဘောများ ရှိကြသည်။

ထိုအချိန်က ပင်လယ်ခရီးသွားများမှာ ခေတ်မီတိုးတက်သော သင်္ဘောကြီးများဖြင့် သွားလာကြရသည်မဟုတ်ပဲ ရွက်သင်္ဘောများ၊ စက်တပ်သင်္ဘောများဖြင့် ခရီးသွားကြရသောကြောင့် ကမ်းခြေနှင့်ဝေးသောနေရာများမှ မသွားလာဝံ့ကြပေ။

ကမ်းခြေနှင့် မနီးမဝေးနေရာများမှသာ ရာသီဥတုအခြေအနေကြည့်ပြီး သွားလာကြရသည်။

ကမ်းခြေနှင့် နီးသောနေရာများမှ သွားရသောကြောင့် ကျောက်ဆောင်ကျောက်တန်းများနှင့် တိုက်ခိုက်မိပြီး မကြာခဏနစ်မြုပ်ပျက်စီးကြရသည်။

ထို့ကြောင့် ကျောက်ဆောင်ထူထပ်သော ကမ်းခြေနေရာများတွင် မီးပြတိုက်များ တည်ဆောက်အသုံးပြုခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ တောင်ဘက်စွန်း၌ရှိသော နာဂရေ့အငူမှာ ကျောက်ဆောင်ကျောက်တန်း အလွန်ပေါများသော နေရာဖြစ်သည်။

အိန္ဒိယနှင့် မလေးကျွန်းစုများသို့ ကူးသန်းသွားလာနေကြသည့် သင်္ဘောများမှာ ထိုနေရာမှ မလွဲမသွေ ဖြတ်သန်းသွား





လာကြရလေသည်။

ထိုသို့သွားတိုင်း၊ မကြာခဏဆိုသလို ကျောက်ဆောင်ကျောက်တန်းများနှင့် တိုက်ခိုက်မိပြီး လှေနှင့်သင်္ဘောများ မကြာခဏနစ်မြုပ်ပျက်စီးကြရလေသည်။

ထို့ကြောင့် အင်္ဂလိပ်အစိုးရက ထိုနေရာတွင် မီးပြတိုက်တစ်လုံးတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လေသည်။

အငူစွန်းနှင့် မနီးမဝေးမှာရှိသော သမီးလှကျွန်းပေါ်မှာ တည်ဆောက်ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာ အစောဆုံးတည်ဆောက်ခဲ့သော မီးပြတိုက်မှာ. . ကိုကိုးကျွန်းမီးပြတိုက်ပင်ဖြစ်သည်။

အမြင့်ပေ (၁၉၄)ပေခန့်အမြင့်ရှိပြီး ခရစ်နှစ် (၁၈၆၇) ခုနှစ်တွင် တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

သမီးလှကျွန်းမီးပြတိုက်မှာ ကိုကိုးကျွန်းမီးပြတိုက်နောက်ပိုင်းမှ တည်ဆောက်ခဲ့ခြင်းဖြစ်သော်လည်း. , ပင်လယ်ကမ်းရိုးတန်းသွား သင်္ဘောများအတွက်တော့ အားကိုးအားထားပြုရာနေရာတစ်ခု ဖြစ်ခဲ့လေသည်။

သို့သော် မီးပြတိုက်မှာ တာဝန်ယူ စောင့်ကြသူများအတွက်ကတော့ အန္တရာယ်များသော နေရာတစ်ခုဖြစ်သည်။

ကမ်းခြေနှင့် မနီးမဝေးကျွန်းပေါ်မှာ တည်ရှိသဖြင့် ပင်လယ်ထဲမှ တက်လာသော လှိုင်းဒဏ်များ၊ မုန်တိုင်းဒဏ်များကိုခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က သေဆုံးသွားခဲ့သော မီးပြတိုက်အစောင့်တို့၏ ဝိညာဉ်များက မကျွတ်မလွတ်သဖြင့် ခြောက်လှန့်ခံရသည်လည်း ရှိသည်။

ထို့ပြင် ပင်လယ်ထဲမှတက်လာသော ရေသတ္တဝါကြီးတို့၏ နှောင့်ယှက်ဖျက်ဆီးမှုကိုလည်း မကြာခဏ ခံကြရသည်။

ထို့ကြောင့် မီးပြတိုက်မှာ လာရောက်လုပ်ကိုင်သူတို့မှာ ကြာရှည်မနေနိုင်ကြပေ။

သေလျှင်သေ၊ မသေလျှင် ထွက်ပြေးကြရသည်။

ယခုနောက်ဆုံး တာဝန်ကျသူနှစ်ယောက်တို့မှာ လှမောင်နှင့် ကျော်လှတို့ဖြစ်သည်။

သူတို့သည် ငပုတောနယ်ဘက်မှဖြစ်သဖြင့် အခြားလုပ်ငန်းများ အဆင်မပြေကြသဖြင့် မီးပြတိုက်အစောင့်တာဝန်ကို ဝင်ရောက်လုပ်ကိုင်ကြခြင်းဖြစ်သည်။

ရှေးအခါက မီးပြတိုက်များမှာ အသုံးပြုသော မီးရောင်မှာ ကျောက်မီးသွေး မီးရောင်ကိုသော်လည်းကောင်း ရေနံဆီသုံး မီးအိမ်ကြီးများကိုသော်လည်းကောင်း အသုံးပြုကြရာ မီးပြတိုက်အစောင့်များက မီးရောင်မပြတ်ရစေရန် တာဝန်ယူလုပ်ပေးကြရသည်။

ကျောက်မီးသွေး မီးရောင်ကို အသုံးပြုလျှင် ကျောက်မီးသွေးမပြတ် ထည့်ပေးရသည်။

ရေနံဆီမီးအိမ်အသုံးပြုပါက မီးအိမ်ထဲသို့ ရေနံဆီမပြတ်စေရန် ဂရုစိုက်ထည့်ပေးရသည်။





မီးပြတိုက်မှာ တာဝန်ကျနေသူတို့မှာ ထိုတာဝန်အပြင် သင်္ဘောများလာလျှင် မီးရောင်ကို အဝေးမှမြင်နိုင်ရန် ပြပေးကြရသည်။

လှမောင်နှင့် ကျော်လှတို့နှစ်ယောက် စောင့်ရသော သမီးလှကျွန်းမီးပြတိုက်မှာ ရေနံဆီမီးအိမ်ကြီး ထွန်းထားသော ရှေးခေတ်မီးပြတိုက်တစ်လုံးပင်ဖြစ်သည်။

နေ့အချိန် အလင်းရောင်ရသောအချိန်တွင် မီးရောင်ကို ကောင်းစွာမမြင်ရပဲ ညအချိန်ရောက်လျှင်တော့ မီးရောင်ကို အတော်ဝေးဝေးမှပင် မြင်နိုင်ကြလေသည်။

နာဂရေ့အငူမှာ ကျောက်ဆောင်ကျောက်တန်း အထူထပ်ဆုံးသောနေရာဖြစ်ပြီး မီးပြတိုက်မတည်ဆောက်မီက ကမ်းရိုးတန်းတစ်လျှောက် သွားလာနေကြသော. . . လှေနှင့်သင်္ဘောများ ကျောက်ဆောင်နှင့်တိုက်မိပြီး မကြာခဏ နစ်မြုပ်ပျက်စီးသောနေရာလည်းဖြစ်သည်။

ယခု. . မီးပြတိုက်တည်ဆောက်ပြီးသောအခါမှသာ ပျက်စီးခြင်းများ အတော်နည်းသွားခြင်းဖြစ်တော့သည်။

သို့သော်လည်း မီးပြတိုက်စောင့်သူများအတွက်ကတော့ အန္တရာယ်များနှင့် တွေ့ကြရသည်။

အများအားဖြင့်တော့ ထိုနေရာမှာ သေဆုံးသွားကြသော မကျွတ်မလွတ်သေးသော ဝိညာဉ်များ၏ နှောင့်ယှက်ခြင်းကို ခံကြရသည်။

ယခုရောက်နေကြသော အစောင့်နှစ်ယောက်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုအန္တရာယ်တို့နှင့် တွေ့ကြရသည်။

သို့သော်လည်း နှစ်ယောက်စလုံးမှာ တစ္ဆေသရဲ မကြောက်တတ်သူများဖြစ်သဖြင့် အတန်ကြာအောင် နေကြလေသည်။

အင်္ဂလိပ်အစိုးရ တာဝန်ရှိသူများကလည်း လူမမြဲသော မီးပြတိုက်တွင် အချိန်အတော်ကြာအောင် နေနိုင်ကြသည့် ၎င်းတို့နှစ်ယောက်ကို လစာရိက္ခာပြည့်စုံအောင် ထောက်ပံ့ပေးထားသည့်အပြင် အပိုဆုကြေးများပါ ပေးထားကြလေသည်။

ယခုတော့ ထိုနှစ်ယောက်မှာ ဘေးအန္တရာယ်တစ်ခုနှင့် ကြုံတွေ့ကြရပေပြီ။

မေလ မိုးဦးကျရာသီတွင် သူတို့ရှိရာသို့ မမျှော်လင့်သောအန္တရာယ်က ဝင်ရောက်လာခြင်းဖြစ်သည်။

ထိုနေ့ညက မီးထွန်းရန် အလှည့်ကျသူမှာ လှမောင်ဖြစ်သည်။

မီးထွန်းရန် တာဝန်ကျသူက ရေနံဆီမီးအိမ်အတွင်းသို့ ရေနံဆီဖြည့်ခြင်း၊ မီးထွန်းခြင်း၊ လေနှင့်သဘော်များလာလျှင် မီးရောင်မြှင့်အချက်ပြခြင်း စသောတာဝန်တို့ကို လုပ်ဆောင်ရသည်။

နှစ်ယောက်ရှိသည့်အနက် တစ်ယောက်က မီးပြတိုက်တာဝန်များကို ထမ်းဆောင်နေစဉ် ကျန်တစ်ယောက်က အေးအေးဆေးဆေး အနားယူ၍ရှိသည်။ အိပ်၍ရသည်။

ရှေးအခါက မီးပြတိုက်မှာ တာဝန်ထမ်းဆောင်သူ အ





တော်များများမှာ သူတို့တာဝန်ကျသော မီးပြတိုက်သို့ ဘိန်းနှင့် ဆေးခြောက်၊ အရက် စသည်တို့ယူသွားလေ့ရှိသည်။

ထိုသို့ယူရာမှာလည်း တာဝန်ရှိသူများ မသိအောင် လျှို့ဝှက်စွာယူကြရခြင်းဖြစ်သည်။

တာဝန်ရှိသူတို့ကလည်း မီးပြတိုက် အစောင့်များမှာ ဘိန်းနှင့် ဆေးခြောက်များပါလာမှန်း ရိပ်မိသော်လည်း တင်းတင်းကြပ်ကြပ် ရှာဖွေဖမ်းဆီးခြင်းတော့မလုပ်ကြပေ။

ဆေးဖြစ်ဝါးဖြစ် သုံးစွဲရန်သဘောမျိုးဖြင့် လွှတ်ပေးလိုက်သည်မျိုးလည်းရှိသည်။

ဒါကလည်း မီးပြတိုက်စောင့်မည့်သူများ စိတ်ပျော်ရွှင်မှု စိတ်ကျေနပ်မှု ရရှိစေရန်ဖြစ်သည်။

ယခုလည်း လှမောင်တာဝန်ကျနေသော အချိန်တွင် ကျော်လှမှ ပါလာသော ဆေးခြောက်အနည်းငယ် ထည့်ထားသည့် ဆေးပတ်လိပ်ကို မီးညှိဖွာရင်း ဇိမ်ကျနေလေတော့သည်။

"အင်း. . ဒီလောက်သက်သာပြီး ဒီလောက်ကောင်းတဲ့ အလုပ်မျိုးကို မလုပ်ချင်ကြတာ မလုပ်နိုင်ကြတာ အံ့ဩပါရဲ့ကွာ၊ ငါတို့ကိုသာခိုင်းရင် တစ်သက်လုံးတောင်လုပ်ချင်ပါသေးရဲ့"

ဟုလည်း စိတ်ထဲမှတွေးနေမိသေးသည်။

ထိုနေ့ညက ဆေးခြောက်မူးမူးနှင့် အိပ်ပျော်သွားရာ နောက်တစ်နေ့ မနက်လင်းမှ ပြန်နိုးလာတော့သည်။

သူနိုးလာသောအချိန်မှာ ညဘက်တာဝန်ကျနေသော လှမောင်ကို မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုနားဒီနား သွားနေသည်ထင်သောကြောင့် လိုက်မရှာတော့ပေ။

ထမင်းစားချိန်ရောက်သည်အထိ ပြန်ရောက်မလာတော့မှ စိတ်ပူပြီး လိုက်ရှာသော်လည်း အရိပ်အယောင်မျှပင် မတွေ့ကရတော့ပေ။

"လှမောင်တစ်ယောက် ဘယ်နေရာများရောက်သွားပါလိမ့်"

ပြန်ရောက်ချိန်အထိ မရောက်လာသောအခါမှ စိတ်ပူလာတော့သည်။

ထိုနေ့ညက လှမောင်တစ်ယောက် ပြန်ရောက်မလာသဖြင့် ကျော်လှမှာ တစ်ယောက်တည်း မီးပြတိုက်မှတာဝန်များကို လုပ်ရလေတော့သည်။

ထိုနေ့ညက မိုးအုံ့နေသည်။

ပင်လယ်ပြင်မှာ လှိုင်းများကထနေသည်။

ယခုအချိန်မျိုး၊ ရာသီဥတုမျိုးတွင် ပင်လယ်ခရီးသွားလာနေကြသည့် သင်္ဘောများအတွက် . . အန္တရာယ်များလှသောကြောင့် မီးပြတိုက်တာဝန်များကို မလစ်ဟင်းအောင်ဆောင်ရွက်ရလေသည်။

သူသည် ကြောက်တတ်သူတော့ မဟုတ်ပေ။

သို့သော်လည်း နှစ်ယောက်နေရာမှ တစ်ယောက်မရှိတော့သောအခါ စိတ်ထဲမှာ အားငယ်သလိုတော့ ဖြစ်နေမိသည်။

မီးပြတိုက်ရှိရာသို့ လာရောက်ရိုက်ခတ်နေသော လှိုင်း





ပုတ်သံများကပင် စိတ်ချောက်ချားဖွယ်ရာ ဖြစ်နေတော့သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညနေပိုင်းအချိန်ကျော်သွားပြီးဖြစ်သောကြောင့် ပင်လယ်မျက်နှာပြင်ပေါ်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေလေပြီ။

ကျော်လှသည် မီးပြတိုက်အပေါ်ပိုင်းတွင် မီးအိမ်ကို ရေနံဆီဖြည့်ခြင်း၊ မီးထွန်းခြင်းကိစ္စများ လုပ်ကိုင်နေရင်းနှင့် ပင်လယ်ရေပြင်ဘက်သို့ မကြာခဏလှမ်းကြည့်နေမိသည်။

သူ့စိတ်ထဲမှာ လှမောင်တစ်ယောက် ထူးထူးဆန်းဆန်း ပျောက်သွားသည်ကို စဉ်းစားမရအောင်ဖြစ်နေသည်။

ထိုအခိုက်မှာ ပင်လယ်ရေပြင်ပေါ်သို့ ခေါင်းထောင်ထက်လာသော သတ္တဝါတစ်ကောင်၏ ဦးခေါင်းပိုင်းလိုလိုလှမ်းမြင်ရသည်။

ယခုကဲ့သို့ ရာသီဥတုဆိုးဝါးနေသောအချိန်တွင် ပင်လယ်ပြင်ပေါ်မှာ သတ္တဝါများ မကြာခဏပေါ်လာလေ့ရှိသည်။

ပင်လယ်ပြင်မှာ လှိုင်းထန်နေလျှင် သတ္တဝါကြီးများ မြူးတူးပျော်ပါးလေ့ရှိကြသည်။

ဒါက အဆန်းတကြယ်တော့ မဟုတ်ပေ။

သို့သော်လည်း ယခုတစ်ကြိမ်ကတော့ ထူးဆန်းသလိုဖြစ်နေသည်။

ရေပြင်ပေါ်မှာ ထိုးပေါ်လာသော ဦးခေါင်းပိုင်းက အတော်ကြီးသည်။

ဦးခေါင်းပိုင်းမှာ အမောက်ကဲ့သို့ အချွန်အတက်များ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

နေဂရ(နဂါးရာဇ်အငူ) အငူတစ်ဝိုက်မှာ နဂါးများနေသောနေရာဖြစ်ကြောင်း ရှေးကတည်းက ကြားဖူးပြီးဖြစ်ရာ နဂါးတစ်ကောင်များဖြစ်မလားဟု ကျော်လှစိတ်ထဲမှာ ထင်လိုက်မိသည်။

နဂါးဆိုလျှင်တော့ ကြောက်စရာကောင်းသည်။

မျက်စောင်းတစ်ချက်ထိုးရုံနှင့် ပြာကျသွားနိုင်ပေရာ သူ့အတွက် အန္တရာယ်ရှိလာနိုင်သည်။

ထိုသို့တွေးမိသဖြင့် ကျော်လှက မီးအိမ်ကို ကပျာကယာ ချိတ်ဆွဲပြီး အထဲသို့ပြန်ဆင်းလာသည်။

မီးပြတိုက်မှာ အမြင့်ပေ (၇၉)ပေ ရှိသဖြင့် အတော်မြင့်ပြီး အဝင်အထွက်ပြုလုပ်ရန် တစ်ပေါက်သာရှိသည်။

ထိုတံခါးပေါက်ကို ကျော်လှကပိတ်ထားလိုက်ပြီး အတွင်းမှ မင်းတုပ်ချထားလိုက်သည်။

မှန်ပြတင်းမှ အပြင်သို့လှမ်းကြည့်လိုက်သောအခါ ပင်လယ်ပြင်မှ ဦးခေါင်းထွက်လာသော သတ္တဝါကြီးက မီးပြတိုက်ရှိရာသို့ လာနေချေပြီ။

မှောင်နေပြီဖြစ်သောကြောင့် သဲသဲကွဲကွဲမမြင်ရသော်လည်း ဟသ်ာပြဒါးကဲ့သို့ ရဲရဲနီနေသည့် မျက်လုံးနှစ်လုံးကိုတော့ အထင်းသားတွေ့နေရသည်။

"ဘာကောင်ကြီးလဲ. . သူမီးပြတိုက်ဆီကိုလာနေပြီ ငါ ဘယ်လိုလုပ်ရမလဲ၊ မီးပြတိုက်ထဲမှာပဲ နေရမလား ဒါမှမဟုတ်





အခုအချိန်မှာ ထွက်ပြေးရရင်ကောင်းမလား"

ဟု အမျိုးမျိုးတွေးနေလေသည်။

ထိုအချိန်မှာပင် ပင်လယ်ထဲမှ တက်လာသောသတ္တဝါကြီးက မီးပြတိုက်ရှိရာသို့ ရောက်လာပြီး မြွေတစ်ကောင်ကဲ့သို့ မီးပြတိုက်တစ်ခုလုံးကို ရစ်ပတ်လေတော့သည်။

အကောင်အရွယ်အစား ဘယ်လောက်ကြီးပြီး၊ အလျားဘယ်လောက်ရှည်သည်ကိုတော့ သူမသိပေ။

(၇၉)ပေခန့် မြင့်ပြီး လုံးပတ်အရွယ်အစားလည်းကြီးသော မီးပြတိုက်တစ်ခုလုံးကို ရစ်ပတ်သွားရာ ဦးခေါင်းပိုင်းက အပေါ်ထိပ်ဆုံးသို့ပင်ရောက်ကာ ကျော်ထွက်နေသည်။

ကိုယ်လုံးအရွယ်အစားမှာလည်း ကြီးမားလှသောကြောင့် မီးပြတိုက်ပြတင်းပေါက်များအားလုံး ပိတ်ဆို့နေသည်။ ထိပ်ပိုင်းမှ တရှူးရှူး တရှဲရှဲဖြင့် နှာမှုတ်နေသော အသံကို အတိုင်းသား ကြားနေရသည်။

မီးပြတိုက်ထဲမှာ ရောက်နေသော ကျော်လှမှာတော့ အပြင်ထွက်မရပဲ ပိတ်မိနေသောကြောင့် များစွာထိတ်လန့်တုန်လှုပ်နေလေသည်။

သတ္တဝါကြီးက တစ်ညလုံး မီးပြတိုက်ကို ရစ်ပတ်ထားပြီး တစ်စုံတစ်ခုကို ရှာဖွေနေဟန်ရှိသည်။

ကိုယ်လုံးကြီးရွေ့လျားနေသည်ကို အထဲမှ မြင်နေရသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ မီးပြတိုက်ကို ရစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် အခွေများကို ပြန်ဖြေပြီး ပင်လယ်ထဲသို့ ပြန်ဆင်း သွားလေတော့သည်။

ထိုညအဖို့တော့ ကျော်လှတစ်ယောက် အပြင်ဘက်သို့ မထွက်ဝံ့တော့ပေ။





# အခန်း (၇)

# လှိုင်းများကြားမှတစ္ဆေမီးရောင်များ

ကျော်လှတစ်ယောက် ထိုညက တစ်ညလုံး မအိပ်ဝံ့ပဲ ရှိနေပြီး မိုးလင်းတော့မှ တံခါးဖွင့်ပြီး အပြင်သို့ထွက်ကြည့် ဝံ့တော့သည်။

ထိုအခါ မီးပြတိုက်ကြီးတစ်ခုလုံး မြင်မကောင်း၊ ရှု မကောင်းလောက်အောင် အခွဲတုံးများကပ်နေသည်ကို တွေ့ရ သည်။ အခွဲတုံးများမှာ မီးပြတိုက်အပေါ်ပိုင်းအထိ ရောက်ခနေပြီး နေရောင်ခြည်နှင့်တွေ့သောအခါ ငွေရောင်ကဲ့သို့ တလက်လက်



www.burmeseclassic.com

www.burmeseclassic.com



တောက်ပနေသည်။

သူသည်အခွံတုံးတစ်တုံးကို ကောက်ယူပြီးကြည့်သည်၊ ရေသတ္တဝါတစ်ကောင်၏ ကိုယ်မှာကပ်နေသည် အခွံများနှင့် တော့တူသည်။

သို့သော် မည်သည့်သတ္တဝါမျိုးဖြစ်မည်ကိုတော့ သူမသိပေ။

"ဘာကောင်ကြီးလည်းမသိဘူး၊ နဂါးဆိုရင်တောင် ဒီလောက် အကောင်မကြီးပါဘူး၊ နောက်ပြီး နဂါးကိုယ်ပေါ်မှာ အကြေးခွံတွေပါတော့ ဒီလောက်များများ အခွံတုံးတွေ ကပ်စရာ အကြောင်းမရှိပါဘူး"

လှမောင်ကိုသတ်သွားတာ ဒီသတ္တဝါကြီးလက်ချက်များ ဖြစ်လေမလား. . .၊

ငါဘာယ်လိုလုပ်ရမလဲ. .

ဒီသတ္တဝါကြီးက ဒီကနေ့ညရော ထပ်လာဦးမှာလား ဒီမှာပဲနေရမလား၊ ထွက်ပြေးရင်ကောင်းလေမလား. .

ဟု အမျိုးမျိုးတွေးတောကာ စိတ်ထဲမှာ ချီတုံချတုံဖြစ်နေလေသည်။

အို. . . ထွက်ပြေးလို့လည်း မဖြစ်သေးပါဘူး၊ သူလာရင်လည်း မီးပြတိုက်ထဲဝင်နေရင် ရတာပဲ. . ငါဒီမှာမရှိလို့ မီးပြမယ့်သူမရှိရင် သင်္ဘောတွေ ဒုက္ခရောက်ကြလိမ့်မယ်. .

ဖြစ်ချင်ရာဖြစ်ပေစေတော့ ဒီမှာပဲဆက်နေမယ်. . ဟု ဆုံးဖြတ်ချက်ချကာ ဆက်နေလေသည်။





နောက်တစ်ညရောက်တော့လည်း သတ္တဝါကြီးက ရောက်လာပြီး ရန်ရှာပြန်လေသည်။

ဒီတစ်ခါမှာတော့ ယခင်နေ့ထက် ပိုဆိုးလာသည်။ မှန်ပြတင်းပေါက်များကိုခွဲပြီး အတွင်းသို့ဝင်ရန် ကြိုးစားလေသည်။

သို့သော်လည်း ဦးခေါင်းပိုင်းကြီးက ကြီးလွန်းသောကြောင့် ပြတင်းပေါက်က ကျဉ်းနေပြီး ဝင်မရပေ။ သို့သော်လည်း ကြောက်စရာကောင်းသော မျက်လုံးနှစ်လုံးနှင့် အစွယ်များကို မြင်ရသည်။

ကျော်လှမှာ သတ္တဝါကြီးကို အနီးကပ်တွေ့ရသောအခါ များစွာထိတ်လန့်သွားလေသည်။

သူ့စိတ်ထဲမှာ ပင်လယ်မြွေကြီးတစ်ကောင်ဖြစ်မည်ဟု ထင်နေသည်။

သတ္တဝါကြီးက မီးပြတိုက်အတွင်းမှာရှိနေသော လူကို အတင်းဝင်ဆွဲရန် အမျိုးမျိုးကြိုးစားသော်လည်း ဘယ်လိုမှ အထဲမရောက်သဖြင့်သာ ကျော်လှတစ်ယောက် အသက်ချမ်းသာရာ ရနေခြင်းဖြစ်သည်။

ညဉ့်နက်ပိုင်းရောက်တော့ လက်လျှော့သွားဟန်ဖြင့် ပင်လယ်တွင်းသို့ ပြန်ဆင်းသွားပြန်သည်။

"ငါတော့ ဒီသတ္တဝါကြီးလက် မလွတ်တော့ဘူး၊ တစ်နေ့မဟုတ် တစ်နေ့တော့ ပါသွားမှာပဲ"

"ဒီတော့ သူလက်ချက်နဲ့တော့ အသေမခံနိုင်ဘူး"

ဟု ဆုံးဖြတ်ပြီး နောက်တစ်နေ့တွင် မှိန်မှိန်ငှင်ငှင်ပင်ဖြစ်ဆောင်နေ



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ပြင်ပြီး နေဝင်သည်နှင့် မီးပြတိုက်ထိပ်ဖျားသို့ တက်သွားလေသည်။ သူ့လက်ထဲမှာ မှိန်းနှင့် ဓားကိုပါ ယူဆောင်သွားလေသည်။ အပေါ်ဆုံးသို့ရောက်သောအခါ မီးအိမ်ထဲသို့ ရေနံဆီဖြည့်ပြီး မီးထွန်းကာ ချိတ်ဆွဲထားလိုက်သည်။

ဒီကနေ့ညတော့ တာဝန်ပြီးသွားပြီ။

သို့သော်လည်း အောက်သို့ပြန်မဆင်းတော့ပဲ အပေါ်မှာပဲဆက်နေလေသည်။

"ဒီကနေ့ညတော့ တွေ့ကြပြီပေါ့ကွာ"

ဟုလည်း စိတ်ထဲမှ ကြိမ်းဝါးနေသည်။

ညဉ့်နက်ပိုင်းရောက်တော့ ပင်လယ်ရေအောက်မှ ထိုးထွက်လာသော ဦးခေါင်းပိုင်းကြီးပေါ်လာသည်၊

"လာခဲ့ပေတော့"

သတ္တဝါကြီးက မီးပြတိုက်ရှိရာသို့ပင် လာလေသည်၊ အနားရောက်လာပြီး ကျောက်ဆောင်ပေါ်တက်လာသော ကိုယ်လုံးပိုင်းကို မြင်ရတော့သည်။

ကိုယ်လုံးမှာ ထန်းလုံးပမာထက် ပိုကြီးပြီး အလျားမှာလည်း ရှည်လျားလှသည်။

ဦးခေါင်းပိုင်းမှာ ပုတ်တောင်းတစ်ခုမျှကြီးသော သတ္တဝါကြီးပင်ဖြစ်သည်။

ကျော်လှကတော့ ပင်လယ်မြွေကြီးဖြစ်မည်ဟု စိတ်ထဲမှာထင်လိုက်သည်။

ထိုသတ္တဝါကြီး၏ ပုံပန်းသဏ္ဌာန်အနေအထားကို တွေ့





ရတော့မှ သူယူလာသော မှိန်းနှင့်ဓားမှာ ဘာမှအသုံးမဝင်တော့မှန်း ရိပ်မိလေသည်။

ကျောက်ဆောင်များကို ဓားနှင့်ခုတ်သည်မှ အရာယွင်းချင် ယွင်းပေမည်။ ထိုမျှကြီးမားသော သတ္တဝါကြီးကို ဓားဖြင့်ခုတ်လျှင် ဘာမှအရာယွင်းမည်မဟုတ်ကြောင်း ရိပ်မိသောအခါ သူ့အတွက် ရွေးစရာမရှိတော့ပေ။

ရေထဲမှတက်လာသော သတ္တဝါကြီးက မီးပြတိုက်အောက်ခြေမှစပြီး တစ်ရစ်ချင်း ရစ်ကာအပေါ်သို့ တက်လာလေသည်။

ကိုယ်လုံးအလျား အရှည်မှာ အလံတစ်ရာကျော် နှစ်ရာခန့်ရှည်သည်ဖြစ်ရာ မီးပြတိုက်ကြီးတစ်ခုလုံးကို တစ်ရစ်ချင်း တစ်ပတ်ချင်း ပတ်ပြီး တက်လာသော်လည်း ရေထဲမှာ အမြီးပိုင်း မပေါ်သေးပေ။

နောက်ဆုံးတော့ ဦးခေါင်းပိုင်းကြီးက အပေါ်သို့ ရောက်လာတော့သည်။

ကြီးမားသော ဦးခေါင်းပိုင်းက မီးပြတိုက်အပေါ်ပိုင်းလောက်ရှိပြီး နီရဲနေသော မျက်လုံးနှစ်လုံးက လင်းကွင်းငယ်လောက်ရှိသည်။

နှာခေါင်းပေါက်မှ တရှူးရှူးနှာမှုတ်သံများ ပေါ်ထွက်နေသည်။

ပါးစပ်ကြီးကိုဟလိုက်သောအခါ အထဲမှ အစွယ်အငွေ့များ ထွက်လာသော်လည်း နဂါးတစ်ကောင်တော့ မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတ္တဝါကြီးက အကြိမ်ကြိမ်ကြိုးစား ရှာဖွေနေသောအစာကို ယခုမှပင်တွေ့ရသဖြင့် ဝါးမျိုရန်ဟန်ပြင်လိုက်စဉ်မှာ ကျော်လှကကျောက်ဆောင်ကျောက်တုံးများ ထူတပ်သောအောက်သို့ ခုန်ချလိုက်လေတော့သည်။

"အား . . ."

(၇၉)ပေမြင့်သောနေရာမှာ ခုန်ချလိုက်သော သူ့အတွက်ကတော့ သတ္တဝါကြီးအန္တရာယ်မှ လွတ်သွားသည်ဆိုသော်ငြားလည်း အသက်ရှင်နိုင်စရာအကြောင်း မရှိတော့ချေ။

ထိုအဖြစ်အပျက်များဖြစ်ခဲ့ပြီး ရက်အတန်ကြာသည်အထိ သမီးလှကျွန်းမီးပြတိုက်တွင် အစောင့်မရှိတော့ပေ။

ရိက္ခာပို့သောသင်္ဘောကလည်း တစ်လတစ်ခေါက်မှသာ ရောက်လာသဖြင့် ထိုအကြောင်းများကို မသိကြပေ။

မီးပြတိုက်မှာ မီးပြမည့်သူမရှိသဖြင့် သင်္ဘောများ ကျောက်ဆောင်ကျောက်တန်းများနှင့် တိုက်မိကာ နစ်မြုပ်ပျက်စီးမှုများ ရှိလာကြသည်။

ထိုအခါ ကုန်သည်များက ဆိပ်ကမ်းမှ တာဝန်ရှိသူများအား အကြောင်းကြားပြောဆိုလာကြသည်။

သမီးလှကျွန်းမီးပြတိုက်မှ မီးမပြသောကြောင့် သင်္ဘောများ ပျက်စီးဆုံးရှုံးရကြောင်း အပြစ်တင်စကားဆိုကြလေသည်။

အင်္ဂလိပ်လက်အောက်မှာ တာဝန်ထမ်းဆောင်နေသူတို့မှာလည်း ထုံးစံအတိုင်း လာရောက်တိုင်တန်းသည့် လူရှိမှသာ ထိုအလုပ်ကို အရေးတယူလုပ်ကိုင်တတ်ကြပေရာ၊ ထိုကဲ့သို့ လာ





ရောက်အကြောင်းကြားတော့မှ မီးပြတိုက်ရှိရာသို့ သွားရောက်ကြည့်ရှုကြတော့သည်။

ထိုနေရာရောက်သောအခါ ပျက်စီးနေသော မီးပြတိုက်မှန်တံခါးများနှင့် အခြားအပျက်အစီးများကိုသာ တွေ့ကြရပြီး သူတို့အစောင့်ထားသောလူနှစ်ယောက်ကိုတော့ မတွေ့ရတော့ပေ။

မျက်နှာဖြူတာဝန်ရှိသူများအနေဖြင့် ထိုအဖြစ်အပျက်မျိုးမှာ အဆန်းတကြယ်တော့မဟုတ်ပါချေ၊

ယခင်ကလည်း မီးပြတိုက်များတွင် အစောင့်ထားသူတို့ မကြာခဏ ကြုံတွေ့ရသည်။

တစ်ယောက်ပျောက်သွားလျှင် နောက်တစ်ယောက်အစားထိုးရုံသာရှိသည်။

မြန်မာနိုင်ငံကို ဗြိတိသျှများ သိမ်းပိုက်ထားစဉ်က ပင်လယ်ရေကြောင်းသွားလာရေးကို အဓိကထားလေသည်။

အခြား ကုန်ပစ္စည်းများအပြင် စစ်အတွက် အသုံးပြုရန် လက်နက်ရိက္ခာများ သယ်ယူပို့ဆောင်ရန်အတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံမှထွက်သော ကျွန်းသစ်၊ ရေနံ စသောသယံဇာတပစ္စည်းများကို သယ်ဆောင်ရန် သင်္ဘောကြီးများကို အသုံးပြုခဲ့ကြသည်။

ပင်လယ်ရေကြောင်းတွင် သင်္ဘောကြီးများ သွားလာရာတွင် ဘေးအန္တရာယ် ကင်းစေရန် မီးပြတိုက်များကို ဆောက်လုပ်အသုံးပြုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရှိ မီးပြတိုက်များကို အကျဉ်းချုပ်၍ ဖော်ပြလိုပါသည်။

➤ ၁။ ကိုကိုးကျွန်း မီးပြတိုက် (Coco Islands Lighthouse) ကို (၁၈၆၇)တွင် ဆောက်လုပ်သည်။ အမြင့်ပေ (၁၉၄)ပေရှိသည်။ သံမျှော်စင်ထိပ်တွင် မီးအိမ်ပါရှိသည်။ ပတ်ဝန်းကျင် အရပ်လေးမျက်နှာကို ကြည့်ရှုနိုင်ရန် စင်္ကြံလမ်းပါရှိသည်။ အနီနှင့်အဖြူရောင် ဆေးသုတ်ထားသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၂။ ပုလောပလင် မီးပြတိုက် (Pulau Palin Lighthouse) သည် တနင်္သာရီတိုင်းဒေသကြီးတွင် တည်ရှိသည်။ တည်ဆောက်သည့်ခုနှစ်ကို အတိအကျမသိရပေ။ ထိုင်းနှင့်မြန်မာ နယ်စပ်ရှိ ပတ်ချန် (Pak Chan) ပင်လယ်လက်တက်သို့ မြောက်ပိုင်းအဝင်ဝမှ အလင်းရောင်ပေးနိုင်သည်။ မြန်မာနိုင်ငံ တောင်ဘက်အစွန်ဆုံးရှိ ကော့သောင်မြို့၏ အရှေ့ဘက် (၆)မိုင်ခန့်အကွာရှိ ပုလောပလင်ကျွန်း (Pulau Palin)၏ တောင်ဘက်အစွန်ဆုံးတွင် တည်ရှိသည်။ မီးပြတိုက် အမြင့်ပေ(၆၆)ပေ ရှိသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၃။ ဆိပ်ကမ်းသာ မီးပြတိုက် (Seikkantha Lighthouse) သည် မြိတ်မြို့တွင်ရှိသည်။ တည်ဆောက်သည့်နှစ်ကို မသိရပေ။





အမြင့်ပေ (၄၉) ရှိသည်။ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာခြင်းကို အထောက်အကူပြုသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၄။ မိဗျားကျွန်းမီးပြတိုက် (Mibya Kyun Lighthouse) သည် ရေမြုပ်ကျောက်ဆောင်ပေါ်တွင် တည်ရှိသည်။ မြန်မာနိုင်ငံ တောင်ဘက်ပိုင်းရှိ ထားဝယ်ပင်လယ်လက်တက်သို့ အဝင်ဝ နောက်ဘက်ခြမ်းတွင် တည်ဆောက်ထားသည်။ မီးပြတိုက်ကို အဖြူရောင်သုတ်ထားသည်။ အမြင့်ပေ (၁၀၈)ပေ ရှိသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၅။ ဒွေးညီနောင်မီးပြတိုက် (Double Island Lighthouse) ကို (၁၈၆၅) တွင် တည်ဆောက်ခဲ့သည်။ အမြင့်ပေ (၁၄၁)ပေ ရှိသည်။ အောက်ခြေတွင် နှမ်းဖတ်ကျောက်ကို အသုံးပြုသည်။ အမြင့်ပိုင်းတွင် မျှော်စင်၊ မီးအိမ်နှင့် စင်္ကြံလမ်းပါရှိသည်။ ကျိုက္ခမိ ကမ်းခြေမှတောင်ဘက် (၁၅)မိုင်အကွာ၊ ကမ်းစပ်မှ (၇)မိုင်အကွာရှိ ကျွန်းငယ်လေးတစ်ကျွန်းပေါ်တွင် တည်ရှိ၏။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၆။ ဂရင်းကျွန်း မီးပြတိုက် (Green Island Lighthouse) ကို မွန်ပြည်နယ် ကျိုက္ခမိကမ်းစပ်နှင့်နီးသော ကျွန်းငယ်တစ်ကျွန်းပေါ်တွင်တည်ရှိသည်။ (၁၉၀၃)တွင် ထိုမီးပြတိုက်ကို ဆောက်

www.burmeseclassic.com



လုပ်ခဲ့သည်။ အမြင့်ပေ (၁၃၅)ပေရှိသည်။ အဖြူနှင့်အနီရောင် သုတ်ထားသည်။ မုတ္တမပင်လယ်ကွေ့မှ မော်လမြိုင်မြစ်သို့ ဝင်ရောက်လာသော သင်္ဘောကြီးများကို မီးပြ၍ အချက်ပေးနိုင်သည် ကျိုက္ခမီမြို့ကို ကိုလိုနီခေတ်က လော့(ဒ်)အမ်းဟတ်(စ) (Lord Amherst)ကို အစွဲပြု၍ အမ်းဟတ်(စ)မြို့ (Amherst) ဟု ခေါ်တွင်ခဲ့သည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၇။ အီစတင်ပရိုဖလက်(စ) မီးပြတိုက် (Eastern Grove Flat) ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် (၁၈၆၉) ၌ တည်ဆောက်ခဲ့သည်။ အမြင့်ပေ (၁၀၅) ပေရှိသည်။ မီးပြတိုက်မျှော်စင်အမြင့်တွင် မီးအိမ်နှင့် စကြိုလမ်းရှိသည်။ မီးပြတိုက်ကို အနီရောင်သုတ်ထားပြီး မီးအိမ်ကို အဖြူနှင့်အနက်ရောင် သုတ်ထားသည်။ ရန်ကုန်မြစ်သို့ အဝင်ဝ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး ရန်ကုန်မြို့သို့ သွားရောက်မည့် သင်္ဘောကြီးများကို မီးပြရန်အတွက်ဖြစ်သည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၈။ ရန်ကုန်မီးပြ သင်္ဘောများ (Yangon Lightships) အနက် တစ်ခုသည် သူရိယဖြစ်ပြီး အော်ဂွာဒါ ရေမြှုပ်ကျောက်ဆောင် (Alguada Reef)၏ အနောက်တောင်ဘက်တွင်ရှိသည်။ ကျန်တစ်ခုမှာ ဒဂုံဖြစ်ပြီး ရန်ကုန်မြို့နှင့်နီးသည်။ မီးပြသင်္ဘောများကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။





➤ ၉။ အော်ဂွာဒါမီးပြတိုက် (Alyada Lighthouse) သည် ဧရာဝတီတိုင်းဒေသကြီးတွင် တည်ရှိပြီး (၁၈၆၅)တွင် တည်ဆောက်ခဲ့သည်။ အမြင့်ပေ (၁၄၄)ပေ ရှိသည်။ မီးပြတိုက်ထိပ်တွင် မီးအိမ်နှင့် စကြိုလမ်းပါသည်။ မျှော်စင်ကို အနက်နှင့်အဖြူရောင် ဆေးသုတ်ထားသည်။ ထိုမီးပြတိုက်သည် မြန်မာနိုင်ငံ၏ အနောက်တောင်ပိုင်း နဂရေ့အငူ (Cape Negrais)မှ ဘင်္ဂလားပင်လယ်အော်သို့ ထိုးထွက်နေသည့် ကျောက်ဆောင်၏ အစွန်းတွင်တည်ရှိသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။ အော်ဂွာဒါကျောက်ဆောင် (ပုသိမ်)ဟု လူသိများသည်။

➤ ၁၀။ သမီးလှကျွန်းမီးပြတိုက် (Thamhihla Kyun Lighthouse) ကိုဆောက်လုပ်သည့်ခုနှစ် အသေအချာမသိရပေ။ အမြင့်ပေ (၇၉)ပေ ရှိသည်။ မီးပြတိုက်ကို အနီနှင့်အဖြူရောင် ဆေးသုတ်ထားသည်။ သမီးလှကျွန်းကို စိန်ကျွန်း (Diamond Island) ဟုလည်းခေါ်ကြသည်။ ထိုမီးပြတိုက်သည် ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်မြစ်သို့အဝင် နဂရေအငူအနီးရှိ ကျွန်းတစ်ကျွန်းပေါ်တွင် တည်ရှိသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၁၁။ မာန်အောင်မီးပြတိုက် (Mun Aung Lighthouse) ကို အထိမ်းအမှတ် မီးပြကျွန်း (Beacon Island) ဟုလည်းခေါ်သည်။ ရခိုင်ပြည်နယ်တွင်တည်ရှိပြီး (၁၉၀၉)တွင် တည်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ အမြင့်ပေ (၁၂၁) ပေရှိသည်။ မျှော်စင်ကို အနီရောင်ဆေးသုတ်ထားပြီး ထိပ်ပိုင်းကို အဖြူရောင်ဆေးသုတ်ထားသည်။ ထိုမီးပြတိုက်သည် စစ်တွေမြို့မှ မိုင် (၉၀)ခန့်အကွာရှိ ချိဒူဘာကျွန်း (Cheduba Island) ၏ အနောက်မြောက်ဘက်ရှိ ကျွန်းလေးတစ်ကျွန်းပေါ်တွင် တည်ရှိသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၁၂။ သန္တာမီးပြတိုက် (Thanta Lighthouse) ကို မြောက်ပိုင်း ကြောက်စရာကျောက်ဆောင် (North Terrible Rocke) သို့ မဟုတ် ကျောက်ဖြူမီးပြဟုခေါ်ကြသည်။ တည်ဆောက်သည့်ခုနှစ်ကို သေချာစွာမသိရပေ။ အမြင့်ပေ (၅၄)ပေ ရှိသည်။ မီးပြတိုက်၏ အရောင်ကို အဖြူနှင့်အနက်ရောင် ဆေးသုတ်ထားသည်။ ထိုမီးပြတိုက်သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၏ အရှေ့တောင်ဖက် မိုင် (၅၀) ခန့်အကွာရှိ သီးသီးခြားခြား တည်ရှိနေသော ကျောက်ဆောင်ပေါ်တွင် တည်ရှိသည်။ ကျောက်ဖြူမြို့နှင့်နီး၍ ကျောက်ဖြူမီးပြတိုက်ဟု လူသိများသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၁၃။ ဆားဗေ့ကျွန်းမီးပြ (Savage Island Lighthouse) သည် ရခိုင်ပြည်နယ်၊ ဖကာပွိုင့် (Faki Point)၊ ဂရိတ်ဆားဗေ့ကျွန်း (Great Savage Island) လေချင့်ဒေါင် (Laychin-daung) တွင်ရှိပြီး (၁၈၉၁)တွင် တည်ဆောက်ခဲ့သည်။ အမြင့်





ပေ (၆၉)ပေ ရှိသည်။ မြန်မာ့ပထမဆုံး မီးပြတိုက်ဖြစ်သော ဖကာပွိုင့်(Fakir Point)ကို (၁၈၄၄) တွင် တော်ဝင်အင်ဂျင်နီယာတပ်ဖွဲ့မှ ဗိုလ်ဆစ်ဒုန်(စ်) (Lieutenant Siddons) က ဆောက်လုပ်ခဲ့သည်ဟု သိရှိရပါသည်။ (၁၈၉၁)တွင် ဆားဗေ့ကျွန်းမီးပြ ဆောက်လုပ်ပြီးသောအခါ ဆားဗေ့ကျွန်းမီးပြကို တွင်တွင်ကျယ်ကျယ် အသုံး ပြုလာခဲ့သည်။ အဆိုပါမီးပြသည် စစ်တွေမြို့သို့အဝင် တောင်ဘက်ရှိ ကျွန်းငယ်တစ်ကျွန်းပေါ်တွင် တည်ရှိသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၁၄။ စစ်တွေမီးပြတိုက် (၁) (Sittwe Lighthouse -1) ကို ဆောက်လုပ်သည့်ခုနှစ်၊ အသေအချာ မသိရပေ။ အမြင့်ပေ (၂၃)ပေ ရှိသည်။ မီးပြတိုက်ကို အဖြူရောင်နှင့် အနက်ရောင် ဆေးသုတ်ထားသည်။ မျှော်စင်၊ လှေကားနှင့် မီးအိမ်စသည်တို့ အပြည့်အစုံပါသည်။ ထိုမီးပြတိုက်သည် လက်ရှိအသုံးပြုနေသည့် မီးပြတိုက်၏ မြောက်ဘက်မိုင် (၈၀)ခန့်အကွာတွင်တည်ရှိသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၁၅။ စစ်တွေ မီးပြတိုက်(၂) (Sittwe Lighthouse - 2) ကို ဆောက်လုပ်သည့်ခုနှစ် အသေအချာမသိရပေ။ အမြင့်ပေ (၈၉) ပေ ရှိသည်။ မီးပြတိုက်အတွင်းတွင် အခန်းကျယ်၊ မီးအိမ် စသည့်ပစ္စည်းစုံ အကုန်ပါဝင်ပြီး မီးပြတိုက်ကို အဖြူရောင်ဆေးသုတ်ထားသည်။ ထိုမီးပြတိုက်သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့



www.burmeseclassic.com

www.burmeseclassic.com



အဝင် မြောက်ဘက်ခြမ်းရှိ ချွန်း (Point)ပေါ်တွင်တည်ရှိသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

➤ ၁၆။ မေယုမီးပြတိုက် (Mayu Lighthouse) ကို မုတ်ကျွန်း မီးပြတိုက် (Oyster Island)ဟုလည်း လူသိများသည်။ ရခိုင်ပြည်နယ်တွင် တည်ရှိပြီး (၁၈၈၅)တွင် ဆောက်လုပ်ခဲ့သည်။ အမြင့်ပေ (၁၄၁)ပေ ရှိသည်။ မီးပြတိုက်မျှော်စင်ပေါ်၌ ကြည့်ရန် အခန်းကျယ်၊ မီးအိမ်စသည်တို့ အပြည့်အစုံ ပါဝင်သည်။ မီးပြတိုက်ကို အဖြူရောင်နှင့် အနက်ရောင် ဆေးသုတ်ထားသည်။ (၂၀၀၆)က မာလာဆိုင်ကလုန်မုန်တိုင်း တိုက်သဖြင့် ထိုမီးပြတိုက်ကို ပြန်လည်ပြင်ဆင်ရသည်။ ထိုမီးပြတိုက်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်စွန်းရှိ မကျည်းချောင်း(Magyi chaung)၏ အနောက်တောင်ဘက်တွင် တည်ရှိသည်။ မီးပြတိုက်ကို ဓာတ်ပုံရိုက်ခွင့်မရှိပေ။

အထက်ပါမီးပြတိုက်များမှာ ရေကြောင်းသွားလာနေကြသော ပင်လယ်ကူးသင်္ဘောကြီးများ ဘေးအန္တရာယ်ကင်းစေရန်အတွက် တည်ဆောက်အသုံးပြုခဲ့ကြခြင်း ဖြစ်ပေသည်။ သို့သော်လည်း ယခုကာလကဲ့သို့ အဆင်ပြေချောမွေ့ခြင်းတော့ မရှိပေ။

မီးပြတိုက်တွင် အစောင့်ထားသူများ မမြဲခြင်း၊ သေဆုံးခြင်း၊ ပျောက်ဆုံးခြင်းစသော အဖြစ်အပျက်များနှင့် မကြာခဏ တွေ့ကြုံကြရသည်။





ယခုလည်း သမီးလှကျွန်း မီးပြတိုက်တွင် နောက်ဆုံးကာနေသွားကြသော လှမောင်နှင့် ကျော်လှတို့ နှစ်ယောက် မရှိတော့သည့်အခါ နောက်ထပ်အစောင့် မရသေးသောကြောင့် အစောင့်မရှိသေးပေ။

သို့ကြောင့် မကြာခဏ သင်္ဘောများမှာ ကျောက်ဆောင်ကျောက်တန်းများဖြင့် တိုက်မိပြီး ပျက်စီးဆုံးရှုံးကြရလေသည်။

ပျက်စီးရပုံမှာလည်း ထူးဆန်းသည်။

ညအချိန် သင်္ဘောများ၊ ရွက်လှေများ နာဂရေ့အငူစွန်းအနီးမှ ဖြတ်သန်းသွားကြသောအခါ တစ်နေရာမှ မီးရောင်ကို တွေ့မြင်ရလေ့ရှိသည်။

သင်္ဘောသားတို့က မီးရောင်မြင်ရသောနေရာမှာ မီးပြတိုက်ရှိသောနေရာဖြစ်ပြီး၊ ထိုနေရာတစ်ဝိုက်တွင် ကျောက်ဆောင် ကျောက်တန်းများရှိမည်ထင်သောကြောင့် အခြားနေရာဘက်မှ ကွေ့ရှောင်သွားကြသည်။

ထိုသို့သွားသောအခါမှပင် ကျောက်တန်းပေါ်တင် ကျောက်ဆောင်နှင့်တိုက်မိပြီး နစ်မြုပ်ပျက်စီးကြရခြင်းဖြစ်ပေသည်။

သင်္ဘောပျက်စီးသွားသောအခါ စောစောက မြင်နေသောမီးရောင်လည်း ပျောက်ကွယ်သွားတော့သည်။

တစ်ခါတစ်ရံလည်း ပင်လယ်ပြင်မှာ သွားလာနေသူတို့ ာ လှိုင်းလေထန်သော ရေပြင်ပေါ်မှာ လှေတစ်စင်းနှင့် မီးအိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကိုင်ကာ သွားလာနေသူတို့ကို တွေ့ရသည်။ ၄င်းတို့ သောမီးရောင်ကို မီးပြတိုက် မီးရောင်အထင်နှင့် ကွေ့ရှောင်သွား သောအခါ အန္တရာယ်များနှင့် တွေ့ကြရသည်။

ထိုအခါ လှေ့ရောမီးရောင်ပါ ပျောက်ကွယ်သွားတတ် လေသည်။ အချို့ကလည်း ထိုမီးရောင်များကို 'တစ္ဆေမီးရောင်' ဟု သတ်မှတ်ကြသည်။





# အခန်း (၈)

# ဂမုန်းထန်နှင့် သူ၏အကြံအစည်များ

ဗြိတိသျှများ သိမ်းပိုက်ထားစဉ် အချိန်ကာလတွင် မြစ်ဝ ကျွန်းပေါ်ဒေသ အတော်များများမှာ စည်ကားမှုမရှိကြသေးပေ။ ထိုအချိန်က ဧရာဝတီတိုင်း(ယခု ဧရာဝတီတိုင်းဒေသကြီး)ဒေသ အောက်ပိုင်းနေရာများမှာ ဒီရေသစ်တောကြီးများက ဖုံးလွှမ်း နေရာယူထားကြလေသည်။

မိန်းမလှကျွန်းသစ်တောများ၊ ပြင်စလူသင်တောကြီး



www.burmeseclassic.com

www.burmeseclassic.com



များ ပြင်ခရိုင်သစ်တောကြီးများက အောက်ပိုင်းဒေသတစ်ခုလုံးကို ဖုံးအုပ်နေရာယူထားကြလေသည်။

ထိုသစ်တောများတွင် ကနစိုသစ်အပါအဝင် ဒီရေတက်ရာအရပ်ဒေသ၌ပေါက်သော သစ်ပင်များက အများအပြားရှိသောကြောင့် အင်္ဂလိပ်များက စိတ်မဝင်စားကြပေ။

သူတို့က မြန်မာနိုင်ငံအထက်ပိုင်း ဒေသများမှာရှိသည့် ကျွန်းနှင့်ပျဉ်းကတိုးသစ်လောက်သာ ထုတ်ယူကြသည်။

ကနစိုးသစ်တောများကိုတော့ ထင်းအတွက် လိုင်စင်ချပေးပြီး ထုတ်ယူခွင့်ပြုလေသည်။

ထိုသစ်တောများအတွင်းသို့ အခွင့်မရှိဝင်ရောက်ခြင်းမရှိစေရဟူသော ဥပဒေဖြင့် သံကြိုးများဖြင့် ပတ်ဝိုင်းထားရာ သံကြိုးဝိုင်းတောဟုခေါ်ကြသည်။

နောက်ပိုင်းမှာတော့ ကြိုးဖြင့်ဝိုင်းထားသော သစ်တောကြိုးဝိုင်းများဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

နောက်ပိုင်းမှာတော့ ထိုသစ်တောများအတွင်းသို့ ထင်းဖြတ်သူများနှင့်၊ ငါးပုစွန်ရှာဖွေသူတို့ ရောက်လာကြသည်။

ရှေ့ပိုင်းကာလများတွင် ဆောင်းရာသီနှင့်နွေရာသီတွင် ငါးပုစွန်ရှာဖွေကြသည်။

ထင်းဖြတ်သူများက သစ်တောများအတွင်းမှာ စခန်းချကြသလို ငါးပုဇွန်ဖမ်းဆီးကြသူတို့ကလည်း ပင်လယ်ကမ်းခြေနှင့်နီးသောနေရာများမှာ အုပ်စုဖွဲ့ပြီး စခန်းချကြသည်။

ရှေးကတော့ ဆောင်းရာသီနှင့်နွေရာသီတွင် အလုပ်





လုပ်ကြပြီး မိုးကျသောအခါ မိမိတို့နေရပ်သို့ပြန်ကြသည်။

နောက်ပိုင်း လူများလာသောအခါ မိုးရာသီမှာပင် မပြန်ကြတော့ပဲ ယာယီတဲများထိုးပြီးနေကြရာမှ ရွာငယ်ကလေးများဖြစ်လာသည်။

နောက်တော့ လူဦးရေများလာပြီး ရွာကြီးများဖြစ်လာတော့သည်။

အရှေ့ပိုင်းဘက်တွင် ကျုံဒါ၊ ကျုံကဒွန်း၊ စက်ဆန်း၊ ကဒုံကနီ၊ ဧရာ စသောရွာများမှာ နောက်ပိုင်းတွင် တဖြည်းဖြည်းစည်ကားလာပြီး ရွာကြီးမှ မြို့အသွင်ပြောင်းလဲခဲ့ကြလေသည်။

အနောက်ဘက်မှာတော့ သစ်ပြုတ်၊ ပြင်ခရိုင်နှင့် ခမောက်မော် စသောနေရာများမှာ စည်ကားတိုးတက်လာကြလေသည်။

ခမောက်မော်မှာ ဟိုင်းကြီးကျွန်းနှင့် မားလွယ်ခုတ်အနေအထား မော်တင်စွန်းနှင့်လည်း မနီးမဝေး၌ရှိသည်။

အငူစွန်း၌ရှိသော်လည်း အရှေ့ဘက်တွင် ကျွန်းငယ်တစ်ခုရှိနေသဖြင့် ချောင်းလက်တက်သဖွယ်ဖြစ်နေသောကြောင့် လှေသမားတို့ ဝင်ရောက်ခိုနားရန် အကောင်းဆုံးနေရာဖြစ်သည်။

ပုသိမ်မြစ်ဝ၌ရှိသောကြောင့် အထက်ပိုင်းမှ အရောင်းအဝယ်လာသော လှေသင်္ဘောစသည်တို့လည်း အလွယ်တကူရောက်နိုင်ကြသည်။

လေမိုးပြင်းထန်သော မိုးရာသီရောက်လျှင် ထိုနေရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုက်မှာ လာရောက်ခိုနားကြသူ အတော်များရာမှ တဖြည်းဖြည်း ရွာကြီးဖြစ်လာလေတော့သည်။

နောက်ပိုင်းကာလရောက်လာသောအခါ ဈေးဆိုင်၊ အရက်ဆိုင်နှင့် ငါးရှဲဒိုင်များ လာရောက်လုပ်ကိုင်ကြရာ ပင်လယ်ကမ်းခြေမှ အချက်အချာကျသော နေရာတစ်နေရာဖြစ်လာသည်။

ကမ်းခြေတစ်လျှောက်မှာ ငါးရှဲဒိုင်များ အသီးသီးပေါ်လာသလို ငါးဖမ်းလှေထောင်သူတို့လည်း များလာသည်။

ငါးဖမ်းလှေထောင်သူတို့မှာ ကတ္တူလှေ (ရှေးအခါက စက်လှေများအသုံးမပြုပဲ ရွက်၊တက် တို့ကိုသာ အသုံးသွားလာသော ကတ္တူငါးဖမ်းလှေများကိုသာ အသုံးပြုကြသည်)နှင့် ပိုက်၊ ငါးဖမ်းကိရိယာတို့ကို ထူထောင်ထားပြီး အလုပ်သမားများကို လစာရိက္ခာပေးပြီး စေခိုင်းကြခြင်းဖြစ်သည်။

ထိုအချိန်က ပင်လယ်ထွက်ရာမှာ ယခုကာလမှာကဲ့သို့ ခေတ်မီစက်တပ်ထားသော သင်္ဘော၊ စက်လှေများဖြင့် သွားကြရသည်မဟုတ်သဖြင့် များစွာအန္တရာယ်များသော အလုပ်မျိုးဖြစ်သည်။

တော်ရုံလူတို့ မလုပ်ဝံ့သော မလုပ်နိုင်သောအလုပ်မျိုးလည်းဖြစ်သည်။

ထို့ကြောင့် အလုပ်ရှင်များက မိမိတို့ထံမှာ အလုပ်သမားမြဲစေရန် ဘိန်းပေးပြီးစည်းရုံးထားကြလေသည်။

ပင်လယ်ထွက်သူများအတွက် ဘိန်းသည်အရေးအကြီး





ဆုံးဆေး ဒါမှမဟုတ် အသုံးအဆောင်ပစ္စည်းတစ်မျိုး ဖြစ်လာလေသည်။

ကြာလာသောအခါ ဘိန်းမရလျှင် အလုပ်မသွားနိုင်တော့လောက်သည့် အခြေအနေမျိုးဖြစ်လာတော့သည်။

ရှေးအခါက မြိတ်ကျွန်းစုများတွင် လှည့်လည်နေထိုင်ကြသည့် ဆလုံတိုင်းရင်းသားတို့မှာ ၎င်းတို့ရှာဖွေရထားသော ငါးကြီးအံဖတ်၊ ငါးစည်ပေါင်း၊ ငှက်သိုက်၊ ပုလဲ စသောအဖိုးတန်ပစ္စည်းများကို ကုန်သည်များထံမှာ ဘိန်းဖြင့်လဲယူကြသည်။

သူတို့သည် ပင်လယ်မော်ကင်းဟု တင်စားခေါ်ဝေါ်ကြသည်အထိ ရေငုပ်ကျွမ်းကျင်ကြသော်လည်း ဘိန်းမသုံးစွဲရလျှင် ရေမငုပ်နိုင်ကြတော့ပေ။

ဘိန်းသုံးစွဲပြီးလျှင် ကျန်းမာရေးကောင်းမွန်လာပြီး ရေအောက်မှာ ကြာရှည်နေနိုင်ကြသည်ဟုဆိုသည်။

ရှေးကပင်လယ်ထွက်သူများမှာလည်း ထိုအတိုင်းပင်ဖြစ်ပေသည်။

လှိုင်းဒဏ်၊ လေမိုးဒဏ်၊ ရာသီဥတုဒဏ်၊ ပင်ပန်းသောဒဏ်ခံနိုင်စေရန် ဘိန်းသုံးစွဲပြီး အလုပ်လုပ်ကြရသည်။

ဘိန်းမရလျှင်ပင် လှေဝမ်းထဲမှာ ခွေလဲနေတော့သည်။

ထိုအချက်ကို သိသောအလုပ်ရှင်များက အလုပ်သမားကို ဘိန်းဖြင့်ဆွဲဆောင်ထားကြသည်။

ဘိန်းများများပေးနိုင်သော အလုပ်ရှင်ထံမှာ လူမြဲသည်။ ဘိန်းမပေးနိုင်သော အလုပ်ရှင်ထံမှာ လူမမြဲပေ။ အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



များအတွက် အခြားအစားအသောက်ရဖို့ထက် ရေနှင့်ဘိန်းရဖို့သာအရေးကြီးသည်။

ပင်လယ်ဆားငန်ရေပြင်ပေါ်မှာ အလုပ်လုပ်ကြရသော အခါ သောက်ရေသည် သူတို့အတွက် အရေးအကြီးဆုံးဖြစ်သလို အလုပ်ကောင်းစေရန် ဘိန်းသည်လည်း အရေးအကြီးဆုံး ဖြစ်လေသည်။

ခမောက်မော်ရွာတွင် ငါးဖမ်းပိုက်လှေ ထောင်သူများ အပြင် အခြားငါးဖမ်းနည်းမျိုးစုံတို့ လုပ်ကိုင်ကြသူများလည်း ရှိကြသည်။

စန္ဒားထောင်ခြင်း၊ ဂါးဖောင်ထောင်သူများလည်းရှိသည်. (၁၉၄၅)ခုနှစ်ဝန်းကျင်လောက်က ထိုရွာတွင် ငါးဖမ်းလုပ်ငန်းနှင့် အခြားအရောင်းအဝယ်လုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်သူ တစ်ဦး ရှိခဲ့လေသည်။

ဇမုန်းထန် ပင်ဖြစ်သည်။

အသက်ငါးဆယ်ကျော်အရွယ်ရှိနေပြီမို့ အားလုံးကတော့ ဦးဇမုန်းထန်ဟု လေးလေးစားစားခေါ်ကြသည်။

သူသည် အသားမည်းမည်း ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ပြီး နှုတ်ခမ်းမွေးအရှည်ရှိသည်။

သူ့မိန်းမ ဒေါ်ကြာမှုံကလည်း အသက်လေးဆယ်ကျော် အရွယ်သာရှိသေးပြီး သွက်လက်ချက်ချာသူဖြစ်လေသည်။

သူတို့မိသားစုတွင် သမီးတစ်ယောက်၊ သားတစ်ယောက်ရှိသည်။





သမီးမြလေးခင်က (၂၂)နှစ်အရွယ်ခန့်ရှိပြီး သားဖြစ်သူလေးမောင်က အသက် (၂၀)အရွယ်ရှိသေးသည်။ မြလေးခင်က လှပချောမောသလောက် မာနကြီးသူလည်းဖြစ်သည်။

ယောက်ျားလေးတစ်ယောက်ကဲ့သို့ အားကိုးရသူလည်း ဖြစ်သည်။ ရန်ကုန်၊ ပုသိမ် စသော မြို့ကြီးများသို့ ကုန်အရောင်း အဝယ်သွားလျှင် ဖခင်နှင့်အတူ လိုက်သွားလေ့ရှိသည်။ စာရင်းဇယားတွက်ချက်မှုများနှင့် ငွေကြေးကိစ္စများတွင် သူမပါပဲနှင့် မပြီးပေ။

သူတို့သည် တစ်လတစ်ခေါက်တော့ ရန်ကုန်အထိတက်ပြီး စုဆောင်းထားသော ပစ္စည်းများ တက်ရောင်းလေ့ရှိသည်။

ငါးခြောက်၊ ငါးခြမ်းများအပြင် အခြားရောင်းချစရာ အဖိုးတန်ပစ္စည်းများလည်း ပါတတ်လေသည်။

ရန်ကုန်သို့ရောက်လျှင် ဆက်သွယ်ထားသော ဖောက်သည်များထံမှာ ထိုပစ္စည်းများကိုရောင်းချလေ့ရှိသည်။

ရန်ကုန်သို့သွားလျှင် သူပိုင်သော စက်လှေဖြင့်သွားလေ့ရှိပြီး ငါးခြောက်စသော ရေထွက်ကုန်ပစ္စည်းများကို ပွဲရုံများ၌ ရောင်းသည်။

အခြားအဖိုးတန်ပစ္စည်းများကိုတော့ အခြားဆက်သွယ်ထားသူများထံတွင် လျှို့ဝှက်စွာ ရောင်းချလေ့ရှိသည်။

ဇမုန်းထန်မှာ အားကိုးရသော လက်ရင်းတပည့်တစ်ယောက်ရှိသည်။

သံပချိုင်ဆိုသူဖြစ်ပြီး အသက်(၃၀)ကျော်ခန့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားမည်းမည်း၊ အရုပ်ရှည်ရှည်နှင့် မျက်နှာပေါ်မှာ ကျောက်ပေါက်အမာရွတ်၊ မားထိသော ဒဏ်ရာတို့နှင့် အရုပ်ဆိုးလှသူဖြစ်သည်။

သို့သော် ဇမုန်းထန်အပေါ်မှာတော့ ခွေးတစ်ကောင်ကဲ့သို့သစ္စာရှိလှသူဖြစ်ပြီး အခြားသူများနှင့်တွေ့လျှင်တော့ ရက်စက်ကြမ်းကြုတ်လှသူဖြစ်သည်။

ဇမုန်းထန်က သံပချိုင်ကို များစွာအားကိုးယုံကြည်လေသည်။

သံပချိုင်က မြလေးခင်လက်အောက်မှ အလုပ်သမားများကို အုပ်ချုပ်ရသူဖြစ်သည်။

သူ့ကိုတော့ အလုပ်သမားများက ကြောက်ရွံ့ကြရလေသည်။

သံပချိုင်က ပင်လယ်ပြင်မထွက်ရပေ။

စက်လှေတစ်စင်း၊ အလုပ်သမားအချို့နှင့် သေနတ်အစရှိသည့် လက်နက်များကို အပြည့်အစုံပေးထားပြီး သူက အခြားလုပ်ငန်း လုပ်လေသည်။

သူတို့ မည်ကဲ့သို့သော အလုပ်မျိုးလုပ်နေသည်ကိုတော့ မည်သူမှ မသိရပေ။

တစ်ခါတစ်ရံ စက်လှေနှင့် အပြည့်အမောက်ပါလာပြီး တစ်ခါတစ်ရံမှာလည်း ရွှေငွေရတနာများ ပါလာတတ်လေသည်။

ထိုအချိန်ကာလမှာ စစ်ဘေးစစ်ဒဏ်များကြောင့် တိုင်းပြည်နှင့်အဝှမ်း မငြိမ်မသက်ဖြစ်နေရာ တောမီးလောင် တော





ကြောင် လက်ပန်းပေါင်းခတ်သော အချိန်အခါလည်းဖြစ်သည်။

သံပချိုင်တို့အဖွဲ့မှာ လက်နက်အပြည့်အစုံဖြင့် ပင်လယ်ထွက်ပြီး ပင်လယ်ဓားပြအလုပ်များ လုပ်နေကြသည်ဟု ထင်စရာရှိသော်လည်း မည်သူမှတော့ မသိကြပေ။

တစ်ညမှာတော့ သံပချိုင်ခေါင်းဆောင်သော စက်လှေဆိပ်ကမ်းသို့ ပြန်ရောက်လာသည်။

ဇမုန်းထန်နှင့် မြလေးခင်တို့ သားအဖကိုယ်တိုင် တံတားထိပ်သို့ ထွက်ကြိုကြသည်။

"ဘယ်လိုလည်းဟေ့ ဒီတစ်ခေါက်ရော အဆင်ချောခဲ့ရဲ့လား"

တံတားပေါ်သို့ တက်လာသော သံပချိုင်ကို ဇမုန်းထန်ကမေးလိုက်သည်။

"ပြေပါတယ်ဆရာကြီးရဲ့ သံပချိုင်က မပိုင်ရင်ဘာမှမလုပ်ပါဘူး"

"မင်းကိုတော့ ယုံကြည်ထားပြီးသားပါကွာ၊ ကဲ. . လာလာ. . အတွင်းမှာ သွားပြီစကားပြောရအောင်"

ဟု အိမ်ထဲသို့ ခေါ်သွားလေသည်။

အတွင်းသို့ရောက်သောအခါ သံပချိုင်ကြိုက်နှစ်သက်သည့် အရက်နှင့် အစားအသောက်များ ကျွေးမွေးရင်းစကားပြောကြလေသည်။

"အခြေအနေလည်း ပြောပြပါဦး"

"အခု ဟိုနေရာမှာ ဘယ်သူမှ မလာဝံ့ကြသေးဘူး၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ လူမရှိလေ ကျုပ်တို့အတွက်ကတော့ ဟန်ကျနေမှာပါ ပဲ"

"တကယ်လို့ လူစောင့်တွေရောက်လာရင်ကော ဘယ်လိုလုပ်မလဲ"

"မီးပြတိုက်ရှိတဲ့ အငူစွန်းက ကျုပ်တို့အတွက် တကယ့်နေရာကောင်းပဲ အဲဒီမီးပြတိုက်မှာ အစောင့်မရှိလေ ကျုပ်တို့အတွက် ပိုကောင်းလေပဲ၊ တကယ်လို့ မီးပြတိုက်မှာ အစောင့်တွေ ထပ်ရောက်လာတော့လည်း ဒီလိုပဲ အဆင်ပြေအောင် ကြည့်ပြီး စီစဉ်ရမှာပေါ့"

သံပချိုင်က အရက်ခွက်ကိုကိုင်ပြီး စိမ်ပြေနပြေသောက်ရင်းပြောပြသည်။

"ငါ့အထင်ပြောရရင်တော့ အဲဒီမီးပြတိုက်က လူအသေအပျောက်များတော့ သိတဲ့လူတွေကတော့ လာဝံ့မယ်မထင်ပါဘူး"

"မသိတဲ့သူ ရောက်လာတော့လည်း အရေးမကြီးလှပါဘူး ဆရာကြီးရယ် ဒီလိုပဲ အဆင်ပြေအောင်လုပ်ရမှာပေါ့"

"ဒါပေမယ့် တစ်ခုတော့ သတိထားရမယ်"

"ဘာများလည်း ဆရာကြီးရဲ့"

"တလောက မီးပြတိုက်အစောင့် နှစ်ယောက်စလုံးတို့ ပင်လယ်ထဲက တက်လာတဲ့မကောင်းဆိုးဝါးတစ်ကောင်လား ရေသတ္တဝါလားတော့မသိဘူး၊ တက်ဆွဲသွားတာ အစအနတောင် ရှာမရဘူးလို့ ပြောသံကြားတယ်"





"စိတ်မပူရပါဘူး ဆရာကြီးရယ်၊ ကျုပ်တို့မှာ သေနတ်တွေပါတာပဲ လူပဲဖြစ်ဖြစ်၊ သတ္တဝါပဲဖြစ်ဖြစ် သေနတ်နဲ့ပစ်ရင် မခံနိုင်ပါဘူး"

ဟု ဟန်ပါပါနှင့်ပြောရင်း ဖင်းယူလာသော အဝတ်ဖြင့်ထုတ်ထားသော အထုပ်တစ်ထုပ်ကို သံပချိုင်ရှေ့သို့ချပေးလိုက်သည်။

"ဒီမှာ ဒီတစ်ခေါက်ရလာတဲ့ ပစ္စည်းတွေ"

ဇမုန်းထန်ကဖြည်ကြည့်တော့ ရွှေဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ရွှေတုံးအချို့နှင့် ပုလဲနှင့်ကျောက်မျက်ရတနာအချို့တို့ကိုပါ တွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

ရတနာပစ္စည်းများက မီးအိမ်မှမီးရောင်ဖြင့် အရောင်တလက်လက်တောက်ပနေသည်။

"မနည်းပါလား"

"ဟုတ်တယ် ဒီတစ်ခေါက်ကတော့ အချိုကြီးရလာတာပဲ ဒါတွေကို ဘယ်လိုထုခွဲမလဲ"

"ဒီမှာတော့ ထုခွဲလို့မဖြစ်ဘူး၊ ဒီလောက်များတဲ့ ပစ္စည်းတွေကို ရန်ကုန်က ကုန်သည်တွေနဲ့ဆက်ပြီး ထုခွဲရမှာပဲ၊ ပြီးရင်တော့ မင်းအတွက်လည်း မနည်းစေရပါဘူး"

"ရပါတယ်ဆရာကြီးရယ် ကျုပ်ကတစ်ကိုယ်ရေ တစ်ကာယသမားပဲ ဒီလောက်အရေးမကြီးလှပါဘူး၊ ဆရာကြီးတို့ အဆင်ပြေရင် ပြီးတာပါပဲ"

သံပချိုင်က ဇမုန်းထန်နောက်မှာ ထိုင်နေသည့် မြလေး



www.burmeseclassic.com

www.burmeseclassic.com



ခင်ကို တစ်ချက်ကြည့်ရင်း ပြောလိုက်သည်။

မြလေးခင်ကတော့ သူ့ကိုမကြည့်ပေ။

"ဆရာကြီးတို့ ရန်ကုန်ကို ဘယ်တော့လောက်သွားကြမလဲ"

"ဒီတစ်ပတ်ထုခွဲရမယ့် ပစ္စည်းတွေကများတော့ ခပ်စောစောပဲ သွားကြတာပေါ့၊ ရန်ကုန်သွားရင် မင်းပါလိုက်ခဲ့လေ"

ထိုစကားကြားသောအခါ သံပချိုင်မှာ အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်. . .

ဇမုန်းထန်သွားလျှင် မြလေးခင်ပါ ပါမည်ဖြစ်သဖြင့် ကျေနပ်သွားခြင်းဖြစ်သည်။

သူသည် မြလေးခင်ကို တစ်ဖက်သတ်သဘောကျနေသဖြင့် ခရီးအတူတူသွားရမည်ဆိုသောအခါ ဝမ်းသာကျေနပ်သွားခြင်းဖြစ်လေသည်။

မြလေးခင်ကတော့ မာနကြီးသူဖြစ်သဖြင့် သံပချိုင်အပေါ်မှာ ဖုတ်လေသည့်ငပိ ရှိလေသည်ပင် မအောင်းမေ့ပေ။

သံပချိုင်ကတော့ မင်းကုသနှင့် ပပဝတီထုံးနှလုံးမူကာ တစ်နေ့ကျပါက ဇမုန်းထန်အစီအစဉ်နှင့် မရရအောင်ကြိုးစားမည်ဟု စိတ်ဆုံးဖြတ်ထားသူ ဖြစ်လေသည်။





# အခန်း (၉)

# လမ်းမှာတွေ့သော ကာယီတာင်ရှင်

ရန်ကုန်နယ်နိမိတ်အတွင်း၌ လသာ၊ လမ်းမတော်၊ ကီ
စသောနေရာများမှာ နယ်မှလာရောက်သော ကုန်သည်များ
အဝင်အထွက်များသော နေရာများဖြစ်ကြသည်။

လမ်းမတော်ဟူသည် (၁၈၄၂)ခုနှစ်က သာယာဝတီ
မင်း ရန်ကုန်သို့ကြွရောက်လာစဉ်. . ဘုရင့်ဖောင်တော်ဆိုက်မှ
အောင်မြေရန်နှင့် နန်းမြို့တော်သို့ သွားရောက်ရာလမ်းပင်ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ယင်းလမ်းမကို ရန်ကုန်မြို့ ပုရပိုက်မြေပုံတွင် ဖော
တော်ဆိပ်ဆင်းလမ်းဟု ဖော်ပြထားပြီး အောင်မြေရန်နှင့် မြ
တော်၏ တောင်ဘက်မြို့ရိုးရှိ တံခါးသုံးပေါက်အနက် အနောက
ဘက်အစွန်ဆုံးတံခါးဖြစ်သော သစ်ညိုတံခါးမှ မြို့တော်အတွင်း
သို့ ဝင်ရောက်သွားပါသည်။

သာယာဝတီမင်းသည် မြို့တော်သို့ အဝင်အထွက်ပြု
သည့်အခါ ယင်းတံခါးကို အသုံးပြုလေ့ရှိကြောင်း အရှေ့တော
ဆရာတော် ဦးအရိယက မိန့်ကြားခဲ့ဘူးသည်။

(၁၈၅၂)ခုနှစ်၊ အင်္ဂလိပ် - မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွား
အပြီး ရန်ကုန်မြို့ ဗြိတိသျှလက်အောက်ကျရောက်စဉ် မြို့ကွက်
သစ်ဖော်ထုတ်ရာ၌ လမ်းမတော်ကို ပထမဆုံးလမ်းအဖြစ် စတင်
ဖောက်လုပ်ကာ ဗိုလ်ချုပ်ဂေါ်ဒွင်ကို ဂုဏ်ပြုသောအားဖြင့် ဂေါ်
ဒွင်လမ်းဟု အမည်ပေးခဲ့သည်။

မြန်မာဒေသခံ တိုင်းရင်းသားတို့အနေဖြင့် လမ်းမတော်
ဟူ၍သာ ဆက်လက်ခေါ်ဆိုခဲ့ကြပြီးနောက် တစ်စစလူနေစည်
ကားလာသောအခါ လမ်းမတော်မြို့ဟူ၍ ဖြစ်လာခဲ့သည်။

(၁၈၇၁)ခုနှစ်တွင် မင်းတုန်းမင်း၏ ထီးတော်ကို ရွှေတိဂုံ
စေတီသို့ပင့်ဆောင်စဉ် လမ်းမတော်မြို့သူကြီး ဦးကွန်က ပထမ
အဆင့်ဘုံကို ပင့်ဆောင်ရန် တာဝန်ယူခဲ့ရ၏။

ဂျပန်ခေတ် (၁၉၄၄)ခု၊ စက်တင်ဘာ(၂၃)ရက်နေ့တွင်
ဂေါ်ဒွင်လမ်းကို လမ်းမတော်ဟု တရားဝင် ပြောင်းလဲခေါ်ဆိုရန်





အမိန့်ထုတ်ပြန်ခဲ့သည်။

မြန်မာစာပေလောကတွင် ထင်ရှားခဲ့သည့် သတင်းစာ
ဆရာကြီး ယူပီအိုင်ဘသန်းသည် လမ်းမတော်ရပ်၊ (၁၆)လမ်း
ဇာတိဖြစ်ပါသည်။

လမ်းမတော်မြို့နယ်သည် ဗြိတိသျှအစိုးရ၏ ရန်ကုန်မြို့
ကွက်သစ်အရ အစအဦးဒေသဖြစ်သည့် အားလျော်စွာ လမ်းများ
ကိုလည်း အမှတ် (၁)လမ်းမှ အစဉ်လိုက် စတင်ထားပါသည်။

အမှတ် (၁)မှ (၄)အထိ လမ်းနေရာများမှာ ရှေးအခါက
လူနေအိမ်ခြေများ ရှိခဲ့ဟန်မတူပါ။ ဝါးတန်းကြီးလမ်း၌သာ ဝါးခနိ
ရောင်းချသူများ အခြေချနေထိုင်ခဲ့ကြသည်။

ယင်းလမ်းကို ဗြိတိသျှအစိုးရ မြူနီစပါယ်အဖွဲ့ အမှု
ဆောင် အင်ဂျင်နီယာကီလီ (Capt. Keighly)အား ဂုဏ်ပြုလျက်
ကီလီလမ်းဟု မှည့်ခေါ်ခဲ့သည်။

ယင်းလမ်းထိပ်ရှိ ကမ်းနားဈေးကြီးမှာလည်း ကီလီဈေး
ဟု အမည်တွင်ရာမှ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ သီရိမင်္ဂလာ
ဈေးအဖြစ်၊ ထိုမှတဆင့် အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားပြီ
ဖြစ်ပါသည်။

(၁၉၈၉) ခုနှစ်တွင် ကီလီလမ်းကို ဝါးတန်းလမ်းဟု
ပြောင်းလဲခေါ်ဝေါ်စေခဲ့သည်။

အမှတ် (၅)လမ်း (ငှက်ပျောတံတား)နှင့် ကပ်လျက်ရှိ
သော အမှတ်(၆)လမ်းမှာ ကိုင်းတောကြီးအား အစွဲပြု၍ ကိုင်း
တန်းလမ်းဟု အမည်တွင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့ကမူ အင်ဂျင်နီယာချုပ် ဝီလျံ (Lt. William) အား ဂုဏ်ပြုကာ ဝီလျံလမ်းဟု မှည့်ခေါ်ခဲ့ကြသည်။

အမှတ်(၈)လမ်း (ကျွဲမုတ်တန်း)နှင့်ကပ်လျက် လမ်းသစ်လမ်းကိုမူ ဗြိတိသျှတရားသူကြီး မော်တင် (Mr. Morton) အား ဂုဏ်ပြုကာ မော်တင်လမ်းဟု ခေါ်ဆိုကြသည်။

ထိုအတူ အမှတ် (၁၀)လမ်း (ငပိတန်း)နှင့် ကပ်လျက်လမ်းကို လှည်းလုပ်ငန်းလုပ်ကိုင်သူများ နေထိုင်ရာအရပ်ဖြစ်သဖြင့် လှည်းတန်းလမ်းဟုခေါ်တွင်သည်။

အမှတ် (၁၁)လမ်းကို ရှေးအခါက အထက်ပိုင်းအား ဖက်တန်း၊ အလယ်ပိုင်းအား ပိုက်တန်းဟုခေါ်ဆိုကြသည်။

အမှတ် (၁၂)လမ်း (ဖိနပ်တန်း)နှင့် ကပ်လျက်လမ်းကိုမူ ဘုရားငုတ်တိုလမ်းဟုလည်းကောင်း၊ သရက်တောကျောင်းတိုက်မှ ဘုန်းတော်ကြီးများ ဆွမ်းခံကြွရာလမ်းဖြစ်သဖြင့် ဘုန်းကြီးလမ်းဟုလည်းကောင်း ခေါ်ဆိုကြပါသည်။

အမှတ် (၁၃)လမ်းမှာ ခေါင်ချုပ်တန်းခေါ် ငါးရှဉ့်တန်းဟု ခေါ်သည်။

အမှတ် (၁၄) လမ်းကို ကြောင်တစ်ရာတန်းဟု ခေါ်သည်။

အမှတ် (၁၅)လမ်းကို သုံးပင်တန်းဟုခေါ်သည်။

အမှတ် (၁၆)လမ်းကို ထန်းပင်ကုန်းကြက်သွန်တန်းဟု ရှေးက ခေါ်ဆိုခဲ့ကြပါသည်။

ရှေ့၌ရေးသားခဲ့သည့် အခြားစာအုပ်များ၌လည်း သင့်





သလောက်ဖော်ပြပေးခဲ့ပြီးသောကြောင့် လမ်းဟောင်းအမည်များကို ထိုမျှသာပင် ရေးသားဖော်ပြခြင်းဖြစ်ပေသည်။

ဗြိတိသျှလက်အောက်တွင် ကျရောက်နေသော ကာလနှင့် လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတို့တွင်၊ ရန်ကုန် ဆိပ်ကမ်းတစ်လျှောက်အစည်းကားဆုံးနေရာများ ရှိခဲ့သည်။

ထိုအထဲမှာ ညောင်ပင်လေးဈေးရှိရာ သုံးပင်တန်းလမ်း (၁၅)လမ်း၊ ဗောတံတားဆိပ်ကမ်း၊ ကီလီဈေးရှိသော ကီလီလမ်းဆိပ်ကမ်း၊ ကြည့်မြင်တိုင်ဈေးကြီးရှိသော ဈေးကြီးဆိပ်ကမ်း စသည်တို့ ဖြစ်သည်။

ညောင်ပင်လေးဈေးရှိသော ဆိပ်ကမ်းမှာ မြစ်ဝကျွန်းပေါ်ဘက်မှ ကုန်ပစ္စည်းနှင့် ခရီးသည်များတင်ဆောင်လာသော ပုဂ္ဂလိကသင်္ဘောများ၊ လှေသမ္ဗန်တို့ ဆိုက်ကပ်ရာ နေရာဖြစ်သောကြောင့်ပင်. . , ထိုသင်္ဘောများက ညနေပိုင်းအချိန်တွင် သက်ဆိုင်ရာမြို့များသို့ ပြန်လည်ထွက်ခွာသွားကြသည်။

သံဈေး၊ သိမ်ကြီးဈေး၊ လေဟာပြင်ဈေးမှ ကုန်ပစ္စည်းများကို ထိုဆိပ်ကမ်းမှပင် အတင်အချပြုလုပ်သောကြောင့် လူအဝင်အထွက်များသော နေရာဖြစ်သည်။

ထိုအချိန်က မော်တင်ဗောတံတားတွင် ဧရာဝတီသင်္ဘောများ အဝင်အထွက်ရှိပြီး ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး၊ ဖျာပုံ၊ မော်ကျွန်း၊ ဝါးခယ်မ၊ လပွတ္တာ စသောမြစ်ဝကျွန်းပေါ်မြို့များသို့ ပြေးဆွဲနေသော အစိုးရပိုင် ဧရာဝတီသင်္ဘောတို့မှာ မော်တင်၊ ကိုင်းတန်းလမ်း စသောဗောတံတားဆိပ်ကမ်းမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ထိုဆိပ်ကမ်းတစ်ဝိုက်မှာလည်း လူအဝင်အထွက် များလေသည်။

နေ့ရောညပါ လူအဝင်အထွက်၊ လှေသမ္ဗန်၊ စက်လှေတို့ အဝင်အထွက်အများဆုံးနေရာကို ပြပါဆိုလျှင် . . . ကီလီဆိပ်ကမ်းတံတားနေရာကိုပင် ပြရပေမည်။

ထိုနေရာသည် တစ်နေ့လုံး၊ တစ်ညလုံး အလုပ်လုပ်ကြသည့်နေရာလည်းဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဘက်မှ ဝင်လာသော လှေသမ္ဗန်၊ သင်္ဘောစက်လှေများတွင် ငပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းရွက်ဟင်းသီး စသည်တို့ ပါလာပြီး ကီလီဈေးမှာရှိသော ပွဲရုံများမှာ အပ်နှံရောင်းချကြသည်။

အခြားကုန်များထက် ကုလားလူမျိုးတို့ အဓိက လုပ်ကိုင်ကြသော ကြက်ဥ၊ ဘဲဥနှင့် ကြက်ဘဲရောင်းဝယ်ရေးလုပ်ငန်းများမှာ ထိုနေရာ၌ပင် အဓိကထားပြီးလုပ်ကြရာ များစွာလူရှုပ်ထွေးသော နေရာလည်းဖြစ်သည်။

လမ်းဘေးထမင်းဆိုင်၊ အရက်ဆိုင်၊ ခါးပိုက်နှိုက်၊ ပြည့်တန်ဆာများနှင့် ပျံကျဈေးသည်နှင့် ပျံကျအလုပ်သမားတို့ကို အများဆုံးတွေ့နိုင်သော နေရာလည်းဖြစ်သည်။

ထိုနေရာမှာအလုပ်လုပ်၊ ထိုနေရာမှာအိပ်၊ ထိုနေရာမှာစားသောအခြေအနေမှဲ့များလည်း ပေါသည်။

ဆန်ကုန်သည်များ တင်လာသော ဆန်အိတ်များကို





တစ်အိတ်ချင်း လိုက်ဖောက်ပြီး နမူနာယူသော ကုန်သည်ပွဲစားဟန်ဆောင်သူများ၊

(တစ်အိတ်မှ လက်တစ်ဆုပ်စာ ဖောက်ယူရုံနှင့် တစ်ညဆန်လေးငါးပြည် ရလေသည်)

အချို့က ကြက်ခြင်း၊ ဘဲခြင်းမှ နှိုက်ယူသည်။ အချို့က ကြက်ဥ၊ ဘဲဥ သေတ္တာတို့မှ ဖောက်ယူသည်။ ဟင်းရွက်ဟင်းသီး၊ အသီးအနှံများကို ခိုးယူသူတို့လည်းရှိသည်။

မအူမလည်နှင့် ရန်ကုန်ရောက်လာသော ခရီးသည်များထံမှ အထုပ်အပိုးများကို ကူထမ်းပေးပြီး လစ်သည်နှင့် လစ်ပြေးသွားကြသည်။

တစ်ယောက်နှင့်တစ်ယောက် လက်ချင်းပြောင်းယူသည်။ ရလာသောပစ္စည်းတို့ကို မော်တင်ထိပ်မှာရှိသည့် "သူခိုးဈေး" ဟုခေါ်သော ပစ္စည်းအဟောင်း ရောင်းဝယ်သော လမ်းဘေးဆိုင်တို့တွင် သွားရောက်ရောင်းချကြသည်။

ရသောငွေနှင့် စားသောက်ကြသည်။

ထိုသူတို့မှာ နေအိမ်အတည်တကျမရှိပဲ ဗောတံတားတစ်ဝိုက်မှာပင် နေ့ရောညပါ နေကြသဖြင့် အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီဗောတံတားမှာနေသူများဟု ခေါ်ဝေါ်ကြလေသည်။

နယ်မှဝင်လာသော ငါး၊ ပုစွန်တို့ကိုတော့ ကြည့်မြင်တိုင်ဈေးမှာ တင်ပို့ရောင်းချကြသည်။

နောက်ပိုင်း ကီလီဈေးပျက်သွားတော့ အုန်းသီး၊ ငှက်ပျောသီးနှင့် ကြံအရောင်းအဝယ် ပြုလုပ်သူတို့ပါ ကြည့်မြင်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းဘက်သို့ ပြောင်းရွှေ့လာကြသည်။

ကီလီဈေးမှာ နောက်တော့ သီရိမင်္ဂလာဈေးအမည်ဖြင့် ကြည့်မြင်တိုင်ဘက် ရွှေ့သည်။

ထိုနေရာမှာ စည်းကာလာတော့ နောက်တစ်နေရာသို့ ရွှေ့ပြန်သည်။

တဖြည်းဖြည်းနှင့် မြို့စွန်မြို့ဖျားသို့ ရောက်သွားခဲ့ပေပြီ၊ နောက်ထပ်ဘယ်နေရာ ဆက်ရွှေ့ရဦးမည်မှန်း မသိကြသေးပေ။

မြန်မာနိုင်ငံကို လက်ဝါးကြီးအုပ်ထားသော စီးပွားရေးလုပ်ငန်းရှင်အချို့က မျက်စိကျလျှင် ထိုနေရာမှ ဖယ်ပေးဖို့သာ ပြင်ကြရသည်။

စီမံကိန်းဆိုတာ လူအများအကျိုးရှိဖို့ လုပ်တာလား၊ ဒါမှမဟုတ် လူနည်းစု အကျိုးရှိဖို့လုပ်နေတာလားပင် မသိကြတော့ပေ။

ဈေးကြီးတွေ နေရာဖယ်ပေးရတာ မသိသာသော်လည်း လယ်မြေတွေ အသိမ်းခံရပြီး၊ ရွာလုံးကျွတ် နေရာဖယ်ပေးရသည်ကတော့ ရင်နာစရာကောင်းသည်။

လုပ်ငန်းရှင်ကြီးများက အပျော်တမ်း ဘောလုံးတစ်သင်းထောင်သော ငွေကြေးလောက်ပင်မရှိသည့် လျော်ကြေးငွေများပေးသည်ဆိုသည်ကိုပင် မရကြပေ။

ဒါတွေထားပါတော့. . .၊

ဒီအကြောင်းတွေရေးလျှင် ဝတ္ထုရေးတဲ့အထိ ရောက်တော့မည်မဟုတ်ပေ။





ဒါကြောင့် ရေးလက်စဝတ္ထုကိုပင် ဆက်ရေးပါတော့သည်။

အင်္ဂလိပ်များ အုပ်စိုးစဉ်က ထိုကဲ့သို့သော မတရားပြုလုပ်မှုများ မရှိသဖြင့် မူလရှိခဲ့သော ဈေးများ၊ ဆိပ်ကမ်းများမှာ စည်ကားလှသည်။

ဇမုန်းထန်တို့ စက်လှေမှာ ညောင်ပင်လေးဈေးဆိပ်ကမ်းမှာပင် ဝင်ရောက်ဆိုက်ကပ်ကြသည်။

စက်လှေပေါ်မှာတင်ဆောင်လာသော ငပိ၊ ငါးခြောက်ပုစွန်ခြောက် စသောပင်လယ်ထွက်ကုန်တို့ကို ဆိပ်ကမ်းတစ်ဝိုက်မှာရှိသော ပွဲရုံများသို့ တင်ပို့ပေးသည်။

ပွဲရုံများကရောင်းချပြီးလျှင် ပွဲခနှုတ်ယူပြီး ကျသင့်ငွေရှင်းပေးသည်။

ထိုကိစ္စများပြီးသောအခါ ဇမုန်းထန်၊ သံပချိုင်နှင့် မြလေးခင်တို့ သုံးယောက်က ယူလာသော ရွှေထည်ပစ္စည်းများကို တရုတ်တန်းဘက်မှ ဖောက်သည်များထံမှာ သွားရောက် ရောင်းချကြသည်။

တရုတ်တန်းဘက်မှာလည်း ထိုကဲ့သို့ လျှို့ဝှက်စွာလာရောက်ရောင်းချသည်ကို ဝယ်ယူသူများရှိသည်။

ဇမုန်းထန်က တရုတ်ကုန်သည်ကြီး တစ်ယောက်ထံမှာ ရောင်းချလိုက်သည်။

"ဒီတစ်ခါတော့ အတော်များပါလား၊ ပွဲပေါက်တစ်ခု တိုးလာကြတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဘာသာ ပွဲပေါက်တိုးလည်း အရေးမကြီးပါဘူး ပစ္စည်းတွေကိုတော့ ဈေးအမှန်အတိုင်းပေးပါ"

"စိတ်ချစမ်းပါ ကိုယ့်ဖောက်သည်တွေပဲ ဈေးမနှိမ်ပါဘူး၊ ခင်ဗျားမကျေနပ်ရင် အပြင်မှာ တခြားလူတွေဆီ စုံစမ်းကြည့်ပါ"

"မစုံစမ်းပါဘူး၊ ခင်ဗျားကိုယုံပါတယ်"

"ကျုပ်ဆီမှာရောင်းရင် ပုလိပ်တွေ အနှောင့်အယှက်ဘာမှမရှိစေရပါဘူး၊ အနောက်ပိုင်းခရိုင် အုပ်ချုပ်နေတဲ့ ဗိုလ်သခင်နဲ့ကျုပ်နဲ့က အဆက်အသွယ်ရှိပါတယ်"

ဇမုန်းထန်က ခေါင်းညိတ်ပြလိုက်သည်။

"နောက်လည်း ပစ္စည်းရရင် ယူလာပေးပါနော"

"စိတ်ချပါ တစ်လတစ်ခေါက်၊ နှစ်လတစ်ခေါက်တော့ ရောက်မှာပါ"

ဟု ပြောပြီး ပစ္စည်းအရောင်းအဝယ်ကိစ္စ ပြီးသောအခါ ဆိပ်ကမ်းဘက်သို့ ပြန်လာကြသည်။

သူတို့ဆိပ်ကမ်းဘက် ပြန်ဆင်းလာတော့ ညနေပိုင်းအချိန်ဖြစ်သည်။

ဇမုန်းထန်က ကျုံးကြီးလမ်းဘက်မှ အသိမိတ်ဆွေတစ်ယောက်ထံ ဝင်စရာရှိသဖြင့် သံပချိုင်ကို အရင်ပြန်လွှတ်လိုက်သည်။

ထိုနေရာသို့ မြလေးခင်နှင့် သားအဖနှစ်ယောက်တည်း လန်ချားဖြင့် သွားကြလေသည်။





ကျုံးကြီးလမ်းထောင့် လူပြတ်သောနေရာ ရောက်သောအခါ သူတို့ လန်ချားနောက်မှ ဂျစ်ကားတစ်စင်း မောင်းလိုက်လာပြီး လန်ချားရှေ့မှ ပိတ်ရပ်လိုက်သည်။

ထို့နောက် ကားပေါ်မှ လူငါးယောက် ဆင်းလာသည်။ အားလုံး လူဆိုးလူမိုက်များပုံစံ ဖြစ်သည်။ သူတို့က အနားကပ်ပြီး ဇမုန်းထန်တို့သားအဖကို လန်ချားပေါ်မှ ဆင်းခိုင်းသဖြင့် ဆင်းကြရသည်။ အောက်ရောက်တော့မှ ခေါင်းဆောင်လုပ်သူက ပြောသည်။

"ခင်ဗျားတို့မှာ ပစ္စည်းရောင်းရတဲ့ငွေပါလာမှန်း ကျုပ်တို့သိတယ်၊ အသက်မသေချင်ရင် ပေးထားခဲ့"

"ကျုပ်တို့မှာ ငွေမပါတော့ပါဘူး"

"ဒီလမ်းမတော် ကီလီတစ်ဝိုက်မှာ စိန်တစ်လုံး မသိတာဘာမှမရှိဘူး၊ ခင်ဗျားတို့ တရုတ်တန်းက မှောင်ခိုကုန်သည် တစ်ယောက်ဆီမှာ မှောင်ခိုရလာတဲ့ ရွှေထည်တွေ ရောင်းလာခဲ့တာ သိပြီးသားပါ၊ မယုံရင် ဘယ်လောက်ရလာတယ်ဆိုတာပါ ပြောလိုက်ရမလား"

ထိုစကားကြားတော့ ဇမုန်းထန်မှာ ပါးစပ်အဟောင်းသားဖြစ်သည်အထိ အံ့ဩသွားလေသည်။

"အေးအေးဆေးဆေး တောင်းနေတာကို ပေးပါ၊ ဒီနေရာတစ်ဝိုက်မှာ စိန်တစ်လုံးကို ဘယ်သူမှ မကျော်ဝံ့ဘူး၊ ဘယ်သူမှလည်း ဝင်ပြီးအကူအညီပေးဝံ့မှာ မဟုတ်ဘူး၊ အေးအေးဆေးဆေးတောင်းနေတာ မရရင် ခင်ဗျားကိုသတ်ပြီး ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



နောက်က ကောင်မလေးကို ခေါ်သွားမယ်. . "

ထိုသို့ပြောသဖြင့် မတတ်သာတော့ပဲ အတွင်းအိတ်ထဲမှာ ဖွက်ယူလာသော ငွေအိတ်ကို ထုတ်ပေးရတော့မည့် ဆဲဆဲမှာ လမ်းကြားတစ်ခုထဲမှ ထွက်လာသော လူရွယ်နှစ်ယောက်က သူတို့အနီးသို့ ရောက်လာကြသည်။

အနားရောက်လာပြီး အခြေအနေကို အကဲခတ်မိဟန်ဖြင့် ရပ်ကာမေးလိုက်သည်။

"ဦးတို့ဘာဖြစ်နေကြတာလဲ၊ ကျွန်တော်တို့ ဘာများအကူအညီပေးရမလဲ"

ထိုစကားကြောင့် စိန်တစ်လုံးဆိုသူမှာ ဒေါသဖြစ်သွားလေသည်။

ခါးထဲမှ ဓားမြှောင်ကိုဆွဲထုတ်လိုက်သည်။ ကျန်လေးယောက်ကလည်း ဓား၊ သံတုတ်၊ ချိန်းကြိုး စသည်တို့ကို ထုတ်လိုက်ကြသည်။

"ကိုယ့်ကိစ္စမဟုတ်ပဲ ဝင်မပါချင်နဲ့၊ ကိုယ့်လမ်းကိုယ်သွားမလား"

ထိုသို့ပြောသော်လည်း လူရွယ်နှစ်ယောက် ရပ်မြဲရပ်နေကြသည်။

"ဒီလောက်ဝင်ပါချင်တဲ့ ငနဲတွေ မှတ်လောက်အောင်လုပ်လိုက်စမ်းကွာ"

ထိုသို့ပြောသဖြင့် လူမိုက်လေးယောက်တို့က လက်နက်များဖြင့် ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။





အဝတ်အစားဟောင်းနွမ်းနေသည်များကို ဝတ်ဆင်ထားကြသော လူရွယ်နှစ်ယောက်တို့ကလည်း လက်နက်မပါပဲ လက်ချည်းသက်သက်ဖြင့် ပြန်လည်တိုက်ခိုက်ကြလေသည်။

သို့သော်လည်း တိုက်ခိုက်မှု ကျွမ်းကျင်သူများဖြစ်သဖြင့် လက်နက်ကိုင်ထားသော လူငါးယောက်တို့ အသာစီးမှပင် တိုက်ခိုက်နိုင်ကြလေရာ အချိန်အနည်းငယ်အတွင်းမှာပင် လူမိုက်ငါးယောက်တို့မှာ ကားပေါ်ပြန်တက်ပြီး ထွက်ပြေးသွားကြလေတော့သည်။

ဒီတော့မှ ဇမုန်းထန်နှင့် မြလေးခင်တို့ သားအဖနှစ်ယောက်တို့မှာ စိတ်သက်သာရာရသွားကြလေသည်။

"ကျေးဇူးတင်လိုက်တာကွာ မင်းတို့နှစ်ယောက်သာရောက်မလာရင် ငါတို့သားအဖတော့ ဒုက္ခရောက်ကြမှာ အသေအခြာပါပဲ၊ ဒါထက် မင်းတို့နှစ်ယောက်ကို ကျေးဇူးဆပ်ချင်ပါတယ်"

"နေပါစေဦးရယ် ခရီးသွားရင်း ကြုံကြိုက်လို့ဝင်ပြီး အကူအညီပေးရတာပဲ"

"ဒါထက် ငါ့တူတို့ကဘယ်သွားလို့ ဘယ်လာကြမှာလဲ"

"ကျွန်တော်တို့က ပဲခူးနယ်ဘက်က လာကြတာပါ. . ၊ သဘော်ဆိပ်ဘက် သွားမလို့ပါ"

"ဘာကိစ္စများရှိကြလို့လည်းကွယ့်"

"အော်. . ဒီလိုပါ ကျွန်တော်တို့နယ်ဘက်တွေမှာ စစ်ဘေးစစ်ဒဏ်တွေ နှိပ်စက်တာကြောင့် အလုပ်အကိုင်က ရှားပါး



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းဘက်တွေမှာတော့ စစ်ဘေးစစ်ဒဏ်နဲ့ ဝေးတော့ အလုပ်အကိုင် မရှားဘူးလို့ သတင်းကြားတာနဲ့ နှစ်ယောက်သား အလုပ်ရှာသွားကြဖို့ စိတ်ကူးနဲ့ ထွက်လာကြတာပါ"

"အခန့်သင့်လိုက်လေကွယ် ကျုပ်ကမြစ်ဝကျွန်းပေါ် ပင်လယ်ဘက်ကလာတဲ့သူပဲ၊ မောင်ရင်တို့နှစ်ယောက် ကျုပ်နဲ့အတူလိုက်ခဲ့မယ်ဆိုရင်တော့ ဟိုရောက်ရင် အလုပ်ကလေးဘာလေး ပေးနိုင်ပါတယ်"

ထိုအခါ လူရွယ်နှစ်ယောက်တို့မှာ အချိုရှာ သကာနှင့်တွေ့ဆိုသလို တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဝမ်းသာသော အမူအရာများ ပေါ်လာလေသည်။

"ဒါထက် ကျွန်တော်တို့အတွက်များ ဝန်ထုပ်ဝန်ပိုဖြစ်နေမလား"

"မဖြစ်ပါဘူးကွယ် ငါက မင်းတို့နှစ်ယောက်ရဲ့ အစွမ်းအစကိုကြည့်ပြီး မြင်မြင်ချင်း သဘောကျနေတာ၊ ငါတို့နဲ့သာ လိုက်ခဲ့ပါကွယ်၊ အခက်အခဲမရှိစေရပါဘူး"

"ဒီလိုဆိုရင်လည်း ကျေးဇူးတင်ပါတယ်ဗျာ"

ထိုသို့ပြောဆိုပြီး ဇမုန်းထန်က ထိုလူရွယ်နှစ်ယောက်ကို တစ်ပါတည်းခေါ်ကာ စက်လှေရှိရာသို့ ပြန်ဆင်းလာခဲ့လေသည်။ ဇမုန်းထန်နှင့်အတူ အဝတ်အစားဟောင်းဟောင်း နွမ်းနွမ်းဖြင့် လွယ်အိတ်တစ်လုံးစီးလွယ်ထားသော လူနှစ်ယောက်ပါလာသောကြောင့် သံပချိုင်က အံ့ဩသွားသည်။





သူက ဇမုန်းထန်အနီးသို့ တပ်ပြီးမေးသည်။

"ဆရာကြီး ဘယ်ကလူတွေ ခေါ်လာတာလဲ"

ဇမုန်းထန်က အဖြစ်အပျက်များကို အတိုချုပ်ပြီး ပြောပြလိုက်သည်။

"ဘယ်ကလာတဲ့ လူတွေမှန်း သေသေချာချာမသိရပဲနဲ့ ကျုပ်တို့ဆီ ခေါ်သွားလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ သူတို့ကြည့်ရတာ လူကောင်းတွေဖြစ်မယ်ထင်ပါရဲ့"

"အခုအချိန်ကာလမှ ခေတ်ကာလက မကောင်းတော့ ဘယ်သူ့ကိုမှ စိတ်ချယုံကြည်လို့မရဘူး၊ နောက်ပြီး ကျုပ်တို့က လျှို့ဝှက်အလုပ်တွေလည်း ရှိလေတော့"

"စိတ်မပူပါနဲ့ သံပချိုင်ရယ် သူတို့ကိုခေါ်သွားပြီး ငါတို့လုပ်ငန်းတွေမှာ အသုံးချလို့ရရင် အသုံးချကြည့်တာပေါ့၊ မရဘူးဆိုတော့လည်း ဟိုရောက်မှပဲ တစ်မျိုးကြည့်ပြီး စီစဉ်ကြတာပေါ့"

ထိုသို့ပြောဆိုပြီး လမ်းမှာ ဝင်ရောက်အကူအညီပေးကြသော လူရွယ်နှစ်ယောက်တို့ကို စက်လှေပေါ်တင်ခေါ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

# ပုဏ္ဏာဆန်သောမိတ်ဆွေများ

ခမောက်မော်သို့ ပြန်ရောက်ကြသောအခါ ဇမုန်းထန်၊ မြလေးခင်၊ သံပချိုင်တို့က ရန်ကုန်မှခေါ်လာသော လူရွယ်နှစ်ယောက်ကို မေးမြန်းကြလေသည်။

သံပချိုင်ကတော့ မြလေးခင်နှင့် အသက်ချင်းမတိမ်းမယိမ်းရှိပြီး ရုပ်ရည်ကလည်း ယောကျာ်းပီသသည့် ရုပ်ရည်ရှိကြသော လူရွယ်နှစ်ယောက်ပါလာသဖြင့် မကျေမနပ်ဖြစ်နေပုံရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ မှုန်ကုပ်နေလေသည်။

"ကိုင်း. . မင်းတို့နှစ်ယောက်ရဲ့ နာမည်တွေလည်း ပြောကြပါဦး"

"ကျွန်တော့်နာမည်က နီမောင်လို့ ခေါ်ပါတယ်၊ သူ့နာမည်ကတော့ ကျော်စွာပါ"

နီမောင်က ပြောပြလိုက်သည်။

"မင်းတို့ကဘယ်နယ်ကလဲ"

"ပဲခူးဘက်မှာရှိတဲ့ ရွာတစ်ရွာကပါ"

ထိုအခါ သံပချိုင်က ဝင်ပြောသည်။

"မင်းတို့နှစ်ယောက်ကြည့်ရတာ တောသားနဲ့လည်း သိပ်မတူကြဘူး၊ ပင်လယ်ဒေသမှာ အလုပ်လုပ်မယ်ဆိုရင် အကြမ်းခံနိုင်မှဖြစ်မှာ၊ လုပ်ကောလုပ်နိုင်ကြပါ့မလား"

"ကျွန်တော်တို့ ကြိုးစားလုပ်ပါ့မယ်"

"စမ်းကြည့်သေးတာပေါ့ကွာ တော်ကြာမှသာ ပြန်မပြေးကြလေနဲ့"

ဟုပြောပြီး ထသွားလေသည်။

သံပချိုင်ထသွားတော့မှ မြလေးခင်ကမေးသည်။

"ရှင်တို့ကဘယ်လို အလုပ်မျိုးလုပ်ချင်တာလဲ"

"ဒါကတော့ နောက်မှပဲ ကြည့်ပြီးစီစဉ်ရမှာပါပဲ၊ အခုလောလောဆယ်တော့ ထမင်းစားရဖို့ ရတဲ့အလုပ် ဝင်လုပ်ပါ့မယ်"

ကျော်စွာကပါဝင်ပြောလိုက်သည်။





မြလေးခင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုအချိန်က မိုးဦးကျရာသီရောက်ပြီဆိုတော့ ပင်လယ် မထွက်ကြတော့ဘူး၊ မိုးကုန်လို့ လုပ်ငန်းတွေပြန်စရင်တော့ ရှင်တို့အတွက် အလုပ်ရနိုင်ပါတယ်၊ ဒီတော့ နောက်ရာသီ မစခင်မှာတော့ ကျွန်မတို့ ငါးရွဲဒိုင်မှာပဲ ဝင်လုပ်ကြပေါ့၊ ဘယ်လိုလည်း လုပ်နိုင်ကြမှာလား"

"လုပ်ပါ့မယ် အခုလို အလုပ်ပေးထားတာကိုပဲ ကျေးဇူးတင်လှပါပြီ"

"လုပ်အားခတော့ သတ်သတ်မှတ်မှတ်ရမှာမဟုတ်ဘူး၊ ဒီကရှင်တို့ကို ထမင်းကျွေးထားမယ်၊ နေတာကတော့ နောက်ဘက်က အလုပ်သမားတန်းလျားမှာ အလုပ်သမားတွေနဲ့ အတူနေပေါ့"

"ဟုတ်ကဲ့"

"ရှင်တို့ရတဲ့ လုပ်အားခထဲက ထမင်းဖိုး၊ ရေဖိုးနှုတ်ပြီး ပိုတာရမယ်၊ ဘယ်လိုလဲ"

"လောလောဆယ်တော့ ကျွန်တော်တို့အတွက် နေဖို့ စားဖို့ပေးထားတာကိုပဲ ကျေးဇူးတင်ပါတယ်"

ထိုအခါ မြလေးခင်က နောက်ဘက်တန်းလျားမှာရှိသော အလုပ်သမားနှစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ ထိုနှစ်ယောက်ရောက်လာသောအခါ. . .

"သူတို့နှစ်ယောက်က ဒီကအလုပ်သမားတွေပဲ စောထီးနဲ့ ငမဲအောင်လို့ ခေါ်တယ်၊ ရှင်တို့နှစ်ယောက် သူတို့နဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



တူနေပေတော့"

ဟု ပြောသဖြင့် နှစ်ယောက်သား ပါလာသောလွယ်အိတ်များကိုယူပြီး ထလိုက်သွားကြသည်။

ထိုအခါ ဇမုန်းထန်က ဆေးပြင်းလိပ်ဖွာရင်း မေးသည်။

"သမီး အကဲခတ်ကြည့်တော့. . . ဘယ်လိုသဘောရသလဲ"

"နှစ်ယောက်စလုံး ရိုးသားပုံတော့ရပါတယ်၊ ဒါပေမယ့် သူတို့ကြည့်ရတာ နည်းနည်းတော့ ထူးဆန်းနေသလိုပဲ"

"ဘယ်လို ထူးဆန်းတာလဲ"

"သူတို့နေရာက ဒီလောက်ဝေးတဲ့ ပင်လယ်ကိုမှလာပြီး အလုပ်လုပ်ကြတာကို အံ့ဩနေတာပါ၊ နောက်ပြီး သူတို့လာတဲ့အချိန်က အခြားအလုပ်သမားတွေလာတဲ့ ရာသီချိန်လည်း မဟုတ်ဘူး"

ထိုအခါ ဇမုန်းထန်ကတော့ ဖြစ်နိုင်ခြေရှိသည်ကို ပြောပြသည်။

"အခုအချိန်က မြန်မာတစ်နိုင်ငံလုံးမှာ စစ်ဖြစ်နေကြတော့ အဲ့ဒီမှာနေကြတဲ့လူတွေ ဘာမှမလုပ်နိုင်ကြဘူး၊ ဒါကြောင့် လာကြတာနေမှာပေါ့"

"ဘာပဲဖြစ်ဖြစ် သုံးကြည့်သေးတာပေါ့၊ အဆင်မပြေတော့လည်း ဖယ်ထုတ်လိုက်တာပေါ့"

ဟု ပြောလေသည်။

နီမောင်နှင့် ကျော်စွာတို့မှာ စောထီး၊ ငမဲအောင်တို့နှင့်





အသိမိတ်ဆွေဖြစ်သွားသောကြောင့် သိချင်တာများကို မေးကြည့်ကြသည်။

နယ်ခံနှစ်ယောက်ကလည်း မြင်မြင်ချင်း ခင်မင်ကြကာ ပြောပြကြသည်။

"ဒီမှာတော့ အလုပ်ရှင်အဘိုးကြီးထက် ပိုပြီးကြောက်စရာကောင်းတဲ့ နှစ်ယောက်ရှိတယ်"

"ဘယ်သူတွေလဲ"

"သူ့သမီးနဲ့ သူ့တပည့် သံပချိုင်ပဲ"

"သူ့သမီးက ဘယ်သူတဲ့လဲ"

"မြလေးခင် လို့ခေါ်တယ်"

"ရုပ်ကတော့ အတော်ချောတယ်"

"ရုပ်ချောသလောက် မာနကြီးတာကတော့ ရုပ်နဲ့မလိုက်ဘူး၊ ဒီမှာတော့ သူနဲ့အဆင်ပြေရင် ဘာမဆိုဖြစ်ပါတယ်"

"ကိုယ့်အလုပ်ကိုယ်လုပ်နေတာပဲ မဖြစ်စရာအကြောင်း မရှိပါဘူး"

"မင်းတို့နှစ်ယောက် ရုပ်ရည်မျိုးနဲ့ဆိုရင် အဆင်ပြေနိုင်ပါတယ်"

ထိုသို့ပြောသဖြင့် နီမောင်နှင့် ကျော်စွာတို့က ရယ်နေကြသည်။

"ဒါထက် သံပချိုင် ဆိုတာက"

"အဘိုးကြီးရဲ့ လက်ရုံးတပည့်ပဲ ဒီမှာအလုပ်လုပ်နေတဲ့ အလုပ်သမားတွေက သူ့စကားကိုနားထောင်ကြရတယ်၊ သူစိတ်



www.burmeseclassic.com

www.burmeseclassic.com



မထင်ရင် မထင်သလို လုပ်တတ်တယ်"

နီမောင်ကတော့ ဘာမှစိတ်မဝင်စားသလို အမူအရာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"မင်းတို့က တခြားမှာ အလုပ်ဒီလောက်ရှားလို့ ဒီနေရာမျိုးလာကြရသလား၊ ဒီမှာရှိတဲ့ အလုပ်တွေမှန်သမျှ ပင်ပန်းတယ် ဘယ်အလုပ်မဆို အသက်နဲ့ရင်းပြီး လုပ်ကြရတာချည်းပဲ"

"ဘယ်တတ်နိုင်ပါ့မလဲကွာ ဟိုမှာအဆင်မပြေတော့လည်း ဒီလိုပဲ ရတဲ့နေရာလာလုပ်ကြရတာပေါ့၊ ထမင်းစားရဖို့က အရေးကြီးတယ်"

"အင်း. . ဟုတ်ပါတယ်၊ နောက်တော့လည်း နေသားကျသွားကြမှာပါ ငါတို့လည်း ဒီရွာခံတွေမဟုတ်ပါဘူး၊ အခြားဒေသက လာကြတာပါပဲ"

"ဒါထက် ငါတို့ကဘာလုပ်ရမှာလဲ"

"ငါးပုစွန်ပို့တဲ့ လှေတွေဝင်လာရင် ငါးတောင်းတွေ ထမ်းတင်ရမယ်၊ ငါးအမျိုးအစား၊ ပုစွန်အမျိုးအစားတွေ ခွဲပြီး ရာဇူတိုင်နဲ့ ချိန်ရတယ်၊ ပြီးရင်တော့ ငါးခြောက်ခွဲတာတို့ ပုစွန်ခြောက်လုပ်တာတို့ အများကြီးရှိတယ်၊ တစ်နေလုံး အလုပ်နဲ့ လက်နဲ့ မပြတ်လှပါဘူး"

"ကောင်းတာပေါ့ကွာ"

"မင်းတို့ လုပ်နိုင်ကြပါ့မလား"

"ကြိုးစားရမှာပေါ့ ပထမပိုင်းတော့ မင်းတို့ဆီက သင်ရမှာပဲ"





"ဒီအလုပ်တွေက စာသင်ရတာလောက် မခက်ပါဘူး၊ ကြည့်ရုံမြင်ရုံနှင့် တတ်ပါတယ်"

နောက်တစ်နေ့ မနက်ပိုင်းမှာတော့ နီမောင်နှင့် ကျော်စွာတို့နှစ်ယောက်မှာ စောထီးတို့နှင့်အတူ အလုပ်ဆင်းကြလေသည်။

ငါးရောင်းချရန် ရောက်လာသော လှေများထဲမှ ငါးတောင်း ပုစွန်ထည့်ထားသောတောင်းများကို ရွဲစင်ပေါ်သို့ ထမ်းတင်ရသည်။ ပြီးလျှင် ငါးအမျိုးအစား၊ ပုစွန်အမျိုးအစားများကို ခွဲပြီး ရာဇူတိုင် (သစ်သားဖြင့်ပြုလုပ်ထားသော ချိန်ခွင်ကြီးဖြစ်ပြီး တောင်းလိုက်ထည့် ချိန်တွယ်၍ရသည်) နှင့်ချိန်ပြီး အလေးချိန်ကို မနီးမဝေးမှာ စာရင်းမှတ်နေသည့် မြလေးခင်ကို လှမ်းပြောရသည်။

မြလေးခင်က ထိုစာရင်းများကို မှတ်သားထားပြီး ဈေးနှုန်းများအတိုင်း တွက်ချက်ကာ ငါးပို့သူများကို ငွေရှင်းပေးရလေသည်။

ငါးပို့သူတို့မှာ အချို့လည်း အလုပ်မကောင်းသော ရက်များတွင် ငါးရွဲဒိုင်မှ ငွေကြိုယူထားလေရာ ငါးရလာသော ရက်များတွင် အချို့တစ်ဝက် ပြန်ခွဲဆပ်ကြရသည်။

ထိုစာရင်းများကိုလည်း မြလေးခင်ကပင် ဒိုင်ခံရှင်းပေးလေသည်။ စာရင်းသွင်းပြီးသည်နှင့် ငါးခြောက်ခွဲသောနေရာသို့ ပို့ပေးရသည်။

ငါးခြောက်ခွဲသော အလုပ်ကိုတော့ ရွာထဲမှ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



များက လာရောက်လုပ်ကိုင်ကြသည်။

ပုစွန်များကိုတော့ ရေခဲရိုက်တန်တာရိုက်၊ ပုစွန်ခြောက်လုပ်တန်တာလုပ်ဖို့ သက်ဆိုင်ရာနေရာများ ရောက်အောင် ထမ်းပို့ပေးရသည်။

နီမောင်နှင့်ကျော်စွာတို့မှာ လူသစ်များဖြစ်သော်လည်း လူဟောင်းအလုပ်သမားများကဲ့သို့ပင် လုပ်နိုင်ကြလေသည်။

မြလေးခင်ကတော့ စာရင်းမှတ်နေရင်းမှ သူတို့နှစ်ယောက်ကို မသိမသာအကဲခတ်ကြည့်နေသည်။

နေ့လယ်ဘက် ထမင်းစားချိန်ရောက်တော့ အလုပ်နားကြသည်။

ထမင်းစားတော့လည်း အခြားအလုပ်သမားများနှင့် အတူတူ ဝိုင်းဖွဲ့စားသောက်ရသည်။

ထမင်းစားပြီးတော့ အခြားအလုပ်ရှိသည်များကိုလုပ်ပေးရသည်။

ပုစွန်ကျပ်တိုက်ရန် မီးထိုးပေးရခြင်း၊ ထင်းခွဲခြင်းအလုပ်များအထိ ရှိသမျှလုပ်ပေးရသည်။

ညနေပိုင်းအလုပ်ပြီးတော့ မြလေးခင်က သူတို့ကိုခေါ်မေးသည်။

"ရှင်တို့က အခုမှအလုပ်ဝင်တာဆိုတော့ လုပ်အားခ မရသေးဘူး သုံးစရာမရှိရင် ငွေကြိုထုတ်ထားကြမလား"

"မထုတ်ပါဘူး"

"ဟင်. . ဆေးလိပ်ဖိုး၊ ကွမ်းဖိုးတောင် မယူဘူးလား"





"ဆေးလိပ်လည်းမသောက်၊ ကွမ်းလည်းမစားပါဘူး"

မြလေးခင် အံ့ဩသွားဟန်ရှိသည်။

"ဒါဖြင့် အရက်ရော သောက်သလား"

"မသောက်ပါဘူး"

"လူထူးလူဆန်းတွေပါလား"

"ဘာဖြစ်လို့လဲ"

"ဒီမှာ အလုပ်လုပ်နေတဲ့ လူတွေမှန်သမျှ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်မသောက်တဲ့ သူတစ်ယောက်မှ မရှိဘူး၊ ဘိန်းစွဲနေတဲ့လူတွေလည်း အများကြီးပဲ"

"ဒါတွေက မသောက်မစားလည်း ရတာပဲဟာ၊ သောက်စားတော့ ကိုယ့်ဘာသာ ဒုက္ခပေးသလို ဖြစ်နေတာပေါ့"

"ဒါကြောင့် ရှင်တို့ကို လူထူးလူဆန်းတွေလို့ ပြောတာပေါ့၊ ဒါထက်ရှင်တို့က အခုမှလုပ်ကာစဆိုတော့ အခုလုပ်နေတဲ့ အလုပ်တွေ လုပ်နိုင်ရဲ့လား"

"လုပ်နိုင်ပါတယ် ဒီလိုပဲ ကြိုးစားရမှာပေါ့"

"တကယ်လို့ မလုပ်နိုင်ရင် အလုပ်ပြောင်းပေးမလို့ မေးတာပါ"

"တခြား အလုပ်တွေက ဘာများရှိသေးလို့လဲ"

"ဒီမှာတော့ အများကြီးပါပဲ ပုစွန်ခြောက်လုပ်တဲ့နေရာက ဒီလောက်မပင်ပန်းဘူး"

"ရပါတယ်ဗျာ ကျွန်တော်တို့ဒီမှာပဲ လုပ်ပါ့မယ်၊ အခုမှ ရောက်လာပြီး သက်သာတဲ့နေရာ ဝင်လုပ်ရင်လည်း မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကျွန်တော်တို့အတွက် အခုလိုပြောတာ ကျေးဇူးတင်ပါတယ်"

ဟုပြောကာ ပြန်ထွက်သွားကြလေသည်။

မြလေးခင်တစ်ယောက်မှာသာ အတွေးများစွာဖြင့် ကျန်ခဲ့လေသည်။

"သူတို့ကြည့်ရတာတစ်မျိုးပဲ ဒီမှာရှိတဲ့လူတွေနဲ့ မတူတာတော့အမှန်ပဲ ပိုက်ဆံရဖို့ လာလုပ်နေကြပေမယ့် ပိုက်ဆံပေးပြန်တော့လည်း မက်မောဟန်မတူဘူး၊ ဘယ်လိုလူမျိုးတွေလည်း မသိဘူး"

ထိုအခိုက်မှာပင် သူမရှိရာသို့ သံပချိုင်ရောက်လာသည်။

"ဟို နှစ်ယောက်ကို ဘာတွေခေါ်ပြောတာလဲမြလေး"

"အလုပ်ကိစ္စ ခေါ်မေးတာပါ"

"ငါလည်း သူတို့ကို အကဲခတ်ကြည့်နေတယ် လူသစ်တွေဆိုတော့ စိတ်ချလက်ချထားလို့တော့မရဘူး၊ ငါတို့မှာက လျှို့ဝှက်တဲ့အလုပ်တွေရှိနေလို့ အပြင်ကလူစိမ်းတွေ ရောက်လာတာ သိပ်သဘောမကျဘူး"

"အဖေခေါ်လာတာ ဘာတတ်နိုင်မှာလဲ"

ဟုပြောပြီး မြလေးခင်ကနေရာမှ ထသည်။

"နေပါဦး နင့်ကိုပြောစရာရှိလို့"

"ဘာပြောမှာလဲ"

"တခြားမဟုတ်ပါဘူးဟာ လူစိမ်းတွေနဲ့ အရောတဝင်





သိပ်မနေဖို့ သတိပေးမလို့ပါ'

"ဒါက ကျွန်မသဘောပါ၊ ရှင်ကအလုပ်သမား ကျွန်မက အလုပ်ရှင်ပဲ ကိုယ့်ဆီမှာ အလုပ်လုပ်နေတဲ့လူက အလုပ်ရှင်ကို ပြန်ပြီး ဩဝါဒပေးစရာမလိုပါဘူး"

ဟု ပြောပြီးထွက်သွားရာ သံပချိုင်မှာ မချိသွားဖြဖြစ်ကာ ကျန်ခဲ့လေသည်။

"နင် ဒီလောက်မာနကြီးနေတာ တစ်နေ့တော့ သံပချိုင်အကြောင်း သိရမှာပေါ့ဟာ"

ဟု စိတ်ထဲမှ ကြိမ်းဝါးလိုက်လေသည်။

တစ်နေ့တော့ အလုပ်နားသောညနေပိုင်းအချိန်တွင် နီမောင်နှင့် ကျော်စွာတို့နှစ်ယောက်မှာ ခမောက်မော်ရွာထဲသို့ လိုက်ကြည့်ကြလေသည်။

ခမောက်မော်ရွာမှာ ရှေးက ယခုလောက်ကြီးကျယ်သော ရွာကြီးမျိုးမဟုတ်ပဲ သူကြီးအုပ်ချုပ်သော သာမန်ရွာတစ်ရွာမျှသာဖြစ်သည်။

တစ်ရွာလုံး အုန်းတောကြီးများ ညို့နေအောင်ရှိပြီး ကမ်းခြေတစ်လျှောက် အလျားလိုက်တည်ထားသည့် ရွာမျိုးဖြစ်သည်။ ထိုရွာမှာ နေထိုင်ကြသူအများစုမှာ ပင်လယ်ပြင်ထွက်သား ငါးရှာဖွေပြီး အသက်မွေးကြသူများ ဖြစ်ကြလေသည်။

ရွာထဲမှာတော့ ဈေးဆိုင်၊ အရက်ဆိုင်များ ရှိလေသည်။

အိမ်များ၏ရှေ့တွင် ငါးခြောက်၊ ပုစွန်ခြောက်လှမ်းသောစင်များရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်နှင့် ကျော်စွာတို့ နှစ်ယောက်မှာ စကားတပြောပြောနှင့် ရွာဆိုးရွာဖျား လျှောက်ကြည့်နေရာမှ တစ်နေရာရောက်သောအခါ ဖိုဆွဲသံ၊ ပန်းပဲထုသံများ ပေါ်ထွက်နေသည့် တဲကြီးတစ်လုံးရှေ့သို့ ရောက်လာကြသည်။

သူတို့နှစ်ယောက် ထိုနေရာသို့ရောက်သောအခါ အတွင်းမှ ဖိုဆွဲသံရော ပန်းပဲထုသောအသံပါ ရပ်တန့်သွားသည်။

အထဲမှ အသံများရပ်သွားသလို အပြင်မှလျှောက်လာကြသော နီမောင်တို့နှစ်ယောက်လည်း ခြေလှမ်းတန့်သွားကြသည်။

"ဝင်ခဲ့ကြဦးလေ"

အတွင်းမှ အသံကြားရသဖြင့် နှစ်ယောက်သားအထဲသို့ ဝင်သွားကြသည်။

တဲအတွင်းမှာတော့ ဖိုဆွဲနေသော အဘိုးကြီးတစ်ယောက်နှင့် သူတို့ဘက်သို့ ကျောပေးပြီးပန်းပဲထုနေသည့် အဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။

သူတို့ ဝင်သွားတော့ ပန်းပဲထုနေသည့် အဘိုးကြီးက သူတို့ဘက်သို့ လှည့်လာသည်။

ပန်းပဲဆရာမှာ အခြားသူမဟုတ်ပေ။

ဦးဇန်ကောင်းပင် ဖြစ်သည်။

ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးနေရာမှ ပြုံးပြသည်။

နီမောင်တို့နှစ်ယောက်ကလည်း ဦးဇန်ကောင်းနှင့်တွေ့သော်လည်း မထူးခြားသော အမူအရာဖြင့် ထိုနေရာမှာဝင် ထိုင်





လေသည်။

သူတို့ဝင်လာတော့ ဖိုဆွဲပေးနေသော အဘိုးကြီးက အပြင်သို့ ထွက်သွားသည်။

"ဘယ်တုန်းက ရောက်လာကြတာလဲ"

ဦးဇန်ကောင်းက လေသံတိုးတိုးဖြင့် မေးသည်။

"သိပ်မကြာသေးပါဘူး၊ အဘရော ရောက်နေတာကြာပြီလား"

"ခြောက်လလောက်ရှိပြီ"

"အခြေအနေရော ကောင်းရဲ့လား"

"ကောင်းပါတယ် အတော်ကလေးစုဆောင်းထားပြီးပါပြီ"

နီမောင်တို့ နှစ်ယောက်ကျေနပ်စွာ ခေါင်းညိတ်ပြရင်း ဦးဇန်ကောင်းပေးသော ရေနွေးကြမ်းကိုသောက်ကြလေသည်။

"ဒီအချိန်မျိုးမှာ ငါးဖမ်းရင်ရနိုင်ပါမလား"

"အချက်သိရင်တော့ ရနိုင်ပါတယ်၊ ဒါပေမယ့် ရာသီဥတုဆိုးတဲ့အချိန်မျိုးမှာ ဖမ်းရင်တော့ အန္တရာယ်ရှိနိုင်တာပေါ့"

"ငါးလိုချင်ရင် အန္တရာယ်တွင်းထဲလည်း ဆင်းချင်ဆင်းရမှာပဲပေါ့"

"မင်းတို့နှစ်ယောက်စလုံး ရောက်လာတော့ ငါ့အတွက် အဖော်ရပြီပေါ့၊ ဒါထက် အန္တရာယ်ရှိတဲ့နေရာကို သွားမယ်ဆိုရင် သတိတော့ထားရမယ်"

"ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အန္တရာယ်က နှစ်မျိုးရှိနေတယ်"

"ဘယ်လိုမျိုးတွေလဲ"

"တစ်မျိုးတော့သိတယ်၊ တစ်မျိုးတော့မသိရသေးဘူး"

"အဘပြောတဲ့စကားကြားရတာနဲ့တင် စိတ်ဝင်စားဖို့ အတော်ကောင်းနေပြီ"

"ငါ့အထင်ပြောရရင်တော့ ဒီရက်ပိုင်းအတွင်းမှာ အခွင့်အရေးတစ်ခု ပေါ်လာနိုင်တယ်၊ အဲဒီအခွင့်အရေးကိုရဖို့ အရေးကြီးတယ်"

"ဒါကတော့ အခြေအနေကြည့်ပြီးလုပ်ရမှာပေါ့"

ထို့နောက် သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး တိုးတိတ်စွာဖြင့် ပြောဆိုနေကြလေသည်။

သူတို့ ဘယ်လိုအကြောင်းအရာတွေ ပြောနေကြတာလဲ၊ သူတို့ ဘယ်သူတွေလဲ၊ ဘယ်ကလာကြတာလဲ. . အဖြေမရှိသေးသော ပဟေဠိပုစ္ဆာများပင် ဖြစ်ပေတော့သည်။





# အခန်း (၁၁)

# လျှို့ဝှက်သည့် အာဃာတရန်ငြိုး

အချိန်မှာ ညဉ့်ဦးပိုင်းအချိန် ကျော်လာပြီးဖြစ်သည်။ မိုးဦးကျရာသီဖြစ်သောကြောင့် ပင်လယ်ပြင်တစ်ခုလုံး တိမ်တိုက်များ ဖုံးလွှမ်းနေသောကြောင့် မှောင်မည်းနေသည်။ ထိုအချိန်တွင် အရှေ့ဘက်မှ အနောက်ဘက်သို့ ဦးတည်ခုတ်မောင်းလာသော ကုန်သည်သင်္ဘောတစ်စင်းမှာ နာဂရေ့အငူဘက်သို့ ဦးတည်ခုတ်မောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ာမောင်းသူသည် ရာသီဥတုမကောင်းသောကြောင့် ပင်လယ်ရေနက်ပိုင်းဘက်မှမသွားပဲ ကမ်းရိုးတန်းနှင့် မနီးမဝေးနေရာမှ ခုတ်မောင်းလာခြင်းဖြစ်သည်။

နာဂရေ့အငူစွန်းတစ်ဝိုက်မှာ ကျောက်ဆောင်ကျောက်တန်းများ ရှိသည်ကိုသိသောကြောင့်လည်း သတိနှင့်မောင်းနှင်နေရလေသည်။

ထိုနေရာရောက်သောအခါ မီးပြတိုက်မီးရောင်ကို ရှာဖွေကြည့်သည်။

သမီးလှကျွန်းမီးပြတိုက်မှာ အစောင့်မရှိသေးသောကြောင့် မီးပြမည့်သူမရှိပေ။

ထိုအချိန်မှာ မီးပြတိုက်နှင့် မနီးမဝေးနေရာမှ မီးရောင်တစ်ခုပေါ်လာသည်။

မီးရောင်က ပင်လယ်ရေပြင်မှ အတော်မြင့်သောကြောင့် ငါးဖမ်းလှေမှ မီးရောင်မဟုတ်မှန်း သိနိုင်လေသည်။

သဘော်ာတက်မကိုင်သူက ထိုမီးရောင်ကို သမီးလှကျွန်းမီးပြတိုက်မှ မီးရောင်ဟုထင်နေသည်။

ယခင်အခေါက်များသွားစဉ်က နာဂရေ့အငူစွန်းသို့ရောက်သောအခါ မီးပြတိုက်မှ မီးရောင်ကိုတွေ့မြင်ရသောကြောင့် ယခုမြင်တွေ့ရသော မီးရောင်ကိုလည်း မီးပြတိုက်မှ မီးရောင်ဟုပင် ထင်နေသည်။

ထို့ကြောင့် မီးရောင်မြင်သောနေရာမှ ကွင်းရှောင်သွားရန်သဘော်ာလမ်းကြောင်းကို ပြောင်းလိုက်သည်။





ထိုသို့ပြောင်းလိုက်ခြင်းကပင် မဟာအမှားဖြစ်တော့သည်။ မီးပြတိုက်ရှိသောနေရာမှာ ကျောက်ဆောင်ကျောက်တန်းများ ရှိသောနေရာဖြစ်သဖြင့် ထိုနေရာမှ ကွင်းရှောင်သွားတော့မှ ရေပြင်ပေါ်မှာပေါ်နေသည့် ကျောက်ဆောင်တစ်ခုဖြင့် တည့်တည့်တိုးလေတော့သည်။

သဘော်ာအရှိန်၊ လှိုင်းလုံးများပုတ်သောအရှိန်ကြောင့် သဘော်ာဦးပိုင်းတစ်ခုလုံး ကြေမွပျက်စီးကာ ရေအောက်သို့ နစ်မြုပ်သွားတော့မည့် အခြေအနေရောက်တော့သည်။

ထိုအခါ စောစောကမြင်နေရသော မီးရောင်ပျောက်သွားပြီး ကျောက်ဆောင်များအကွယ်မှ စက်လှေတစ်စင်း ထွက်လာသည်။

သဘော်ာနစ်သဖြင့် ရေပြင်ပေါ်မှာ ကူးနေသူများကို ကယ်ဆယ်ရန် ထွက်လာခြင်းတော့မဟုတ်ပေ။

တွေ့သမျှလူကို မှိန်းများဖြင့် ထိုးသတ်ပြီး ဝတ်ဆင်ထားသော လက်ဝတ်ရတနာများယူခြင်း၊ သဘော်ာပေါ်မှာပါသော အဖိုးတန်ပစ္စည်းများကို ယူခြင်းများ ပြုလုပ်ကြသည်။

အချို့လူများမှာ အသက်ဘေးအန္တရာယ်ကြောင့် ထိုစက်လှေပေါ်သို့တက်ရန် ကြိုးစားကြသည်။

ထိုလူများကိုလည်း ရက်ရက်စက်စက်သတ်ကာ. . ပင်လယ်ထဲသို့ ပစ်ချကြလေသည်။ အမှောင်ရိပ်များ ဖုံးလွှမ်းနေသည့် ပင်လယ်ရေပြင်ပေါ်မှာတော့ ငရဲပွက်သံအလား ဆူညံလျက်ရှိပြီး ရေပြင်ပေါ်မှာ သွေးရောင်များလွှမ်းနေချေပြီ



www.burmeseclassic.com

www.burmeseclassic.com



စက်လှေပေါ်မှ လူများမှာ ဒုက္ခရောက်နေသူများထံမှ လက်ဝတ်ရတနာများအပြင် နစ်မြုပ်တော့မည့် သင်္ဘောပေါ်မှ လိုချင်သော ပစ္စည်းများကို အားလုံးယူငင်ပြီးသောအခါ ထိုနေ ရာမှ ပြန်ထွက်သွားကြလေတော့သည်။

ထိုနေရာတစ်ဝိုက်မှာလည်း 'ကယ်ပါယူပါ' အသံများမှာ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ လူစောင့်မရှိ သော သမီးလှကျွန်းမီးပြတိုက်ရှိသည့် ကမ်းခြေတစ်လျှောက်မှာ ငါးကိုက်သောဒဏ်ရာအပြင်၊ အခြားဒဏ်ရာဒဏ်ချက်များဖြင့် အသက်သေဆုံးနေသည့်အလောင်းများ သောင်ပြင်ပေါ်နှင့် ကျောက်ဆောင်ကျောက်တန်းများပေါ်မှာ အများအပြား လာ ရောက်တင်နေတော့သည်။

ထိုနေရာသို့ လူသူအရောက်အပေါက် မရှိသော ကြောင့် ဘယ်သူမှမသိနိုင်ကြပေ။

ထိုအဖြစ်အပျက်များ ဖြစ်ပြီးနောက် တစ်ပတ်ခန့် ကြာ သောအခါ ရန်ကုန်မှတာဝန်ရှိသူများ ခမောက်မော်ရွာ ဆိပ် ကမ်းသို့ ရောက်လာတော့သည်။

၄င်းတို့သည် ယူပီသင်္ဘောဖြင့် လာကြခြင်းဖြစ်ပြီး ပုသိမ် မှ တာဝန်ရှိသူအချို့လည်း ပါလာသည်။

အစိုးရအရာရှိများ ရောက်လာသောကြောင့် ခမောက် မော်ရွာမှ သူကြီးဦးမွန်ထော်ကိုယ်တိုင် ဆိပ်ကမ်းသို့ ဆင်းကြို ရလေသည်။





မျက်နှာဖြူအရာရှိများ ပါလာသောကြောင့် ရွာ၏မျက် နှာဖုံးလည်းဖြစ်၊ ငွေကြေးချမ်းသာသူလည်း ဖြစ်သော ဇမုန်းထန် ပါ ကမ်းနားသို့ဆင်းကြိုသည်။

ထိုနောက် ဇမုန်းထန်က နေရာထိုင်ခင်း ကျယ်သော သူ့အိမ်သို့ခေါ်သွားပြီး အစားအသောက်များဖြင့် ဧည့်ခံကျွေး မွေးလေသည်။

ထိုနောက်မှာတော့ ခေါင်းဆောင်လာသူက သူကြီးကို သူစုခိုင်းသောကြောင့် မောင်းထုပြီး လူစုပေးရလေသည်။ ရွာသူ ရွာသားများ စုံသောအခါမှ လာရင်းကိစ္စကိုပြောပြသည်။

"အခုကျုပ်တို့လာတာ တခြားအကြောင်းမဟုတ်ဘူး၊ သမီးလှကျွန်းပေါ်မှာရှိတဲ့ မီးပြတိုက်မှာ အစောင့်မရှိတာ အ တော်ကြာပြီ၊ ဒါကြောင့် အဲ့ဒီနေရာမှာ သင်္ဘောတွေ မကြာခဏ နစ်မြုပ်ပျက်စီးတယ်လို့ သတင်းကြားရတယ်"

ရွာသားများကတော့ ဘာမှထွေထွေထူးထူး မပြောပဲ နားထောင်ရုံနားထောင်နေကြသည်။

"ဒါကြောင့် မီးပြတိုက်မှာ မဖြစ်မနေ လူစောင့်ထား မယ်၊ တခြားကလူရှာဖို့ဆိုတာလည်း ချက်ချင်းမရနိုင်သေးဘူး၊ ဒါကြောင့် ခင်ဗျားတို့ရွာက မီးပြတိုက်စောင့်ပေးဖို့ လူနှစ်ယောက် ရှာပေးရမယ်၊ ဒါ အစိုးရအမိန့်နဲ့ တာဝန်ပေးတာပဲ"

ထိုစကားကိုကြားသောအခါ ရွာသူရွာသားအားလုံး တော်စိမျက်နှာ ပျက်သွားကြလေသည်။

မီးကိုရေဖြင့် ဖျန်းလိုက်သကဲ့သို့ ငြိမ်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာဒေသမှာ နေကြသူများအားလုံး သမီးလှကျွန်းမီးပြတိုက်မှ သတင်းဆိုးများကို ကြားဖူးပြီးဖြစ်လေသည်။ မီးပြတိုက် အစောင့်လုပ်သူတိုင်း ဘယ်သူ့လက်ချက်မှန်းမသိရပဲ အစအ ပျောက်သွားကြသော သတင်းများကို ကြားထားပြီးဖြစ်သောကြောင့် မည်သူမှ မလုပ်ဝံ့ကြပေ။ မလုပ်ချင်ကြပေ။

မိမိတို့ကို အတင်းအဓမ္မလုပ်ခိုင်းမှာကိုပင် ကြောက်ရွံ့နေကြသည်။

"မီးပြတိုက်မှာ အစောင့်လုပ်ရင် လစာရိက္ခာအပြင် ဘောက်ဆူးငွေပါရကြမယ်၊ ဘယ်သူလုပ်မလဲ၊ လုပ်မယ့်သူ ပြောပါ"

ထိုသို့ပြောပြီး တာဝန်ရှိသူက ထိုင်နေကြသူများ မျက်နှာကို တစ်ယောက်ချင်းလိုက်ကြည့်ရာ မည်သူမှ အကြည့်မခံ ခေါင်းငုံ့ထားကြလေသည်။

ထိုအခါ သူကြီးဦးမွန်ထော်က မျက်နှာပူလာသဖြင့် ကြားထဲမှ ဝင်ပြောရသည်။

"ဒါ အစိုးရမင်းတွေက တာဝန်ပေးတာဆိုတော့ မင်းတို့ မလုပ်ချင်လို့လည်းမရဘူး၊ နောက်ဆုံး ဘယ်သူမှမလုပ်ချင်ရင် တော့ တစ်ရွာလုံး မဲနှိုက်ခိုင်းပြီး မဲကျတဲ့သူနှစ်ယောက် သွား စောင့်ရမှာပဲ"

ထိုသို့ပြောတော့မှ ပိုဆိုးသွားတော့သည်။

ပိုပြီး စိုးရိမ်ထိတ်လန့်သွားကြသည်။

လူတွေအများကြီးထိုင်နေသော်လည်း အပ်ကျသံ





ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေကြလေသည်။

အတန်ကြာအောင် ငြိမ်သက်နေပြီးမှ နောက်ဘက်မှာ ထိုင်နေသည့် လူနှစ်ယောက် ထရပ်လာသည်။

နီမောင်နှင့် ကျော်စွာပင် ဖြစ်တော့သည်။ သူတို့နှစ်ယောက်ထရပ်တော့ အားလုံးကကြည့်ကြသည်။

"ကျွန်တော်တို့ သွားစောင့်ပါ့မယ်"

"မင်းတို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့က ဒီရွာမှာ အလုပ်လုပ်နေတဲ့ သူတွေပါပဲ"

"ဒီလိုသွားစောင့်ပေးမယ့်သူ ရတော့လည်း ကိစ္စပြီးသွားတာပေါ့ကွာ၊ ဒီတစ်ညတော့ နားလိုက်ဦး၊ မနက်ဖြန်ကျတော့ ငါတို့သင်္ဘောနဲ့ လိုက်ပို့ပေးမယ်"

ဟုပြောကာ စကားဝိုင်းသိမ်းသည်နှင့် သူကြီးဦးမွန်ထော်က ရွာသားများကို ပြန်လွှတ်လိုက်သည်။

ဇမှုန်းထန်ကတော့ မြို့မှရောက်လာကြသော အရာရှိအရာခံများကို အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံနေလေသည်။

မီးပြတိုက်အစောင့်လုပ်ရန် နီးမောင်တို့နှစ်ယောက်က ကိုယ့်သဘောနှင့်ကိုယ် လက်ခံလိုက်သောကြောင့် ဇမှုန်းထန်ကတော့ စိတ်ထဲမှ ကြိတ်ပြီးမကျေမနပ်ဖြစ်နေသည်။

ထို့ကြောင့် ဧည့်သည်များရှိနေသဖြင့် ဘာမှမပြောဘဲ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်း အချိန်ရောက်တော့ မြလေးခင်က နီမောင်ကိုခေါ်ပြောသည်။

"ကျွန်မ ဇီးချိုင်ဘက် ခဏသွားစရာရှိလို့ ကိုနီမောင် အဖော်လိုက်ခဲ့ပေးပါ"

နီမောင်က ခေါင်းညိတ်ပြပြီး လေးပေခန့်ရှည်သော ဝါးရင်းတုတ်တစ်ချောင်းကိုကိုင်ပြီး နောက်မှ အဖော်လိုက်သွားလေသည်။

ခမောက်မော်ရွာနှင့် ဇီးချိုင်ရွာမှာ သောင်ထွန်းနေသည့် ချွန်းအငူတစ်ငူနှင့် တောင်တန်းတစ်ခုသာခြားသည်။ ထိုတောထဲမှာပင် နှစ်ရွာသွားလာရန် ဖောက်ထားသော လူသွားလမ်းရှိသည်။

လူသွားလမ်းတစ်ဖက်တစ်ချက်မှာတော့ သစ်ပင်သစ်တောများရှိသည်။

ကမ်းဘက်တွင် ဗျူးပင်နှင့် လမုတော လဗတောများရှိပြီး ကုန်းဘက်မှာတော့ တောင်ကြောတစ်ခုရှိသည်။ ထိုတောင်ကြောပေါ်မှာ သစ်ပင်ကြီးများရှိပြီး လမ်းနှင့်မနီးမဝေးနေရာတစ်လျှောက်မှာတော့ ဇီးပင်များရှိသည်။

ဇီးပင်များမှာ လမ်းဘေးတစ်လျှောက် အတန်းလိုက်ပေါက်နေရာ ဇီးတောကြီးဖြစ်နေတော့သည်။

ခမောက်မော်ရွာနှင့် ဇီးချိုင်နှစ်ရွာကြားမှာ သုဿန်တစ်ခုရှိသည်။ ထိုသုဿန်မှာလည်း လမ်းနှင့်မနီးမဝေး တောင်ကြောအောက်နားဘက်တွင်ရှိသည်။





ခမောက်မော်ရွာတောင်ဘက် ထွက်လာတော့ သောင်ပြင်ပေါ်မှာ ဖြတ်လျှောက်ကြရသည်။

တိမ်တိုက်များကြားမှာ ဖြာကျလာသော နေရောင်ခြည်ကြောင့် ရေစပ်တစ်လျှောက်တွင်. . . ငွေရောင်တလက်လက်တောက်ပနေသည်။

လမ်းရောက်တော့ မြလေးခင်ကပြောသည်။

"ကျွန်မ ရှင့်ကိုခေါ်လာတာ သိချင်တာ မေးချင်တာရှိလို့ပါ"

"မေးပါ. ."

"ရှင်တို့ ဒီကိုအလုပ်လုပ်ဖို့ သက်သက်လာကြတာမဟုတ်ဘူးဆိုတာ ကျွန်မသိတယ်၊ တခြားလူတွေ မသိပေမယ့် ရှင်တို့နှစ်ယောက်မှာ တခြားရည်ရွယ်ချက်တစ်ခုခု ရှိနေတာသည်း သိတယ်"

"ဘယ်လိုများသိတာလဲ"

နီမောင်က တည်တည်ငြိမ်ငြိမ်နှင့်ပင် ပြန်မေးလိုက်သည်။

"ရှင်တို့နှစ်ယောက်စလုံး ပိုက်ဆံရှာဖို့ လာကြတာမဟုတ်ဘူး၊ တခြားအကြောင်းတစ်ခုခုကြောင့် ဒီရွာကို မရောက်ရောက်အောင် လာကြတာမဟုတ်လား၊ အခုမီးပြတိုက်အလုပ်ကိုဝင်လုပ်တာလည်း အကြောင်းရှိလို့လုပ်တာပဲ မဟုတ်လား"

"ဘာကြောင့် ဒါတွေသိချင်ရတာလဲဗျာ"

"ကျွန်မရှင့်တို့ အကြံအစည်တွေကို အနေ့အယှက်



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်လို့မေးနေတာလည်း မဟုတ်ဘူး၊ နောက်ပြီး ရှင်တို့နှစ်ယောက်က မဟုတ်တာမလုပ်ဘူးဆိုတာလည်း ကျွန်မ ရိပ်မိပါတယ်၊ ဒါပေမယ့် ဘယ်လိုရည်ရွယ်ချက်နဲ့ ရောက်လာတယ်ဆိုတာတော့ ကျွန်မသိထားချင်တယ်"

ထိုစကားကြောင့် နီမောင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ဟိုးအဝေးမှာ လှမ်းမြင်နေရသော ပင်လယ်ပြင်တစ်နေရာသို့ လှမ်းကြည့်ရင်း တိုးတိုးပြောလိုက်သည်။

"ကျွန်တော်တို့ အပေါ် သံသယမရှိပါနဲ့၊ ဒါပေမယ့် ဘယ်လိုအကြောင်းလည်းဆိုတာတော့ ပြောခွင့်မရှိတာတော့ နားလည်ပေးပါ"

ဒီတစ်ကြိမ်သက်ပြင်းချသူက မြလေးခင်ဖြစ်သည်။

"အင်းလေ. . ရှင်မပြောချင်လည်းနေပါ၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ ထင်နေတာ မမှားဘူးဆိုတာ သိရလို့တော့ ကျေနပ်ပါတယ်၊ ဒီအကြောင်းတွေကို ကျွန်မအဖေကိုတောင် မပြောဘူးလို့ ရှင့်ကို ကတိပေးပါတယ်"

"ခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

စကားတပြောပြောနှင့် လျှောက်လာရာ ဇီးချိုင်ရွာထဲသို့ ရောက်လာကြသည်။

ဇီးချိုင်မှာ ရွာကြီးတစ်ရွာပင်ဖြစ်သည်။

ရွာတန်းရှည်ကြီးဖြစ်ပြီး ဇမ်တင်စွန်းဘုရားရှိသောနေရာနှင့် မနီးမဝေးအထိ ရှည်သည်။





မြလေးခင်က ထိုရွာမှာ အလုပ်ကိစ္စအတွက် ဆောင်ရွက်ပြီးသောအခါ နေမဝင်ခင် ခမောက်မော်ဘက်သို့ ပြန်ခဲ့ကြသည်။

လမ်းရောက်တော့ မြလေးခင်က ထပ်ပြောသည်။

"ရှင်တို့သွားမယ့် ၊မီးပြတိုက်အကြောင်းကိုရော ဘယ်လောက်သိထားပြီလဲ"

"ထူးခြားတာရှိရင် ပြောပြပါဦး"

"အဲ့ဒီ မီးပြတိုက်မှာ အစောင့်လုပ်တဲ့လူတိုင်း မကြာခဏသေတယ်၊ အချို့ဆိုရင် အစအနတောင် ရှာမတွေ့တော့ပဲ ပျောက်သွားကြတယ်"

"ဘာကြောင့် ဒီလိုဖြစ်တာလဲဟင်"

"ကျွန်မလည်း သေသေချာချာတော့ မသိဘူး. . .၊ အန္တရာယ်တစ်ခုခုရှိနေတာတော့ သေချာတယ်၊ အဲ့ဒါ ရှင်တို့ ရောက်သွားတဲ့အခါ သတိထားပါ"

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့အပေါ် သံသယရှိနေတဲ့ကြားက အခုလိုမျိုး စိတ်ပူပေးတာကိုလည်း အံ့သြလို့ မဆုံးပါဘူး"

ထိုစကားကြောင့် မြလေးခင်က ဘေးတိုက်အနေအထားမှ တစ်ချက်ငဲ့ကြည့်သည်။

"ဒါကတော့ ရှင်တို့က မကောင်းတာလုပ်မယ့်သူတွေ မဟုတ်မှန်းသိလို့ သတိပေးတာပေါ့"

"ဒါပေမယ့် ကျွန်တော်ကတော့ ကျေးဇူးတင်ရမှာပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အခွင့်သင့်ရင် ဒီကျေးဇူးကို ပြန်ဆပ်ချင်ပါတယ်"

"ဘယ်လို ဆပ်မှာလဲ"

"နောက်မှပဲ ပြောပါတော့မယ်"

ထိုသို့ပြောလိုက်သောအခါ မြလေးခင် နှုတ်ခမ်းပေါ်မှာ အပြုံးရိပ်တစ်ခု စွန်းထင်သွားသည်ကိုတော့ သတိပြုမိလိုက်သည်။

စကားတပြောပြောနှင့် လျှောက်လာရာ တစ်နေရာရောက်တော့ လမ်းဘေးတောစပ်မှ လူသုံးယောက်ထွက်လာပြီး ရှေ့မှပိတ်ရပ်လိုက်သည်။

မျက်နှာပေါ်မှာ အဝတ်နက်များ စည်းထားသောကြောင့် ဘယ်သူဘယ်ဝါမှန်းမသိရပေ။

"မြလေးခင် ဘေးလွတ်ရာရှောင်နေ"

နီမောင်က ပြောပြီးလက်ထဲမှာပါလာသော တုတ်ကို အဆင်သင့်ပြင်လိုက်သည်။

သုံးယောက်စလုံးမှာ ငှက်ကြီးတောင်ဓားရှည်များပါပြီး နီမောင်ကို ပတ်ဝိုင်းထားလိုက်သည်။

နီမောင်က ဘောင်းဘီဝတ်ထားသောကြောင့် ခြေခွဲရပ်ကာ လက်နှစ်ဖက်ဖြင့် တုတ်ကိုခတ်ဖွဖွ ကိုင်ထားသည်၊ ထိုအခိုက်မှာပင် ကျောဘက်ကလူက ဓားဖြင့် မိုးခုတ်သည်၊ ခေါင်းပေါ်မှကျလာသော ဓားချက်ကို လွတ်အောင်ရှောင်ပြီး ဓားကိုင်လက်ကို တုတ်ဖြင့်ဖြတ်ရိုက်သည်။

"ဖြောင်း "





"အား "

ဓားလွတ်သွားတော့ ခေါင်းကို ဆက်ရိုက်ရာ မြေပေါ်သို့ မှောက်ကျသွားသည်။

တစ်ဆက်တည်း ကျန်ဓားကိုင်ထားသူနှစ်ယောက်ထံသို့ ခုန်ဝင်သွားရာ ဓားဖြင့်ဆီးခုတ်ကြသည်။

ဓားကတိုပြီး တုတ်ကရှည်သဖြင့် ဓားချက်များကို အလွယ်တကူပင် ရိုက်ဖယ်ကာ တစ်ယောက်ပြီးတစ်ယောက် ရိုက်ချရာ လဲကျသွားတော့သည်။

နီမောင်က ဓားတစ်လက်ကို ကောက်ယူပြီး လဲနေသူတစ်ယောက်ဆီသို့ လျှောက်သွားသည်။

ထိုသူက သူ့ကိုသတ်တော့မည်ထင်သဖြင့် ဖင်ရွှေ့ကာ နောက်သို့ဆုတ်သွားသည်။

"မင်းတို့ကို ခိုင်းတဲ့လူကိုပြောလိုက် နောက်တစ်ခါဆိုရင်တော့ အသက်ချမ်းသာမပေးတော့ဘူးလို့ ပြောဖြစ်အောင် ပြောလိုက်"

ဟုပြောပြီး ဓားကိုထိုသူအနီးသို့ စိုက်ချလိုက်လေသည်။ ပြီးတော့မှ မြလေးခင်ကိုခေါ်ပြီး ထိုနေရာမှ ဆက်လျှောက်လာသည်။

မြလေးခင်ကတော့ များစွာအံ့ဩနေသော အမူအရာမျိုးဖြင့် နီမောင့်ကို မကြာခဏကြည့်နေသည်။

နေမဝင်ခင် အိမ်သို့ပြန်ရောက်သွားသော သူတို့နှစ်ယောက်ဝင်လာသည်ကို မကျေမနပ်ဖြင့် တစ်နေရာမှာကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တော့ရှိသည်။

အခြားသူမဟုတ်ပေ။

သံပချိုင်ပင်ဖြစ်တော့သည်။

သူသည် အံတကြိတ်ကြိတ်ကြည့်နေပြီးမှ တစ်နေရာသို့ ထွက်သွားလေတော့သည်။





# အခန်း (၁၂)

## မီးပြတိုက်မှထူးဆန်းသောမီးရောင်

သမီးလှကျွန်းပေါ်တွင် တည်ရှိနေသည့် မီးပြတိုက် အခြေအနေကတော့ မကောင်းလှပေ။

အမြင့်ပေ (၇၉)ပေအမြင့်ရှိသော မီးပြတိုက်တစ်ခုလုံး ပျက်စီးယိုယွင်းနေသည်။

မူလက အနီရောင်နှင့်အဖြူရောင်များကို တစ်ရစ်ချင်း သုတ်ထားသော်လည်း ယခုအခါမှာတော့ ဆေးရောင်များက မှုန်မှိန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေမိုးဒဏ်၊ ရေညှိရေမှော်များတွယ်ကပ်နေပြီဖြစ်သောကြောင့် တောက်ပခြင်းမရှိတော့ပေ။

ပြတင်းပေါက်အဖြစ် တပ်ဆင်ထားသော မှန်ပေါက်များမှာလည်း မှန်ချပ်များမရှိတော့ပေ။

အစိတ်စိတ်အမြွှာမြွှာကွဲလျက် အောက်သို့ကျနေလေပြီ၊ နီမောင်နှင့် ကျော်စွာတို့နှစ်ယောက်ကို လိုက်ပို့ပေးသော သင်္ဘောက စားနပ်ရိက္ခာများ၊ ဆေးဝါးများ၊ ရေနံဆီပုံးများ၊ မီးအိမ်မီးစာများအပြင် အခြားအသုံးအဆောင် အတော်များများကိုပါ ပေးထားခဲ့သည်။

ထိုပစ္စည်းများထဲမှာ အဝေးကြည့်မှန်ပြောင်း၊ မိုးလေဝသသတင်းနားထောင်ရန် ရေဒီယိုတစ်လုံး၊ ရေဒီယိုတွင် အသုံးပြုရန်ဓာတ်ခဲ စသည်တို့လည်းပါသည်။

အစားအသောက်ထည့်ထားသော အထုပ်များထဲမှာ ဆေးပေါလိပ်၊ ဆေးပြင်းလိပ်၊ သစ်သားမီးခြစ်ဘူး၊ ကျောက်နှင့်ဆီထည့်သုံးရသော မီးခြစ်၊ ဓား၊ လှံ စသော လက်နက်များပါ လိုလေသေးမရှိအောင် ထားပေးခဲ့သည်။

ထိုကဲ့သို့ ထားပေးခဲ့ပြီးနောက် သင်္ဘောက ပြန်သွားလေတော့သည်။

သင်္ဘောပြန်ထွက်သွားသည်နှင့် နှစ်ယောက်သား မီးပြတိုက်အခြေအနေကို အရင်ကြည့်သည်။ မီးပြတိုက်မှာ လုံးဝန်းသော ပုံသဏ္ဌာန်ဖြစ်ပြီး အတွင်း၌ မီးပြတိုက်အစောင့်များနေရန် နေရာများနှင့် အပေါ်သို့တက်သော လှေခါးထစ်များ တပ်





ဆင်ထားသည်၊ အရင်းကား အဖျားရှူးသောပုံသဏ္ဌာန်မျိုး ဖြစ်ပြီး အဆင့်တိုင်းမှာ မှန်အဝိုင်းပြတင်းပေါက်များ တပ်ဆင်ထားသည်။ အချို့နေရာမှာတော့ မှန်ချပ်များ မရှိတော့ပေ။

ထိုအပေါက်များမှ ပင်လယ်လေက တဖြူးဖြူးဝင်ရောက်နေသည်။ လေတိုက်တိုင်း ပလွေမှုတ်သော အသံမျိုးထွက်ပေါ်နေလေသည်။

အမှန်တော့ ထိုအသံမှာ အပေါက်များမှ လေထွက်နေခြင်းပင်ဖြစ်၏။

"ဒီမှန်ချပ်တွေက လေတိုက်လို့ ကွဲတာတော့ မဖြစ်နိုင်ဘူး၊ တစ်စုံတစ်ခုနဲ့ ပြင်းပြင်းထန်ထန် တိုက်မိလို့ ကွဲကျတာပဲဖြစ်ရမယ်"

ကျော်စွာကပြောသည်။

"မှန်တာပေါ့ မှန်ကွဲတွေက အပြင်ဘက်မကျပဲ အတွင်းမှာကျနေပုံထောက်တော့ အပြင်က ရိုက်ခွဲတာပဲဖြစ်ဖြစ်၊ ဆောင့်ထိုးတာပဲဖြစ်ဖြစ် တစ်ခုခုတော့ဖြစ်နိုင်တာပေါ့၊ အပေါ်တက်ကြည့်ရအောင်"

နှစ်ယောက်သား လှေကားထစ်များမှ အပေါ်သို့ တက်သွားကြသည်။

မီးပြတိုက်မှာ ပေ(၈၀)နီးပါး အမြင့်ရှိသဖြင့် အတော်ကလေးတက်ရသည်။

အထပ်တိုင်းမှာ အဆင့်များပြုလုပ်ထားသည်။

အပေါ်ပိုင်းရောက်တော့လည်း ပြတင်းပေါက်များတွင်



www.burmeseclassic.com

www.burmeseclassic.com



မှန်ချပ်များ ကွဲကျနေသည်ကို မြင်ရသောအခါ နှစ်ယောက်စလုံး အံ့သြသွားကြလေသည်။

"အောက်ဘက်မှာ မှန်ချပ်တွေကွဲနေတာကတော့ ထား ပါတော့၊ ဒီလောက်မြင့်တဲ့အပေါ်မှာ မှန်ချပ်တွေ ကွဲကျနေတာ ကတော့ အတော်ကလေးဆန်းတယ်"

"လေတိုက်လို့များလား"

"ဒီလောက်ထူတဲ့ မှန်ချပ်တွေ လေတိုက်လို့တော့ မကွဲ နိုင်ဘူး"

"ဒါဖြင့် တစ်ယောက်ယောက် ထုခွဲလို့ဖြစ်မှာပေါ့"

"အခုဟာက အပြင်ဘက်ကထုလို့ ကွာတာမျိုးဆိုတော့ ဒီလောက်မြင့်တဲ့ မီးပြတိုက်ကို ဘယ်သူက တက်နိုင်မှာလဲ"

မီးပြတိုက်မှာ အတွင်းဘက်မှာသာ လှေကားထစ်နှင့် အဆင့်များရှိသော်လည်း အပြင်မှာတော့ ဘာမှအထစ်မရှိပဲ လုံးချောကြီးအတိုင်းဖြစ်သည်။

တွယ်စရာကပ်စရာမရှိဘဲ ပေ(၈၀)ခန့် မြင့်သောနေရာ ရောက်အောင် တက်လာနိုင်ဖို့ မလွယ်လှပေ။

"ဒီနေရာရောက်ဖို့ ငှက်လိုအတောင်ပံနဲ့ ပျံတက်လာ မှပဲရမယ်"

"နောက်တစ်နည်းနဲ့လည်း ရောက်နိုင်ပါတယ်"

"ဘယ်လိုလဲ"

"မြွေတစ်ကောင်လို ရစ်ပတ်ပြီး တက်လာရင်လည်း ရောက်လာနိုင်ပါတယ်"





နီမော်စကားကြောင့် ကျော်စွာပင်, မျက်လုံးပြူးသွား သည်။ ဒီလောက်ကြီးသော မီးပြတိုက်ကြီးကို ပတ်တက်လာဖို့က အလံတစ်ရာ၊ နှစ်ရာရှည်သော မြွေမျိုးမှ ရနိုင်ပေမည်။

ပင်လယ်ထဲမှာတော့ ထိုမျှလောက်ရှည်သောမြွေမျိုး မရှိဘူးဟုလည်း ပြောမရပေ။

နှစ်ယောက်သား စကားတပြောပြောနှင့် တက်လာရာ အပေါ်ဆုံးနေရာသို့ ရောက်လာကြသည်။

ထိပ်ပိုင်းမှာကျဉ်းသော်လည်း လူသွားရန် စင်္ကြံလမ်းနှင့် မီးထွန်းပြရန် နေရာရှိသည်။

ထိုနေရာမှာတော့ မီးအိမ်တစ်လုံးရှိနေသေးသည်။ ထိုနေရာမှကြည့်လျှင် ပင်လယ်ရေပြင် အရပ်လေးမျက်နှာသို့ ကောင်းစွာလှမ်းမြင်နိုင်လေသည်။

ထို့နောက် နှစ်ယောက်သား အောက်သို့ပြန်ဆင်းလာပြီး အပြင်ဘက်ထွက်ပြီး လိုက်ကြည့်ကြပြန်သည်။

မီးပြတိုက်နှင့် အနီးတစ်ဝိုက်မှာတော့ ကျောက်ဆောင် ကျောက်တုံးများက ပြည့်နေသည်။

ကမ်းစပ်ဘက်သို့ရောက်သည်အထိ ကျောက်တန်း ကြီး က တစ်ခုနှင့်တစ်ခု ဆက်နေသည်။

ထိုကျောက်တုံးများကြားမှာတော့ လူအင်္ဂါ အချို့ကို တွေ့ရသည်။

အချို့မှာသဲပြင်အောက်သို့ ရောက်နေပြီဖြစ်သဖြင့် အနည်းငယ်သာ ပေါ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရိုးတွေက မီးပြတိုက်စောင့်တဲ့လူတွေရဲ့ အရိုးစု တွေတော့ မဟုတ်လောက်ဘူး"

"ဒီနားတစ်ဝိုက်မှာ သင်္ဘောပျက်တာများတော့ အဲ့ဒီက လူတွေရဲ့ အရိုးစုတွေပဲဖြစ်မယ်"

နှစ်ယောက်သား ပတ်ဝန်းကျင်တစ်ဝိုက် လိုက်ကြည့်ပြီး မီးပြတိုက်ရှိရာသို့ ပြန်လာပြီး စီစဉ်စရာရှိသည်များကို စီစဉ် လုပ်ကိုင်ကြသည်။

ညအချိန်ရောက်တော့ မီးအိမ်ကို မီးစာလဲခြင်း၊ မှန်ပြောင်းများ ပြောင်အောင်တိုက်ခြင်း၊ ရေနံဆီဖြည့်ခြင်းများ ပြုလုပ်ပြီး မီးထွန်းထားလိုက်သည်။

ပထမဆုံးည ဖြစ်သောကြောင့် နှစ်ယောက်စလုံး ဘယ်သူမှမအိပ်ပဲ အခြေအနေစောင့်ကြည့်ကြသည်။ ညဉ့်နက် ပိုင်းရောက်တော့ အပေါ်ဘက်မှ လူတစ်ယောက်၏ စူးစူးဝါးဝါး အော်သံကြားရလေသည်။

နီမောင်က အပေါ်တက်ကြည့်တော့ မီးပြတိုက်ထိပ်ဆုံး ပေါ်မှာ လူတစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။ ထိုလူမှာ ဘာမှ ကိုင်တွယ်စရာမရှိပဲ အပေါ်ထိပ်မှာတက်ရပ်နေသဖြင့် သူ ကိုယ်ပေါ်မှာ အဝတ်များမှာ တလူလူလွင့်နေသည်။

နီမောင် စင်္ကြံလမ်းပေါ်တက်လာတော့ တစ်ချက်လှည့် ကြည့်ပြီး ရယ်ပြသည်။

ပြီးသည်နှင့် ပေ ၈၀ ခန့်မြင့်သော နေရာမှ အောက်၌ရှိ သောကျောက်စွန်းကျောက်ချွန်များအပေါ်သို့ ခုန်ချသွားလေ





တော့သည်။

"အား "

ကြောက်စရာကောင်းသော အော်သံကြီးက ပတ်ဝန်း ကျင်တစ်ဝိုက်မှာ ပဲ့တင်ထပ်သွားလေတော့သည်။

နီမောင်မှာ ပရလောကသားများနှင့် ပတ်သက်ပြီး အတွေ့အကြုံရှိသူတစ်ယောက်ဖြစ်သဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ အောက်သို့ပြန်ဆင်းလာသည်။

"အခြေအနေဘာထူးသလဲ"

"သရဲခြောက်တာပဲဖြစ်မှာပါ"

"အရင်ကနေသွားတဲ့ မီးပြတိုက်အစောင့်တွေပဲဖြစ် မှာပါပဲ"

ထိုညကတော့ အပေါ်ဘက်မှ အော်သံကြားလိုက်၊ အောက်သို့ ဝုန်းခနဲ ပြုတ်ကျလာသံများကြားရလိုက်နှင့်သာ ရှိ နေပြီး အခြားတော့ ဘာမှမထူးခြားပေ။

နောက်တစ်နေ့ နံနက်လင်းတော့ အစားအသောက် များ စားသောက်ပြီးနောက် အိပ်ရေးဝအောင် အိပ်ကြလေသည်။

ညဘက်ရောက်တော့ မီးအိမ်မှာ မီးထွန်းပြီးအပေါ်မှာ မနေတော့ အောက်သို့ပြန်ဆင်းလာကြသည်။ ညဉ့်နက်ပိုင်း အချိန် ရောက်သောအခါ ဟိုးအဝေးမှ မောင်းလာသော စက် လှေတစ်စင်း၏ စက်သံကိုကြားရသည်။

မီးပြတိုက်နှင့် မနီးမဝေးရောက်တော့ စက်သံကရပ်သွား လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ အခြေအနေလှမ်းကြည့်နေစဉ် မနီး မဝေး နေရာတွင် စက်လှေတစ်စင်းဝင်ရပ်ပြီ လူအချို့ဆင်းလာကြသည်။

ထိုလူများမှာ မီးပြတိုက်ရှိရာသို့ လျှို့ဝှက်စွာဖြင့် ချဉ်းကပ်လာကြလေသည်။

မီးပြတိုက်ထဲမှာတော့ မှောင်နေသည်။

"သတိထား. . သူတို့က တိုက်ခိုက်တာ ကျွမ်းကျင်ကြတယ်"

"ဘယ်လောက်ပဲတော်တော် သေနတ်ကျည်ဆံတော့ လွတ်အောင်မရှောင်နိုင်ပါဘူး"

ထိုသို့ပြောပြီး မီးပြတိုက်ရှိရာဘက်သို့ လာကြသည်။ စုစုပေါင်း ခြောက်ယောက်ဖြစ်ပြီး ၎င်းတို့ လက်ထဲမှာတော့ ဓားလှံများအပြင် သေနတ်ပါ ပါလာကြသည်။

မီးပြတိုက်တစ်ခုလုံး မှောင်နေပြီး အပေါ်မှာသာ မီးရောင်ရှိသည်။

ထိုနေရာအနီးတစ်ဝိုက်ရောက်တော့ မီးပြတိုက်နားကပ်ပြီး ပြတင်းပေါက်မှ အတွင်းသို့ အခြေအနေကြည့်သည်။ လူရိပ်လူခြည်မတွေ့ရပေ။

"တစ်ယောက်မှ မတွေ့ရဘူး"

"အပေါ်ရောက်နေတယ်ထင်တယ်"

"ဝင်ကြည့်ကြမယ်၊ တွေ့ရင်တော့ လက်မနှေးနဲ့ ပစ်သာပစ်သတ်လိုက်"





ခေါင်းဆောင်လာသူက ထိုသို့ပြောပြီး မီးပြတိုက် အတွင်းသို့ ဝင်လာကြသည်။

မီးပြတိုက်တွင်းမှာ မှောင်နေပြီး ဝိုးတဝါးသာ အလင်းရောင်ရှိသည်။

လူဆိုးများက နီမောင်နှင့် ကျော်စွာတို့ကို နေရာအနှံ့လိုက်ရှာသော်လည်း မတွေ့ရသောအခါ လှေခါးထစ်များအတိုင်း အပေါ်သို့တက်လိုက်လာသည်။

အပေါ်ဆင့်များမှာလည်း မတွေ့ရပေ။

နောက်ဆုံးအပေါ်ဆင့်ရောက်တော့မှ လူတစ်ယောက်ကိုတွေ့ရသည်။

ထိုလူက သူတို့ဘက် ကျောပေးပြီး ဝရံတာစွန်းမှာ ရပ်နေသည်။

"ဟိုမှာ"

တစ်ယောက်က မြင်သဖြင့် သေနတ်ဖြင့်ချိန်ကာ ပစ်ချလိုက်သည်။

"ဒိုင်း"

"အား. ."

အနီးကပ်ပစ်သောကြောင့် ကျည်ဆံထိမှန်ကာ အောက်သို့ပြုတ်ကျသွားသည်။

"တစ်ယောက်တော့သွားပြီ တစ်ယောက်ကဘယ်မှာလဲ"

"ဒီအထဲမှာပဲရှိမှာပေါ့ သေသေချာချာ ရှာကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



မီးပြတိုက်အတွင်း တစ်ခုလုံးနှံ့အောင် လိုက်ရှာသော်လည်း မတွေ့ကြရပေ။

နောက်ဆုံးမှာတော့ အပေါ်ဒွ် မီးပြရန်အတွက် ထွန်းထားသော မီးအိမ်ကိုပါ ဖြုတ်ယူ၍ အောက်သို့ပစ်ချလိုက်ပြီးနောက် အောက်သို့ပြန်ဆင်းခဲ့ကြသည်။

အောက်ရောက်သောအခါ အပြင်သို့ထွက်ပြီး စောစောက ပြုတ်ကျသွားသူကို လိုက်ရှာကြသည်။

မတွေ့ရတော့ပေ။

"ဘယ်ရောက်သွားပြီလဲ ကျည်ဆံမှန်ပြီး ကျသွားတာ အသက်မရှင်နိုင်ပါဘူး"

မကျေမနပ်ဖြင့် ကျောက်တုံးများကြားမှာ လိုက်ရှာကြသော်လည်း လူသေအလောင်းမဆိုထားနှင့် ငါးသေတစ်ကောင်ပင် မတွေ့ရသဖြင့် အံ့ဩသွားကြလေသည်။

ထို့နောက် လူဆိုးများမှာ စက်လှေရှိရာသို့ ပြန်သွားကာ ထိုနေရာမှထွက်သွားကြလေတော့သည်။

သူတို့စက်လှေအတော်ဝေးဝေးရောက်တော့မှ မီးပြတိုက်ရှိရာသို့ လှမ်းကြည့်သောအခါ မီးရောင်များလင်းနေသည်ကို လှမ်းမြင်ကြရသည်။

"မီးပြတိုက်မှာ မီးရောင်ပြန်လင်းနေပါလား"

"စောစောက မီးအိမ်ကိုပါ ဖြုတ်ပြီး လွှင့်ပစ်လိုက်တာပဲ ဘယ်လိုမီးပြန်လင်းနေတာလဲ"

"မီးပြတိုက်မှာ လူတွေလည်းတစ်ယောက်မှ မရှိပါဘူး






တစ္ဆေခြောက်နေတာများလား"

လူဆိုးများမှာ ဇဝေဇဝါနှင့်ပင် ထိုနေရာသို့ နောက်ကြောင်းပြန်မလှည့်တော့ပဲ ရှေ့ဆက်မောင်းသွားလေတော့သည်။ အချိန်က သန်းခေါင်ယံကျော်ပြီ ဖြစ်သောကြောင့် ပင်လယ်ပြင်မှာ အမှောင်ရိပ်များ သမ်းနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

# ယိမ်းနွဲ့ပါး သို့မဟုတ် ကိုးသချိုင်းသံသေဘား

ညနေပိုင်းအချိန်ကတည်းက အုံ့မှိုင်းနေသော မိုးရိပ်မိုးဆင်များသည် ညဦးပိုင်းအချိန်ရောက်သည်နှင့် သဲကြီးမဲကြီးရွာချလာလေတော့သည်။

မိုးရွာခြင်းနှင့်အတူ လေပြင်းများပါ တိုက်ခတ်လာလေရာ ပင်လယ်ပြင်မှာ လှိုင်းများထနေလေသည်။ ထိုကဲ့သို့သောရာသီဥတု ဆိုးဝါးနေသော အချိန်မျိုးမှာ တောရုံလူတို့ အပြင်



www.burmeseclassic.com

www.burmeseclassic.com



မထွက်ဝံ့ကြတော့ပေ။

နီမောင်နှင့် ကျော်စွာတို့နှစ်ယောက်မှာ ညနေပိုင်းအချိန်ကတည်းက မီးပြတိုက်မီးကိုထွန်းပြီးနောက် ပတ်ဝန်းကျင် အခြေအနေကို စောင့်ကြည့်နေကြသည်။

နှစ်ယောက်စလုံး ညအချိန်တွင် လုံးဝမအိပ်ပဲ နေ့အချိန်ရောက်မှ တစ်ယောက်တစ်လှည့်အိပ်ကြသည်။ ရောက်စအချိန်က ရန်သူများရောက်လာစဉ်က သူတို့ကို မတွေ့ရခြင်းမှာ ရန်သူများ မရောက်ခင်ကတည်းက ကြိုတင်ရှောင်တိမ်းနေကြသောကြောင့်ဖြစ်သည်။

ယခုညလည်း ရာသီဥတုအခြေအနေ မကောင်းသဖြင့် နှစ်ယောက်သား စကားပြောရင်းနှင့် စောင့်ကြည့်နေကြလေသည်။

"ဟိုလူတွေတော့ ငါတို့နှစ်ယောက်ကို ရှာမတွေ့ကြတာနဲ့ ဇဝေဇဝါတော့ဖြစ်သွားကြမှာ သေချာတယ်"

"တစ္ဆေခြောက်တယ်လို့တောင် ထင်ချင်ထင်ကြမှာ"

"အရင်လူတွေ သေရတာ သူတို့လက်ချက်ပဲ၊ ဖြစ်မှာပဲ မီးပြတိုက်အစောင့်တွေကို ဘာကြောင့် လာသတ်ပစ်နေတာလဲ"

"ဒါကတော့ ယုတ်မာရက်စက်တဲ့ အကြံအစည်ရှိလို့ ဖြစ်မှာပေါ့ကွာ မကြာခင်သိရမှာပေါ့"

"ဒါပေမယ့် ငါတို့ကတော့ သတိထားရမယ် တစ်ချက်ကလေး သတိလစ်လို့မရဘူး၊ သတိလစ်တာနဲ့ သေမှာပဲ"

"ငါအထင်ပြောရရင်တော့ ဒီမှာ သူတို့အန္တရာယ်ချည်း





တော့ ဟုတ်မယ်မထင်ဘူး၊ တခြားအန္တရာယ်တစ်ခုခုလည်း ရှိနိုင်သေးတယ်၊ အပေါ်ထပ်ပိုင်းက မှန်ချပ်တွေ ကွဲကျနေတာ ငါတော့ စိတ်ထဲကသိပ်မသင်္ကာချင်ဘူး"

နီမောင်စကားကြောင့် ကျော်စွာကပါ လေးလေးနက်နက် စဉ်းစားနေရင်းမှာ ခေါင်းညိတ်ပြသည်။

"ငါတို့ မီးပြတိုက်ရောက်နေတာ သုံးရက်ရှိပြီ တကယ်လို့သာ ဒီမီးပြတိုက်အနီးမှာ အန္တရာယ်ပေးနိုင်တာရှိရင်တော့ မကြာခင်မှာ တွေ့ရမှာပဲ"

နှစ်ယောက်သား စကားတပြောပြောနှင့်နေရာ ညဉ့်နက်ပိုင်းအချိန်ရောက်တော့ လေရောမိုးပါ ပြန်ငြိမ်သွားသည်။

သို့သော် လေအရှိန်ကြောင့် ထကြွနေသော လှိုင်းလုံးကြီးများကတော့ အရှိန်မသေသေးပေ။

လှိုင်းခေါင်းဖြူကြီးများ အသွင်သဏ္ဌာန်ဖြင့် ပင်လယ်ပြင်မှ ပြေးတက်လာပြီး ကမ်းခြေကျောက်ဆောင်များသို့ လာရောက်ရိုက်ခတ်နေရာ တဝုန်းဝုန်းဖြင့် ဆူညံနေတော့သည်။

အပြင်ဘက်မှာတော့ မိုးကစဲသွားချေပြီ။

ထို့ကြောင့် နှစ်ယောက်သား မီပြတိုက်အပေါ်ပိုင်းသို့ တက်လာကြသည်။

လေမိုးငြိမ်သွားပြီဖြစ်သောကြောင့် ကောင်းကင်ပြင်ပေါ်မှာ တိမ်တိုက်များကြားမှ လရောင်တစွန်းတစ ထွက်နေချေပြီ။ လရောင်က လှိုင်းထန်နေသည့် ပင်လယ်ပြင်ပေါ်သို့ ဖြာကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပိုင်းရောက်တော့ အဝေးကြည့်မှန်ပြောင်းကို အသုံးပြုပြီး ပတ်ဝန်းကျင်ကိုကြည့်သည်။

လှိုင်းထန်နေသဖြင့် ပင်လယ်ပြင်မှာ သွားလာနေသော သင်္ဘောကတော့ မရှိပေ။

ထိုသို့ ကြည့်နေစဉ်မှာ လှိုင်းလုံးကြီးများကြားမှ မည်းမည်းသဏ္ဌာန်ကြီးတစ်ခု ရေပေါ်သို့ ထိုးထွက်လာသည်။

မီးပြတိုက်ရှိသောနေရာနှင့် မဝေးလှသောကြောင့် နှစ်ယောက်စလုံးက ထိုအရာရှိသောနေရာသို့ မှန်ပြောင်းဖြင့် ကြည့်ကြသည်။

ထိုသို့ကြည့်နေစဉ်မှာ သတ္တဝါတစ်ကောင်၏ ဦးခေါင်းပိုင်းဖြစ်ဟန်ရှိသည့် မည်းမည်းသဏ္ဌာန်ကြီး တဖြည်းဖြည်းနှင့် ရေပြင်ပေါ်သို့ ပေါ်လာရာ လှိုင်းခေါင်းဖြူကြီးများက အပေါ်သို့ ပင်ကျော်တက်လာချေပြီ။

နှစ်ယောက်သား မျက်ခြည်မပြတ်ကြည့်နေကြစဉ်မှာ ထိုမည်းမည်းသဏ္ဌာန်ကြီးက မီးပြတိုက်ရှိရာသို့ ဦးတည်ပြီးလာလေရာ ကျောက်ဆောင်များပေါ်သို့ပင် ရောက်လာချေပြီ၊

ထိုအချိန်အထိ ရေပေါ်ပေါ်နေသည့် ဦးခေါင်းပိုင်းကိုသာ မြင်ရသေးပြီး ကိုယ်လုံးပိုင်းကိုတော့ မမြင်ကြရသေးပေ။

"ဘာကောင်ကြီးလဲ"

"ပင်လယ်မြွေကြီးတစ်ကောင် ဖြစ်နိုင်တယ်"

"ဒီဘက်လာနေပြီး ဘယ်လိုလုပ်မလဲ"

"အရင်မီးပြတိုက်အစောင့်တွေကို ဒုက္ခပေးတာ. . . ဒီ





သတ္တဝါကြီးဖြစ်မယ်ထင်တယ် လာအောက်ကို အမြန်ဆင်းကြရအောင်"

ဟုပြောပြီး နှစ်ယောက်သား အောက်သို့အလျင်အမြန်ပြန်ဆင်းကြသည်။

ထိုအချိန်မှာပင် ပယ်လယ်ထဲမှ တက်လာသော သတ္တဝါကြီးက မီးပြတိုက်အနီးသို့ ရောက်လာသည်။

တရှူးရှူးတရှဲရှဲနှင့် နှာမှုတ်သံကြီးကိုပင် အတိုင်းသား ကြားနေရသည်။

မှန်ကွဲနေသော ပြတင်းပေါက်အနီးမှ ဖြတ်သွားသော ကိုယ်လုံးကြီးကို မြင်ရသောအခါ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်။

ကိုယ်လုံးကြီးမှာ ပုဆိုးတစ်ကွင်းစာမကကြီးပြီး ငါးရှဉ့်တစ်ကောင်၏ ကိုယ်လုံးကဲ့သို့ ပြောင်ချောနေသည်။ တစ်ကိုယ်လုံး အခွဲအကျိတ်းများတွယ်ကပ်လျက်ရှိသည်။ ဦးခေါင်းပိုင်းမှာ အမောက်ကဲ့သို့ပါပြီး မျက်လုံးနှစ်လုံးက နီရဲနေသည်။

နှာခေါင်းပေါက်က ကျယ်သဖြင့် ထိုနေရာမှ နှာမှုတ်သံများထွက်နေခြင်းဖြစ်သည်။

ပါးစပ်ပေါက်မှ အစွယ်များငေါ်ထွက်နေပြီး မှန်ကွဲနေသောနေရာမှ အတွင်းသို့ဝင်ရန် ခေါင်းထိုးသွင်းနေသည်။

သို့သော် အကောင်အရွယ်အစားကကြီးပြီး မှန်ပြတင်းပေါက်ကသေးနေသဖြင့် ဝင်မရပေ။

သို့သော် ဝင်ပေါက်ပြုလုပ်သောနေရာက အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ပိုကျယ်သဖြင့် ထိုနေရာမှဝင်ရန် ကြိုးစားရသည်။

ဝင်ပေါက်မှာ သူ့ကိုယ်လုံးနှင့် အနေတော်ဖြစ်နေရာ အတွင်းသို့ တစ်ပိုင်းတစ်စဝင်ပြီးမှ တစ်နေသည် ဦးခေါင်းက အထဲရောက်နေသော မျက်လုံးပြူးကြီးဖြင့် လူနှစ်ယောက်ကို ကြည့်နေသည်။

နီမောင်က မနီးမဝေးမှာရှိသော ဓားကိုကောက်ယူပြီး ပြေးခုတ်လေသည်။ သို့သော် ထူလှသော သားရေပြားကြောင့် ဓားက မပြတ်ဘဲ ပြန်ခုန်တက်လာသည်။

နှစ်ချက်သုံးချက်ဆင့်ခုတ်တော့လည်း တစ်ချက်မှ မပြတ်ပေ။

"နီမောင်မရဘူး၊ မင်းဓားနဲ့ခုတ်လည်း ပြတ်မှာမဟုတ်ဘူး သူအထဲရောက်လာရင်ခက်မယ် ၊ အပေါ်တက်ပြေးမှဖြစ်မယ်"

ထိုသို့ပြောပြီး နှစ်ယောက်သား အပေါ်တက်ပြေးကြရလေသည်။

သူတို့အပေါ်တက်ပြေးတော့ စားနေကျသတ္တဝါကြီးက အထဲရောက်နေသည့် ဦးခေါင်းကို ပြန်ထုတ်ပြီး မီးပြတိုက်အပြင်မှပတ်ကာ အပေါ်သို့တက်လာသည်။ မီးပြတိုက်တစ်ခုလုံး ရစ်ပတ်ထားသောကြောင့် ပြတင်းပေါက်မှတစ်ဆင့် တရွေ့ရွေ့ လှုပ်ရှားနေသော ကိုယ်လုံးကြီးကို အနီးကပ်မြင်ကြရသည်။

"ဒီကောင်ကြီးက စားနေကျဆိုတော့ ငါတို့အရင် အပေါ်တက်သွားပြီး အပေါ်ထိပ်ကနေ စောင့်မယ်ထင်တယ်"





ကျော်စွာကပြောသည်။

"သူအပေါ်ရောက်နှင့်မနေတော့လည်း ငါတို့ အောက်ကို ပြန်ဆင်းပြေးကြတာပေါ့"

ထိုသို့ပြောပြီး အပေါ်ပိုင်းသို့တက်လာရာ သူတို့အပေါ် မရောက်ခင်မှာပင် သတ္တဝါကြီးကအပေါ်သို့ ရောက်နှင့်နေပြီး အပေါ်မှ ခေါင်းမိုးကာ အဆင်သင့်စောင့်နေတော့သည်။

"ငါမပြောဘူးလား သူကစားနေကျပါလို့ မြန်မြန်ပြန်ဆင်းမှဖြစ်မယ်"

နှစ်ယောက်သား လှေကားအတိုင်းအောက်သို့ပြန်ဆင်းပြေးကြသည်။

သူတို့အောက်ရောက်တော့ သတ္တဝါကြီးက အောက်သို့ပြန်မရောက်လာသေးပေ။

ထို့ကြောင့် နှစ်ယောက်သားပွင့်နေသော အပေါက်မှ အပြင်ဘက်သို့အလျင်အမြန်ထွက်ကာ ကျောက်ဆောင်များရှိသော နေရာဘက်သို့ ပြေးကြလေသည်။

မနီးမဝေးရောက်မှ မီးပြတိုက်ရှိရာသို့ လှည့်ကြည့်လိုက်သောအခါ မီးပြတိုက်ကြီးတစ်ခုလုံးကို ကြိုးဖြင့်ရစ်ပတ်သကဲ့သို့ ရစ်ပတ်ထားသည်ကို တွေ့ကြရသည်။ (၇၉)ပေခန့်အမြင့်ရှိသော မီးပြတိုက်ကြီးတစ်ခုလုံးကိုပင် အောက်ခြေမှအပေါ်ရောက်သည် အထိ ရစ်ပတ်ထားနိုင်လောက်အောင် ရှည်လျားလှသော ကိုယ်အလျားမှာ မည်ရွေ့မည်မျှရှည်လျားမည်ကို မသိကြရတော့ပေ။

ထိုနေ့ညက မီးပြတိုက်နှင့် မနီးမဝေးကျောက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



များကြားမှာပင်နေကာ အခြေအနေကို လှမ်းကြည့်နေကြရသည်။

သတ္တဝါကြီးကတော့ မီးပြတိုက်တစ်ခုလုံးကို ရစ်ပတ်ထားပြီး အပေါ်တက်သွားလိုက် အောက်ဆင်းသွားလိုက်နှင့် မီးပြတိုက်အတွင်းမှ လူနှစ်ယောက်ကို ရှာဖွေနေတော့သည်။

မတွေ့တော့သည့်အဆုံးမှ လက်လျှော့သွားဟန်ဖြင့် ပင်လယ်အတွင်းသို့ ပြန်ဆင်းသွားလေတော့သည်။

ထိုအခါမှ နီမောင်တို့နှစ်ယောက်မှာ သက်ပြင်းချနိုင်ကြတော့သည်။

မိုးလင်းကာနီးတော့မှ မီးပြတိုက်ရှိရာသို့ ပြန်လာပြီး အခြေအနေကြည့်ကြသည်။

မီးပြတိုက်တစ်ခုလုံး အချွဲရည်များဖြင့် သုတ်လိမ်းထားသကဲ့သို့ အချွဲတုံးများကပ်နေသည်ကို တွေ့ကြရသည်။

"ဘယ်လို သတ္တဝါကြီးမျိုးဖြစ်မလဲ"

"ပင်လယ်မြွေကြီး ဖြစ်ဖို့များတယ်"

"အရင်မီးပြတိုက်စောင့်တဲ့လူတွေလည်း ဒီသတ္တဝါကြီးလက်ချက်ကြောင့် သေတာဖြစ်မှာပဲ"

"သူ့လက်ချက်လည်းပါမယ်၊ ဟိုတစ်ညကလာတဲ့လူတွေလက်ချက်ကြောင့်လည်း ပါလိမ့်မယ်"

"ဘယ်လိုလုပ်ကြမလဲ"

"ဒီအန္တရာယ်တွေကို မရှင်းပေးနိုင်ရင် ဒီမီးပြတိုက်မှာ လူစောင့်မြဲမှာမဟုတ်ဘူး၊ မီးပြတိုက်မှာ လူစောင့်မရှိလို့ မီးပြ





ပေးမယ့်သူမရှိရင် ဒီနားတစ်ဝိုက်က ဖြတ်သွားတဲ့သင်္ဘောတွေ အန္တရာယ်နဲ့ တွေ့ကြမှာပဲ၊ ဒီကိစ္စတွေက သက်ဆိုင်ရာကို အမြန်ဆုံးသတင်းပို့ပြီး ရှင်းမှဖြစ်မယ်"

ဟုပြောဆိုပြီး မီးပြတိုက်ထဲသို့ ပြန်ဝင်ကာ အစားအသောက်များစားသောက်ကာ နားကြရလေသည်။

တစ်ညလုံးအိပ်ရေးပျက်ထားကြသော်လည်း မအိပ်ဝံ့ကြသေးပဲ မိုးလင်းသည်အထိ နေကြရလေသည်။

မိုးလင်းသောအချိန်တွင် သူတို့နှစ်ယောက်ရှိသော မီးပြတိုက်သို့ ပေါင်းမိုးတပ်ထားသော လှေတစ်စင်းဖြင့် လူတစ်ယောက်ရောက်လာလေသည်။

ဦးဇန်ကောင်းကိုတော့ ခမောက်မော်ရွာမှ ပန်းပဲဆရာဟုသိထားကြပြီး နီမောင်တို့နှင့် အဆက်အစပ်ရှိသည်ကိုတော့ ဘယ်သူမှ မသိကြပေ။

ဦးဇန်ကောင်းရောက်လာပြီဖြစ်သဖြင့် နီမောင်တို့က ဝမ်းသာသွားကြသည်။

ဦးဇန်ကောင်းကသူစီးလာသောလှေကို မနီးမဝေးမှာရှိသော ကျောက်ဆောင်နှစ်ခုကြားမှာ ထိုးတင်ထားခဲ့ပြီးမှ မီးပြတိုက်ရှိရာသို့ လာလေသည်။

မီးပြတိုက်အတွင်းသို့ရောက်ပြီး နီမောင်နှင့်ကျော်စွာတို့နှစ်ယောက်စလုံးကို မြင်ရတော့မှ ဘဝင်ကျသွားဟန်ရှိသည်။

"မီးပြတိုက်ရောက်နေတာ သုံးလေးရက်ရှိနေပြီ မဟုတ်လား၊ နှစ်ယောက်စလုံး ကျန်းကျန်းမာမာရှိနေကြပုံထောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအန္တရာယ်နဲ့မှ မတွေ့ကြုရသေးဘူးနဲ့ တူတယ်"

ထိုစကားကြောင့် နီမောင်တို့က မချိသွားဖြဲရယ်လိုက်ကြသည်။

"မင်းတို့က ဘာရယ်တာလဲ"

"အဘထင်သလို မဟုတ်လို့ ရယ်တာပါ"

"ပြောပါဦး"

"ဒီလေးရက်အတွင်းမှာတင် သေဘေးနဲ့ နှစ်ခါကြုံခဲ့ရပြီးပြီ တစ်ညကကျွန်တော်တို့ကိုသတ်ဖို့ လူတစ်စုရောက်လာကြတယ်၊ မတွေ့ရတော့မှ ပြန်သွားကြတာ"

ဦးဗန်ကောင်းက ကွမ်းဝါးနေရင်းမှ ခေါင်းညိတ်ပြသည်။

"နောက်တစ်ခုကရော"

"နောက်တစ်ခုကတော့ ပင်လယ်ထဲက ရေသတ္တဝါကြီးတစ်ကောင်တက်လာတယ်"

"ဟင် ဘယ်လိုသတ္တဝါမျိုးလဲ၊ ဘယ်လောက်ကြီးသလဲ"

"မီးပြတိုက်တစ်ခုလုံး ကိုယ်နဲ့ပတ်ထားပြီး ဦးခေါင်းကဟိုးအပေါ်ဆုံးနေရာအထိ တက်လာနိုင်တယ်"

"အဲ့ဒီလောက်ကြီးပြီး. . အဲ့ဒီလောက် အလျားရှည်ရင်တော့ မြွေမဟုတ်တော့ဘူး"

"ဘယ်လိုသတ္တဝါမျိုးလဲ"

"ပင်လယ် သမုဒ္ဒရာတွေထဲမှာနေတဲ့ အကြီးဆုံး. . ရေသတ္တဝါတွေထဲမှာ အကြီးဆုံးသတ္တဝါလို့ ပြောလို့ရတဲ့ ညံသတ္တဝါလို့ခေါ်တယ်"





"ညံသတ္တဝါ ဟုတ်လားအဘ"

"ညံသတ္တဝါ ကဘယ်လောက်ကြီးပြီး ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုရင် ကုန်းပေါ်မှာအကြီးဆုံးသတ္တဝါဖြစ်တဲ့ ဆင်လိုသတ္တဝါမျိုးမဆိုထားနဲ့၊ ရေထဲမှာအကြီးဆုံးဖြစ်တဲ့ ဝေလငါးကိုတောင် ရစ်သတ်နိုင်တယ်"

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် ညံသတ္တဝါအကြောင်းများကို ပြောပြသည်။

ညံသတ္တဝါသည် အလွန်ရှားပါးသော ရေသတ္တဝါဖြစ်သည်။ သမုဒ္ဒရာမြစ်ကြီးတို့အဆုံး၌ တီသဟဿာန် အလံတစ်ရာနှစ်ရာရှိသော သတ္တဝါဟုဆိုသည်။ အလွန်အားကြီးသော ဆင်ပြောင်ကိုပင် ဖမ်းယူသတ်ဖြတ်နိုင်သော သတ္တဝါဖြစ်လေသည်။

ညံဟူသော ဝေါဟာရသည် မြန်မာဝေါဟာရဖြစ်၏။ မာဂဓ ဘာသာအားဖြင့် တန္တိဂါဟ၊ ဇဂ်ါလီဘာသာအားဖြင့် ဂရ၊ သက္ကတအာသာအားဖြင့် ဂြာဟ၊ တစ်နည်းအားဖြင့် အဝဂြာဟ၊ မြန်မာဘာသာအားဖြင့် ညံခေါ်သည်ဟုမှတ်ရမည်ဟူ၍ ကဝိလက္ခဏာ ဒီပနီကျမ်းတွင်ဖွင့်ဆိုသည်။

တန္တိဂါဟ ပါဠိကို တစ်ရာနှစ်ရာ၊ ရှည်စွာအလံ၊ ညံသတ္တဝါလည်းကောင်းဟူသော အပဒါန် ပါဠိတော်၊ ရှင်သာရိပုတ္တရာ အပဒါန်။

ဂြာဟော၊ ဖမ်းတတ်သော တီသဟဿာန်ရှိသော ဂရ မည်သောသတ္တဝါ။ အဝဂြာဟော၊ ဖမ်းတတ်သော တီသဟဿာန်ရှိသော သတ္တဝါဟူ၍လာသော အမရကောသ အဘိဓာန်။



www.burmeseclassic.com

www.burmeseclassic.com



"ဒွယံ သမုဒ္ဒမဟာနဒျော သင်္ကမေလတာကာယ ဇန္တ
ဂေရက္ကတိချာတေ" ဟူ၍ လာသော အမရ ကောသဋီကာ၊ ၎င်း
ဒီပနီတို့၌ ညံဟောပရိယာယ်နှစ်ပုဒ်၊ ယင်းနှစ်ပုဒ်၏ အဖွင့်များ
ကိုဆိုသောကြောင့် သမုဒ္ဒရာမြစ်ကြီးတို့အဆုံး၌ တီကောင်
သဏ္ဌာန်ရှိသော ဖမ်းတတ်သောသတ္တဝါကို "ညံ"ဟု ခေါ်ဝေါ်
သည်။

ညံသည် ကုန်းနေ၊ ရေနေ တိရစ္ဆာန်တို့တွင် ရေ၌သာ
ကျက်စား၊ ရေ၌ ပေါက်ဖွားသော အကောင်မျိုးတည်း၊ အမျိုး
အစားကွဲပြားခြင်းမရှိ၊ ညံသတ္တဝါ တစ်မျိုးသာရှိ၏။

ယခုအခါ ပင်လယ်မြွေ "ညံ" သတ္တဝါအကြောင်းနှင့်
ပတ်သက်၍ ယုံနိုင်လောက်သော သက်သေပြချက်ကလေးများ
ကို တွေ့ရှိရပေသည်။

နော်ဝေပြည်က တံငါတို့သည် ပင်လယ်မြွေကြီးများ
စင်စစ်ရှိကြသည်ကို၎င်း၊ သူတို့၏ လမ်းမြောင်ဒေသများတွင်
လည်း ယင်းသတ္တဝါတို့ ပေါ်ပေါက်တွေ့ရှိကြရပုံ အမြောက်
အမြားတို့ကို၎င်း ဖော်ပြပြောဆိုနိုင်ကြလေသည်။

အိုလာစပ်မဂ္ဂနပ်(စ်)ဆိုသူသည် သက္ကရာဇ် (၁၆၀၀)ခန်
၌ 'ခရီးသည်စာအုပ်'အတွင်းဝယ် သက္ကရာဇ် (၁၅၂၂) ခုနှစ်ခန်
က ယင်း"ပယ်လယ်မြွေ"သတ္တဝါကြီးများ ပေါ်ပေါက်လာပုံ
မယုတ်မလွန် ဖော်ပြထားသည်မှာ ပင်လယ်မြွေကြီးသည် ပေ
(၂၀၀)ခန့် အလျားရှိလျက် လုံးပတ်ပေ(၂၀)ရှိလေသည်။ မျက်လုံး
မျက်ဆံမှာ မီးလျှံ လျှံထလျက် လည်ဆံမွေးညင်းတို့မှာလည်း





ရှိသည်ဟု ဖော်ပြသည်။

ဟန်း(စ်)အယ်ဂျီဒီ ဆိုသူသည် သက္ကရာဇ် (၁၇၃၄)ခုနှစ်
ဝယ် ဂရင်းလန်သို့ သာသနာပြုရန် ခရီးထွက်သွားစဉ် မှတ်တမ်း
စာအုပ်၌ရေးထားသည့် ပင်လယ်သတ္တဝါကြီးတစ်ကောင်အ
ကြောင်းပါရှိသည်။

ထိုနှစ် ဇူလိုင်လ(၆)ရက်နေ့၌ ပင်လယ်သတ္တဝါကြီး တစ်
ကောင်ကို ရုတ်တရက်လှေသင်္ဘောနံဘေးအနီး၌ ပေါ်ပေါက်
တွေ့မြင်ခဲ့ရသည်။ သူ၏ဦးခေါင်းမှာ ထောင်နေသောအခါ၌
သင်္ဘော၏ ဦးရွက်တိုင်များနှင့် ညီမျှနေသည်။ နှုတ်သီးကား
ရှည်လျားလျား ချောချော အသွင်ရှိလျက် ဝေလငါးများကဲ့သို့
ရေပန်းများ မှုတ်ထုတ်၍ နေလေသည်။ ၎င်း၏အရေဖျားမှာ
ညီညွတ်ချောမွတ်ခြင်းမရှိ၊ အခြားပုံသဏ္ဌာန်ရုပ်များမှာကား ပင်
လယ်မြွေကြီးသဏ္ဌာန်ရှိသည်။

လာဂျင်ဘုန်းတော်ကြီး "အဲရစ်ပုတော့ပိဒန်း" ဆိုသူ
နာမည်ရ နော်ဝေပြည်သား သဘာဝမွှေကို စုံစမ်းလေ့လာ ရှာ
ဖွေနေသူသည် မူလက ပင်လယ်သတ္တဝါကောင်ကြီးများ ရှိသည်
ကို မယုံကြည်ခဲ့ချေ။

သို့သော် ခရစ်(၁၇၅၅)၌ ရိုက်နှိပ်ဖြန့်ဝေခဲ့သည့် သူ၏
စာအုပ်ထဲ၌ ပင်လယ်မြွေကြီးများ အမှန်ရှိကြောင်း နော်ဝေပြည်
သား သင်္ဘောလိုက်သမားများနှင့် တံငါသည်များထံမှ ယုံ
လောက်၊ ဖြစ်နိုင်လောက်သော အချက်များနှင့်တကွ သက်သေခံ
သူပေါင်း ရာကျော်တို့က မိမိတို့ နှစ်စဉ်နှစ်တိုင်းလိုပင် တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



ကြရကြောင်းကို ဖော်ပြကြသဖြင့် ယုံကြည်လက်ခံလာသည်ဟု ဆိုသည်။

သူ၏စာအုပ်ထဲတွင် ဖော်ပြထားသည်မှာ ပင်လယ်မြွေ သတ္တဝါကြီးတို့၏ အလေ့မှာ သမုဒ်ပြင်ကျယ် ပင်လယ်အောက်၌သာ နေလေ့ရှိလျက် ဇူလိုင်နှင့် ဩဂုတ်လများတွင်သာလျှင် ဖိုမ မြူးချိန်ဖြစ်သဖြင့် လေ၊ ရေ ငြိမ်သက်သောအခါများဝယ် ရံဖန် ရံခါ ရေမျက်နှာပြင်ပေါ်သို့ တက်ရောက်လေ့ရှိကြသည်ဟူ၍ ဖြစ်သည်။

စစ်သင်္ဘောကပ္ပတိန် "အင်(မ)ကွေပေး"ဆိုသူ၏ အတွေ့အကြုံအရ အလွန်ကြီးမားသော မြွေကြီးတစ်ကောင်ကို တွေ့မြင်ရပုံကို ဖော်ပြထားသည်။

ထိုမြွေကြီး၏အလျားမှာ ပေ(၆၀)ခန့်ရှိပေသည်။ လုံးပတ်မှာ (၁၅-၁၆)လက်မခန့်ရှိပေသည်။ ဦးခေါင်းကား မြွေသဏ္ဌာန်ရှိ၏။ အရောင်မှာ ခန္ဓာကိုယ်သည် မဲညိုရောင်၊ လည်ပင်းအောက်၌ ဝါဖြူရောင်ရှိသည်။ အတောင်အတက်ဟူ၍ စိုးစဉ်းမျှမရှိ။ သို့ရာတွင် မြင်းလည်ဆံမွေးကဲ့သို့သော တဖွားဖွား အရာမ ား ၄င်း၏လည်ပင်း၌တွေ့ရရာ ပင်လယ်ရေညှိပင်များ ကပ်နေခြင်းပေလောဟု ထင်မှတ်ဖွယ်ရှိသည်။

ပင်လယ်မြွေကြီးများအကြောင်းနှင့် စပ်လျဉ်း၍ ထူးခြားအံ့အားသင့်လောက်အောင် တွေ့ရှိရသော အကြောင်းတစ်ရပ်မှာ ပန်လိုင်း(Paline) ခေါ် ကုန်သင်္ဘောပေါ်မှ ကပ္ပတိန် ဒရိုဟား ဆိုသူ၏ တွေ့မြင်ခဲ့ရပုံဖြစ်သည်။





သင်္ဘောနှင့် (၃၅)ပေခန့်အကွာတွင် ဖြူဖွေးဖွေးတိုင်ကြီးလိုလို အရာတစ်ခုသည် ပင်လယ်ပြင်ထက်၌ ပေါ်ပေါက်နေသည်ကို တွေ့မြင်စပြုသည်။ ထိုနောက် ကြည့်နေခိုက်မှာပင် တစ်ခုတက် တစ်ခုဆင်းဖြစ်နေလျက် ပင်လယ်ရေတို့သည် ရေပန်း သဖွယ်ဖြစ်နေသော အခြင်းအရာကို မြင်မိလေသည်။

မှန်ပြောင်းကို အသုံးချ၍ စုံစမ်းသောအခါ ဧရာမ ပင်လယ်မြွေကြီးတစ်ကောင်သည် ဝေလငါးကြီးတစ်ကောင်ကို (၂)ရစ်မျှ ရစ်ပတ်ထားသည်ကို တွေ့မြင်ရသည်။

ထိုမြွေကြီး၏ ဦးခေါင်းပိုင်းနှင့် အမြီးပိုင်းတို့မှာ ဝက်အူရစ်သဘော ၄င်းမိထားသော ငါးကြီးကို လျှင်မြန်စွာ ရစ်ပတ်ကာ နေသည်။

ထိုသို့ လုံးထွေးရစ်ပတ်နေကြချိန် (၁၅)မိနစ်ခန့်ကြာသော် အပြီးသတ်တွင် ငါးကြီးသည် အမြီးထောင်လျက် ပင်လယ်ရေပြင်ကို ရိုက်ခတ်နေလေ၏။ ငါးကြီး၏ ဦးခေါင်းပိုင်းကား ရေအောက်သို့ မြုပ်ဆင်းသွားလေပြီ။

တဖြည်းဖြည်း ငါးကြီးသည် လက်လျှော့ အရှုံးပေးရလျက် ပင်လယ်အောက်သို့ နစ်မြုပ်ကွယ်ပျောက်သွားတော့သည်။ အနိုင်ရသည့် မြွေသဏ္ဌာန်ရေသတ္တဝါကြီးက ရေအောက်တွင် အမောပြေရင်း စားသုံးရန် အစာရသွားချေပြီ။

ဤမျှကြီးမားသော ဝေလငါးကြီးသည်ပင်လျှင် အရှုံးပေးရသည့် မှင်လယ်မြွေ(ခေါ်)ည်သတ္တဝါကြီးကား ကြီးမားရက်စက်လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက ညံ့သတ္တဝါနှင့်ပတ်သက်သော အကြောင်းအရာအချို့ကို ပြောပြသောအခါမှ နီမောင်နှင့် ကျော်စွာတို့နှစ်ယောက်မှာ များစွာအံ့ဩသွားကြလေသည်။

"အဘပြောပုံအရဆိုရင် ညံ့သတ္တဝါကြီးဟာ အတော်ကို ကြောက်စရာကောင်းတာပဲ၊ ဒီသတ္တဝါမျိုးကို သေအောင်သတ်ပစ်ဖို့ကတော့ လွယ်မယ်မထင်ဘူး"

"ဘာကြောင့်လည်းကွ သူလည်းအသက်နဲ့ သတ္တဝါပဲ သတ်ရင်သေမှာပေါ့"

"ဘယ်လိုသတ်မလဲ အဘ"

"ငါလှေ့ထဲမှာ သူကို သတ်နိုင်မယ့် လက်နက်မျိုး ပါလာပါတယ်"

ဦးဗန်ကောင်းက သူယူလာသော လက်နက်အကြောင်းကိုပြောပြသည်။

"ဘယ်လိုလက်နက်မျိုးလည်းအဘ"

"သံသေနဲ့လုပ်ထားတဲ့ လက်နက်ပါပဲ. . ငါကတော့ မင်းကြီးရန်နောင်ရဲ့ ယိမ်းနွဲ့ပါးဓားကို သဘောကျတဲ့သူဆိုတော့ ငါလုပ်တဲ့ဓားကိုလည်း 'ယိမ်းနွဲ့ပါးဓား'လို့ပဲ အမည်ပေးထားတယ်"

"ရာဇဝင်ထဲမှာတော့ မင်းကြီးရန်နောင်ရဲ့ ယိမ်းနွဲ့ပါးဓားအကြောင်း ဖတ်ဖူးကယ်၊ ဆင်ပေါ်ကလူကို ခုတ်တာ လူတင်မကဘူး အောက်ကဆင်ပါ ပြတ်ကျသွားတဲ့အကြောင်း၊ သို့ဟန်ဘွားရဲ့ ဦးခေါင်းကိုဖြတ်တာ အောက်ကဝါးပိုးဝါးတွေပါ ပြတ်ကျသွားတဲ့အကြောင်းတွေ ဖတ်ဖူးတယ်"





"ဒါတင်ဘယ်ကပ့်မလဲ၊ နန်းတော်ထဲက ပြန်အထွက်မှာ ဓားစမ်းရုံစမ်းခဲ့တာ နန်းတော်တိုင်တွေ ပြတ်ကျန်ခဲ့တာ ဘယ်သူမှမသိလိုက်ဘူး၊ နောက်တော့မှ တိုင်လုံးကြီးတွေအားလုံး တိတိရိရိ ပြတ်ကျန်ခဲ့တာကိုသိကြရတယ်။

"အဘရဲ့ဓားက ယိမ်းနွဲ့ပါးဓားလောက် ကောင်းမယ်ဆိုရင်တော့ ဘယ်လောက်ကြီးမားတဲ့ သတ္တဝါမျိုးဖြစ်ဖြစ် ပြတ်ကျသွားမှာပဲ၊ ဒါထက် အဘက ဒီဓားကို ဘယ်ကနေဘယ်လို ရခဲ့တာလဲ"

"ရခဲ့တာမဟုတ်ပါဘူး၊ ငါကိုယ်တိုင်လုပ်ခဲ့တာပါ"

"သံသေက ဘယ်နေရာက ရခဲ့တာလဲ"

"မြစ်ကြီးနားဘက်ရောက်တုန်းက သိဒ္ဓိပေါက်နေတဲ့ ဆရာတော်တစ်ပါးက ပေးလိုက်တာ၊ ဓားလုပ်ပြီးတော့. . ကိုးသချိုင်းပြည့်အောင် အမိဋ္ဌာန်ဝင်ခဲ့ရသေးတယ်"

"ဘယ်သုသာန်တွေလဲအဘ"

"မြစ်ကြီးနားမြို့ ထူးထူးဆန်းဆန်း သုသာန်ကိုးနေရာရှိတယ်၊ အဲ့ဒီမှာပဲ လှည့်ဝင်ခဲ့တာပဲ"

"ပြောပါဦး အဘရဲ့"

"မြစ်ကြီးနား မြို့မသုသာန်၊ (မြန်မာသုသာန်)၊ နှစ်ခြင်းခရစ်ယာန်သုသာန်၊ ကာသောလိပ်သုသာန်၊ ဟိန္ဒူသုသာန်၊ မွတ်စလင်သုသာန်၊ နတ်စားကချင်သုသာန်၊ တရုတ်လက်တိုသုသာန်၊ တရုတ်လက်ရှည်သုသာန်၊ ဒုတိယကမ္ဘာစစ်ကျဆုံးသွားသည့် စစ်သည်များမြှုပ်သောသုသာန် (စစ်သချိုင်း)၊ ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သူသာန်ကိုးခုရှိတယ်”

“အတော်ထူးဆန်းတာပဲ”

“ငါနဲ့တွေ့တဲ့ဆရာတော်က သူထွက်ရပ်ပေါက် စခန်းသွားကာနီးတော့ ဖိုထိုးပြီးရထားတဲ့ သံသေတုံးကို ငါ့ကိုပေးခဲ့တယ်၊ အဲ့ဒီသံသေတုံးကို ဓားလုပ်ပြီး ကိုးသချိုင်းပြည့်အောင် အဓိဋ္ဌာန်ဝင်ခဲ့တာပဲ”

“ဒါဖြင့် အဘလုပ်တဲ့ဓားကို ယိမ်းနွဲ့ပါးလို အမည်မပေးပဲ ‘ကိုးသချိုင်းသံသေဓား’ လို့ နာမည်ပေးရင်တောင် အတော်ကောင်းမှာပဲ။

နီမောင်က ပြောလိုက်သည်။

“ကိုးသချိုင်းသံသေဓားပဲဖြစ်ဖြစ်၊ ယိမ်းနွဲ့ပါးဓားပဲဖြစ်ဖြစ် အရေးမကြီးဘူး၊ ဒီဓားကိုလုပ်ပြီးကတည်းက သိမ်းထားရတာအတော်ကြာပြီ၊ ဘယ်နေရာမှာ သုံးရမှန်းမသိတာ အခုမှပဲ သုံးကြည့်ရတော့မှာပဲဟေ့”

ဟုပြောပြီး သူရပ်ထားခဲ့သော လှေရှိရာသို့ ကစ်ခေါက်ပြန်သွားလေသည်။

ထိုနေရာရောက်သောအခါ လှေပဲ့စင်ကတ်အောက်မှာ ထည့်ထားသော အဝတ်အိတ်တစ်လုံးကို ထုတ်ယူလာသည်။

မီးပြတိုက်ထဲသို့ ပြန်ရောက်လာသောအခါ ထိုအထုပ်ကိုဖြည်ပြသည်။

အထဲမှာ ဓားအိမ်ဖြင့်ထည့်ထားသော ဓားတစ်လက်ကို တွေ့ရသည်။





နီမောင်က ကောက်ယူကြည့်တော့ အလေးချိန် အတော်များလေသည်။

ဓားရိုးမှာရော ဓားအိမ်တစ်ခုလုံးမှာပါ ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားသည်။

နီမောင်က ဓားရိုးမှကိုင်ပြီး ဓားကိုထုတ်ရန်ပြင်တော့ ဦးဗန်ကောင်းက လှမ်းတားသည်။

“ဓားအိမ်ထဲကဆွဲမထုတ်လိုက်နဲ့ နီမောင်၊ ဒီဓားက အဓိဋ္ဌာန်ဝင်ပြီးလုပ်ထားတဲ့ ဓားဆိုတော့ ဓားအိမ်ထဲက ထုတ်ပြီးရင် သွေးသောက်ပြီးမှ ပြန်ထည့်လို့ရတယ်၊ မဟုတ်ရင် အထဲကို ပြန်ထည့်လို့မရဘူး”

ထို့ကြောင့် ဓားရိုးပေါ်တင်ထားသော လက်ကို ပြန်ရုတ်လိုက်သည်။

“ဒီလောက်မလောပါနဲ့ . . မကြာခင်မှာ မင်းဒီဓားကို ကောင်းကောင်း အသုံးချရတော့မှာပါ”

“ဒါထက် အဘရော ကျွန်တော်တို့နဲ့အတူ နေမှာလား”

“ဒီလောက်စိတ်ဝင်စားဖို့ကောင်းတဲ့ အခွင့်အရေးကို လက်လွှတ်ပေးလို့ ဘယ်ဖြစ်ပါ့မလဲကွာ နေရမှာပေါ့”

ထိုစကားကြောင့် နီမောင်နှင့် ကျော်စွာတို့မှာ များစွာအားရှိသွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

# အမှောင်ထဲမှ အသက်လုပွဲများ

ဇမုန်းတွန်ပိုင်ဆိုင်သော ငါးရွဲဒိုင်၏ အနောက်ဘက်ခန်းတွင် ဇမုန်းထန်နှင့် ၎င်း၏တပည့်အချို့ လျှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးနေကြလေသည်။

"မင်းတို့လုပ်ငန်းအခြေအနေ ဘယ်လိုရှိသလဲ"

"သိပ်မကောင်းဘူး ဆရာကြီး၊ မီးပြတိုက်မှာ ဟိုနှစ်ယောက်ရောက်သွားပြီးတဲ့နောက် အခြေအနေမကောင်းဘူး"

"သူတို့ကို ခါတိုင်းလို မလုပ်ဘူးလား"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပဲ ဘယ်နေပ့်မလဲ ဆရာကြီးရယ်၊ သူတို့ရောက်သွားပြီး နောက်တစ်ရက်မှာပဲ ကျုပ်တို့ လိုက်သွားကြသေးတယ်၊ ဒါပေမယ့် သူတို့ကလည်း အတော်ကလေး ပါးရည်နပ်ရည်ရှိတယ်၊ ကျုပ်တို့ရောက်သွားတော့ သူတို့နှစ်ယောက်စလုံးကို မတွေ့ရဘူး"

ဇမုန်းထန် အံ့ဩသောအမူအရာဖြင့် တစ်ချက်ကြည့်သည်။

"အခုရောရှိနေသေးလား"

"အခုတော့ ပြန်ရောက်နေပုံရတယ် မီးပြတိုက်က ညတိုင်း မီးလင်းနေတာ မြင်ရတယ်၊ မီးပြတိုက်က မီးလင်း နေတော့ သင်္ဘောတွေလည်း ကျုပ်တို့ထောင်ချောက်ထဲကို ဝင်မလာတော့ အလုပ်မဖြစ်တော့ဘူးပေါ့"

"အင်း . . မင်းတို့ပြောပုံအရဆိုရင် သူတို့နှစ်ယောက်က သာမန်အလုပ်သမားတွေနဲ့တော့ သိပ်မတူဘူး၊ သူတို့က တိုက်ခိုက်တာ တော်သလို ပါးရည်နပ်ရည်လည်း ရှိပုံရတယ်"

"ဟုတ်တယ် ဆရာကြီး၊ ကျုပ်တော့ သူတို့နှစ်ယောက်ကို သိပ်ပြီးမသင်္ကာချင်ဘူး၊ ဒီနှစ်ယောက်က သာမန်အလုပ်လုပ်ဖို့လာကြတဲ့ ရိုးရိုးလူတွေဟုတ်ချင်မှဟုတ်မယ်"

သံပချိုင်စကားကြောင့် ဇမုန်းထန်မှာ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားလေသည်။

"ဒီလောက် ခေတ်ပျက်နေတဲ့အချိန်မှာ သူတို့ကို အရေးစိုက်စရာလား၊ သူတို့ဘာသာ ဘာတွေပဲဖြစ်ဖြစ်ပေါ့၊ ငါတို့ လက်





ထဲ ရောက်နေမှပဲ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှင်းပြစ်ရမှာပေါ့၊ ဒီတော့ ငါပြောတဲ့အတိုင်း လုပ်ကြပေတော့"

ဇမုန်းထန်က ပြုလုပ်ရမည့် အစီအစဉ်အချို့ကို ပြောပြလေသည်။

ထိုသို့ပြောနေသည့် စကားသံများကို အခန်းပြင်ဘက်မှာ ရှိနေသည့် မြလေးခင်က အတိုင်းသားကြားရလေသည်။

ပြီးတော့မှ ထိုနေရာမှ ထွက်သွားလေသည်။

နောက်တစ်နေ့မှာတော့ နီမောင်တို့ရှိနေသော မီးပြတိုက်ရှိရာသို့ ငါးဖမ်းထွက်သည့် လှေတစ်စင်းရောက် လာလေသည်။

နီမောင်က အကျိုးအကြောင်းမေးကြည့်သောအခါ စာရွက်လိပ်တစ်ခုကို ပေးသွားလေသည်။ နီမောင်က စာရွက်လိပ်ကို ဖြည်ကြည့်သောအခါ အောက်ပါအတိုင်းတွေ့ရလေသည်။

"ရေမှာရော ကုန်းပေါ်မှာပါ အန္တရာယ်ရှိတယ် သတိထားပြီးနေပါ"

စာကတိုသော်လည်း အဓိပ္ပါယ်က အများကြီးရှိသည်။

နီမောင်က ကျော်စွာနှင့် ဦးဗန်ကောင်းတို့ကိုပါ ပြလိုက်သည်။

"ဘယ်လို သဘောရသလဲ"

"ငါတို့အတွက် တစ်ယောက်ယောက်ကဝင်ပြီး သတိပေးတာမျိုးဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လက်ရေးကတော့ မိန်းကလေးလက်ရေးပဲ၊ ဘယ်သူ ဖြစ်နိုင်မလဲ"

"ဒါကတော့ နောက်ပိုင်းသိရမှာပါ၊ အခုလောလောဆယ် ငါတို့အတွက် အရေးကြီးတယ်၊ ရန်သူကလာရင် ညဘက် လာမှာပဲ၊ ဒီတော့ အချိန်ရှိတုန်း ငါရွာထဲပြန်ပြီး စီစဉ်စရာရှိတာ စီစဉ်လိုက်ဦးမယ်"

ဟုပြောပြီး ဦးဗန်ကောင်းက ဝှက်ထားသောလှေကို ယူကာ ရွာဘက်သို့ပြန်သွားလေသည်။

နီမောင်နှင့် ကျော်စွာတို့လည်း မအိပ်ကြတော့ပဲ လှို ဝှက်စွာယူလာသော လက်နက်များကို ထုတ်ပြီး ပြင်ဆင်စစ်ဆေး ကြလေသည်။

သူတို့ယူဆောင်လာသော လက်နက်မှာ အခြားတော့ မဟုတ်ပဲ သေနတ်နှစ်လက်နှင့် ကျည်ဆံများပင်ဖြစ်တော့သည်။

"အင်း ဒီညတော့ ပွဲကြီးပွဲကောင်း တွေ့ရဦးမှာပေါ့ကွာ"

ကျော်စွာက သေနတ်ကိုပြင်ဆင်ရင်း ပြောသည်။

"ဒါထက် ငါတို့ကို သတိပေးစာရေးတာ ဘယ်သူဖြစ် မယ်လို့ ထင်သလဲ ကျော်စွာ"

"မဟုတ်ကာမှလွဲရော မြလေးခင်ဖြစ်မယ်ထင်တယ်၊ ငါတို့နဲ့ အဆက်အစပ်ရှိတာ သူတစ်ယောက်ပဲရှိတာ ဆိုတော့ သူပဲဖြစ်မှာပေါ့"

"သူက သူ့အဖေအလုပ်တွေပျက်အောင် ဒီလိုလုပ်ပါ့ မလား"





"သူ့ကြည့်ရတာတော့ တစ်မျိုးပဲကွ သူလုပ်ချင်တာဆို ရင် ဘာမဆိုလုပ်မယ့်ပုံမျိုးပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ အခုလိုကြိုတင်ပြီး သတိပေး တော့ ငါတို့ဘက်က ကြိုတင်ပြီး ပြင်စရာရှိတာတွေ ပြင်ဆင့်လို့ ရတာပေါ့၊ သူ့ကိုတော့ ကျေးဇူးတင်ရမှာပဲ"

ထိုစကားကြောင့် ကျော်စွာက သဘောကျစွာ ပြုံးလိုက် သည်။

"ကျေးဇူးတင်ရင် ကျေးဇူးဆပ်ရမှာပေါ့ကွာ"

"ဘယ်လိုဆပ်ရမှာလဲ"

"မြလေးခင်က မဟူရာနွံထဲက ပန်းတစ်ပွင့် ဘဝမျိုးပဲ သူ့ကို ဒီနေရာကလွတ်မြောက်အောင် အကူအညီပေးပြီး ကျေး ဇူးဆပ်ရမှာပေါ့"

"ကိုယ်ကဒီလို လုပ်ချင်ပေမယ့် သူ့သဘောကလည်း ပါဦးမှဖြစ်မှာကိုး"

"မင်းပြောရင် ရမယ်ထင်တာပဲ၊ မင်းကိုတော့သူက စိတ် ဝင်စားပုံရပါတယ်၊ ဒါကြောင့် နှစ်ယောက်တည်းတောင် အဖော် ခေါ်သွားပြီး ပြောသင့်ပြောထိုက်တာတွေကို ပြောခဲ့တာပဲ၊ သာ မန်အနေအထားမျိုးနဲ့တော့ ဒီလိုခေါ်သွားပြီး ပြောပါ့မလား"

ကျော်စွာက အချက်ကျကျ ပြောပြသောအခါ နီမောင် စိတ်ထဲမှာ အတွေးများစွာ ဝင်ရောက်လာလေတော့သည်။

ညနေစောင်းအချိန်လောက်တွင် ဦးဗန်ကောင်း ပြန် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အတူ လူနှစ်ယောက်လည်း အတူပါလာသည်။

"စောထီးနဲ့ ငမဲအောင်တို့ပါလား"

"ဟုတ်တယ် သူတို့နှစ်ယောက် အလုပ်နားနေတာနဲ့ ငါခေါ်လာခဲ့တာ"

စောထီးနှင့် ငမဲအောင်တို့ကလည်း နီမောင်တို့နှင့် ပြန်တွေ့ရသဖြင့် ဝမ်းသာနေကြသည်။

"မင်းတို့ မီးပြတိုက်ရောက်နေကတည်းက ငါတို့က ရွာထဲကနေ စိတ်ပူနေကြတာ၊ အခုလို ဘေးမသီရန်မခပဲ ပြန်တွေ့ရတာ ဝမ်းသာတယ်"

သူတို့မှာလည်း အမဲလိုက်ရာမှာ အသုံးပြုသော ဒူးလေးနှစ်လက်နှင့် မြားတံများပါလာသည်။

ထို့ပြင် သံချွန်တပ်ပစ်ရသော သားရေခွလည်းပါလာကြသည်။

"အဘလာခေါ်ကတည်းက တစ်ခုခုထူးခြားတော့မယ် ဆိုတာသိရလို့ ငါတို့ လက်နက်တွေအားလုံး ယူလာကြတယ်"

"ကောင်းတာပေါ့ကွာ အကြောင်းရှိတော့ သုံးရတာပေါ့"

စောထီးနှင့် ငမဲအောင်တို့က နီမောင်တို့ ပြင်ဆင်နေသော သေနတ်များကို မြင်သောအခါ အံ့ဩသွားကြလေသည်။

"မင်းတို့က ဘာတွေလဲ"

ထိုအခါမှ ကျော်စွာက ရှင်းပြသည်။

"ငါက စီအိုင်ဒီကလွှတ်လိုက်တဲ့ စုံထောက်တစ်ယောက်





ပဲ၊ မီးပြတိုက်မှာ အစောင့်ထားတဲ့လူတွေ ပျောက်ဆုံးနေတဲ့ကိစ္စကို စုံစမ်းဖို့လာတဲ့သူပဲ"

"နီမောင်ကရော"

"နီမောင်က စုံထောက်တစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီပင်လယ်ပိုင်းဒေသမှာ သူကကျွမ်းကျင်တော့ အကူအညီတောင်းပြီး ခေါ်လာတာ၊ အဘဦးဗန်ကောင်းလည်း ငါတို့နဲ့အတူတူပဲ"

"ဟင်"

တအံ့တဩဖြင့် ဦးဗန်ကောင်းကိုကြည့်ကြသည်။

ဦးဗန်ကောင်းကတော့ ဘာမှ မထူးခြားဟန်ဖြင့် ကွမ်းတမြုံ့မြုံ့ဝါးနေသည်။

"သူလည်း စုံထောက်တစ်ယောက်ပဲလား"

"စုံထောက်တော့မဟုတ်ပါဘူး၊ နီမောင်လိုပဲ အကူအညီပေးတဲ့သူပါပဲ၊ သူက ဒီကိစ္စတွေကို ကြိုတင်စုံစမ်းဖို့ ပန်းပဲဆရာအယောင်ဆောင်ပြီး ဒီရွာကို ကြိုရောက်နေတာပါ၊ သူက ရသမျှသတင်းတွေကို လူကြုံနဲ့ ပို့ပေးတော့မှ ငါတို့က နောက်မှလိုက်လာကြတာပါ"

"အင်း. . မင်းတို့ရောက်လာကတည်းက အလုပ်သမားတွေနဲ့ မတူဘူးလို့ ထင်တော့ထင်သားပဲ၊ အခုမှပဲ သိရတော့တယ်"

"ဒါထက်. . ဒီမှာဘယ်လို အန္တရာယ်မျိုးတွေ ရှိနေတာလဲ လူတွေလား၊ တိရစ္ဆာန် အန္တရာယ်တွေလား"



www.burmeseclassic.com

www.burmeseclassic.com



"လူရော တိရိစ္ဆာန်ရောပဲ၊ ညကျရင် မင်းတို့တွေ့ရပါလိမ့်မယ်"

ဟုပြောပြီး ငါးယောက်သား ခေါင်းချင်းဆိုင်ပြီး ပြုလုပ်ရမည့် အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေတော့သည်။

နေဝင်သွားသည်နှင့် လူစုခွဲကြလေသည်။ ကျော်စွာ၊ ငမဲအောင်နှင့် ဦးဗန်ကောင်းတို့ သုံးယောက်က လက်နက်များအသီးသီးယူကာ အပြင်သို့ ထွက်သွားကြလေသည်။

မီးပြတိုက်ထဲမှာတော့ နီမောင်နှင့် စောထီးတို့နှစ်ယောက်သာကျန်ခဲ့သည်။

သူတို့မှာ သေနတ်တစ်လက်နှင့် ကျည်ဆံများ၊ ဒူးလေးသားရေခွအပြင် ဦးဗန်ကောင်းပေးထားသည့် ယိမ်းနွဲ့ပါးမား ကိုပါယူထားလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ နီမောင်နှင့် စောထီးတို့နှစ်ယောက်က မီးပြတိုက်အပေါ်သို့တက်ပြီး မီးအိမ်ထွန်းထားလိုက်သည်။

အတန်ကြာသောအခါ ပင်လယ်ဘက်မှ စက်လှေတစ်စင်း မောင်းလာသံကြားရပြီး မီးပြတိုက်နှင့် မနီးမဝေး ကျောက်ဆောင်များကြား၌ ရပ်တန့်သွားသည်။

ထို့နောက် လက်နက်များကိုင်ထားသော လူအချို့ ဆင်းလာကြပြီး မီးပြတိုက်ရှိရာသို့ လျှို့ဝှက်စွာ လာနေကြသည်။ တစ်ချိန်တည်းမှာပင် ကမ်းစပ်ဘက်မှ ကြိုတင်စောင့်နေသော လူငါးယောက်ကလည်း ထွက်လာပြီး မနီးမဝေးသို့ ရောက်လာကာ





အခြေအနေ စောင့်ကြည့်နေကြသည်။

အကယ်၍ မီးပြတိုက်ထဲမှအစောင့်များ အပြင်သို့ ထွက်ပြေးလာပါက ဆီးကြိုတိုက်ခိုက်ရန် စောင့်နေကြခြင်း ဖြစ်သည်။

စက်လှေပေါ်မှ ဆင်းလာသူမှာ (၆)ယောက်ရှိသည်။ သူတို့ကို သံပချိုင်ကဦးဆောင်လာပြီး သေနတ်နှစ်လက်နှင့် အခြားလက်နက်များပါလာကြသည်။

မီးပြတိုက်မှာ အပေါ်ထိပ်မှာသာ မီးရောင်လင်းနေသော်လည်း အောက်ခြေမှာတော့ မှောင်နေသည်။

အပြင်မှ အခြေအနေကြည့်တော့ ဘာမှမမြင်ရပေ။ သို့ကြောင့် တစ်ယောက်ကပိတ်ထားသော တံခါးကိုခြေဖြင့်ကန်ဖွင့်ကာ အသင့်ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် အထဲသို့ထိုးကြည့်လိုက်သည်။

"ဝှစ်. ."

"ဒုတ်. ."

"အား. ."

တစ်ယောက်လဲကျသွားသည်။

ရင်ဝမှာ သံချွန်တစ်ချောင်းစိုက်ဝင်နေသည်။

ထိုအခြေအနေကိုမြင်တော့ ငါးယောက်စလုံး အထဲပြေးဝင်ကြသည်။

ထိုအခြေအနေကပင် သူတို့အမှားပင်ဖြစ်သည်။ မီးအလင်းရောင်မရှိသောနေရာသို့ ဖွတ်ဝင်သွားသည်နှင့် မြားတံတစ်ချောင်းနှင့် သံချွန်တစ်ချောင်းထပ်ထွက်လာပြီး နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လဲကျသွားပြန်သည်။

သံပချိုင်မှာ အပွဲပွဲနွှဲလာတာ ဒီလိုမခံရဘူးသေးသောကြောင့် ဒေါသတကြီးနှင့် သေနတ်ဖြင့် စွပ်ပစ်လေတော့သည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း"

တိတ်ဆိတ်နေသည့် အချိန်လည်းဖြစ်၊ မီးပြတိုက်အတွင်းမှာလည်းဖြစ်သဖြင့် သေနတ်သံများက ဆူညံစွာထွက်လာလေတော့သည်။

ထိုသေနတ်သံကြားတော့ ကမ်းစပ်မှာ ကြိုတင်စောင့်နေသော လူငါးယောက်က ပြေးဆင်းလာကြသည်။

ထိုသို့ဆင်းလာသည်နှင့် ကျောက်တုံးများအနောက်ဘက်မှာ အသင့်စောင့်နေကြသည့် ကျော်စွာတို့ သုံးယောက်က ဆီးကြိုတိုက်ခိုက်ကြရာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားတော့သည်။

အတွင်းသို့ရောက်နေသော သံပချိုင်မှာ အတွင်းမှ သေနတ်သံများကြားရလျှင် အပြင်မှစောင့်နေသူများ ရောက်လာမည်အထင်ဖြင့် စောင့်နေသော်လည်း သေနတ်သံသာကြားလိုက်ရပြီး တစ်ယောက်မှ ရောက်မလာသောအခါ အခြေအနေကိုသဘောပေါက်သွားတော့သည်။

သို့ကြောင့် ကျန်သည့်တစ်ယောက်ကိုခေါ်ပြီး အပြင်သို့ထွက်ကာ စက်လှေရှိရာသို့ ပြန်ပြေးသွားကြတော့သည်။

စောစောက ဆူညံနေသော မီးပြတိုက်တစ်ဝိုက်မှာတော့ တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ခဲ့တော့သည်။





# အခန်း (၁၅)

# အန္တရာယ်ကွန်ရက်မှ ထွက်ကြရခြင်း

အချိန်က ညဉ့်နက်ပိုင်းအချိန်ရောက်နေချေပြီ။ ရွာမှာကျန်ခဲ့သော ဇမုန်းထန်တစ်ယောက်မှာ စိတ်ဂနာမငြိမ်ဖြစ်နေသည်။

သူသည် ဆေးပြင်းလိပ်ကို တွင်တွင်ဖွာရင်း ဟိုမှဒီမှ လျှောက်နေလေသည်။

စိတ်ထဲမှာလည်း နီမောင်တို့နှစ်ယောက်ကို ရွာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် ခေါ်လာမိသဖြင့် နောင်တရနေလေသည်။

ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သည့်အဖြစ်မျိုး ဖြစ်နေသည်။

အခြေအနေမကောင်းပါက ထိုနေရာမှ ခြေရာဖျောက်ပြေးရန်လည်း ဆုံးဖြတ်ထားသည်။

ထို့ကြောင့် တန်ဖိုးရှိသော ရွှေငွေရတနာများကို အိတ်တစ်လုံးဖြင့် အဆင်သင့်ထည့်ထားလေသည်။

ဇမုန်းထန်၏ အခြေအနေကိုကြည့်ပြီး ကျန်သည့်မိသားစုသုံးယောက်တို့မှာလည်း မအိပ်ဝံ့ပဲ ဒီအတိုင်းထိုင်စောင့်နေကြရသည်။

သန်းခေါင်းယံကျော်တော့ ကမ်းစပ်သို့ စက်လှေတစ်စင်းပြန်ဝင်လာသံကြားရသည်။

အသံကြားကတည်းက မိမိစက်လှေမှန်း သိလိုက်သဖြင့် အပေါက်ဝမှ ထွက်ကြည့်သည်။

စက်လှေပေါ်မှ သံပချိုင်တစ်ယောက်သာ တက်လာပြီး အခြားသူများ မတွေ့ရပေ။

"ဟင်. . . သံပချိုင် မင်းတစ်ယောက်တည်း ပြန်လာသလား၊ ကျန်တဲ့လူတွေရော ဘယ်ကျန်ခဲ့သလဲ"

ဟုစိုးရိမ်တကြီးမေးလိုက်သည်။

"အားလုံးသေပြီးတော့ ကျန်ခဲ့ပြီ၊ ကျုပ်တောင် အသက်လုပြီးပြန်ပြေးလာရတာ"

"ဘယ်လိုဖြစ်တာလဲ"





"သူတို့က သာမန်မဟုတ်ဘူး၊ သေနတ်ပါလာကြတယ်"

"ဟင်"

"ကျုပ်တို့လာမယ်ဆိုတာကိုလည်း သတင်းကြိုရလို့ စောင့်နေကြပုံရတယ်၊ ဒါကြောင့် ဘာမှမတတ်နိုင်ပဲ သေကုန်ကြတာပဲ၊ ခင်ဗျားက ကိုယ့်ကိုသတ်မယ့်သူတွေကိုမှ စက်လှေပေါ်တကူးတက တင်ခေါ်လာတာကိုးဗျ"

သံပချိုင်က မကျေမနပ်ပြောလိုက်သည်။

"ခုမှတော ဒါတွေပြောမနေနဲ့တော့ သံပချိုင်၊ ဘယ်လိုဆက်လုပ်ကြမလဲ"

"ဒီမှာဆက်နေလို့တော့ မဖြစ်တော့ဘူး၊ တော်ကြာ အစိုးရလူတွေ ရောက်လာလို့ ဖမ်းမိသွားရင် အားလုံးကြိုးစင်တက်နေကြရမယ်၊ ဒီနေရာကအမြန်ထွက်ပြေးမှ ဖြစ်တော့မယ်"

ဟုပြောပြီး အသင့်ပြင်ဆင်ထားသော ပစ္စည်းများကို စက်လှေပေါ်သို့ သယ်ချလေသည်။

ထိုနောက် မိသားစုများပါ စက်လှေပေါ်တက်စေပြီး ဆိပ်ကမ်းမှ မောင်းထွက်ခဲ့ကြလေသည်။

၎င်းတို့ရည်ရွယ်ထားသည်ကား ယိုးဒယားနိုင်ငံဘက် အရောက်သွားရန်ပင်ဖြစ်သည်။

စက်လှေပေါ်မှာတော့. . သံပချိုင်တို့က ငါးယောက်၊ ဇမုန်းထန်တို့မိသားစုက လေးယောက်ဖြင့် ကိုးယောက်သာပါသည်။

သံပချိုင်ကတော့ ထိုအခြေအနေကို စိတ်ထဲမှ ကျိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သဘောကျနေလေသည်။

ထိုင်းနိုင်ငံဘက် ရောက်သွားလျှင် မြလေးခင်တစ်ယောက်သာ ချန်ထားပြီး ကျန်သုံးယောက်ကို သုတ်သင်ပြီး လူရောပစ္စည်းပါ သိမ်းယူရန် အကြံအစည်ရှိသောကြောင့် ဖြစ်လေသည်။

ထိုအကြံအစည်ကိုတော့ ဇမုန်းထန်ကမရိပ်မိရှာပေ။ စက်လှေထွက်လာပြီး ပင်လယ်ရေပြင် တစ်နေရာသို့ရောက်သောအခါ သေနတ်ဖြင့်ချိန်ကာ ကျန်သုံးယောက်ကို ဖမ်းပြီး ကြိုးဖြင့်တုပ်ထားလိုက်သည်။

ဇမုန်းထန်တို့လင်မယားနှစ်ယောက်နှင့် သားဖြစ်သူတို့မှာ မလှုပ်သာတော့ပေ။

မြလေးခင်ကိုတော့ ဒီအတိုင်းထားသည်။

"နင်ဘာလုပ်တာလဲ သံပချိုင်"

"ငါဘာလုပ်တယ်ဆိုတာ မမြင်ဘူးလား၊ နင့်ကိုယူပြီး နင့်မိသားစုတွေကို အားလုံးသတ်ပစ်မှာ"

"နင်လူယုတ်မာပဲ ဒီလိုလုပ်လို့ရမတဲ့လား"

"ဒီစက်လှေပေါ်မှာ ငါ့လူတွေချည်းပဲ၊ အခုငါက နင်တို့ခိုင်းတာကို လုပ်မယ့်သူမဟုတ်တော့ဘူး၊ ဒါကို သဘောပေါက်ရင် အေးအေးနေပါ"

"နင်လိုလူလက်ထဲတော့ ဘယ်နည်းနဲ့မှ အရောက်မခံဘူး ပင်လယ်ထဲခုန်ချပစ်လိုက်မယ်"

ထိုသို့ပြောသဖြင့် သံပချိုင်က မြလေးခင်ကို အခန်းထဲ





ထည့်ပြီး ပိတ်ထားလိုက်သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် သန်းခေါင်းယံကျော်လာချေပြီ။

သံပချိုင်၏ ရည်ရွယ်ချက်မှာ မိုးမလင်းမီ ကမ်းခြေနှင့်ဝေးနိုင်သမျှဝေးဝေးရောက်အောင် ထွက်သွားရန် ကြိုးစားသော်လည်း မရတော့ပေ။

အဘယ့်ကြောင့်ဆိုသော်. . .

သူတို့သွားမည့်လမ်းပေါ်မှာ အနှောင့်အယှက်တစ်ခုပေါ်လာသောကြောင့်ဖြစ်သည်။

"ဟိုရှေ့မှာ ဘာကောင်ကြီးလည်းမသိဘူး"

စက်လှေမောင်းနေသူက အော်ပြောလိုက်သဖြင့် ကြည့်ကြရာ ရေပြင်ပေါ်မှာ ဦးခေါင်းပေါ်နေသော သတ္တဝါကြီးတစ်ကောင်ကိုတွေ့ကြရသည်။

"ဘာကောင်ကြီးလဲ"

"ဘယ်သိပါမလဲ ရေပေါ်မှာပေါ်နေတာတောင် ငါတို့စက်လှေထက် ကျော်နေသေးတယ် သူနဲ့ဝေးတဲ့နေရာဘက်ကသွားဟေ့"

ထိုသို့ပြောသဖြင့် စက်လှေကိုအခြားဘက်သို့ ဦးတည်လိုက်သည်။ သို့သော်လည်း သွားလမ်းမရှိပေ။

ဟိုဘက်မှာက အမြီးပိုင်းကြီးပေါ်နေသည်။ ရေသတ္တဝါကြီး၏အမြီးနှင့် ဦးခေါင်းကြားထဲမှာ သူတို့စက်လှေ ရောက်နေခြင်းဖြစ်တော့သည်။ အမြီးပိုင်းဟုသာဆိုသော်လည်း သစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးကဲသို့ ကြီးမားသောကြောင့် စက်လှေမှာထွက်ပေါက်မရ တော့ပေ။

"သေနတ်နဲ့ ပိုင်းပစ်ကြကွာ"

သံပချိုင်ကပြောသဖြင့် သေနတ်များဖြင့် ပိုင်းပစ်ကြ လေတော့သည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း"

သေနတ်ကျည်ဆံများ ထိမှန်သွားသောကြောင့် သတ္တဝါ ကြီးက ရေအောက်သို့ တဖြည်းဖြည်း ပြန်မြုပ်သွားလေတော့ သည်။

"ဘာတတ်နိုင်သေးလဲ"

သံပချိုင်ကသေနတ်ကို အဆင်သင့်ကိုင်ထားရင်း . . အောက်သို့ငုံ့ကြည့်နေသည်။

ထိုအခိုက်မှာပင် ရေအောက်မှာ ထိုးတက်လာသော ဦးခေါင်းကြီးက သူ့ကိုဆွဲချသွားလေတော့သည်။

"ဝေါ"

"အား"

အော်သံကြားလိုက်ရပြီး ခြေကားရား လက်ကားရားနှင့် ပါသွားလေတော့သည်။

ထိုအခါ ကျန်လူများက စက်လှေကို မောင်းထွက်ရန် ကြိုးစားကြစဉ်မှာ စက်လှေဝမ်းဗိုက်အောက်မှ ရောက်နေသည့် သတ္တဝါကြီး၏ ကိုယ်လုံးနှင့်တိုက်မိသောကြောင့် ပန်ကာနှင့်တက် မများ တစ်စစီပြုတ်ထွက်ကုန်လေတော့သည်။





ထိုအခါ စက်ကမောင်း၍ရသေးသော်လည်း ပန်ကာမ ရှိတော့သဖြင့် စက်လှေကမသွားတော့ပေ၊ ဝန်ရိုးကျွတ်ထွက် သွားသောနေရာမှာ ရေများပင် ဝင်လာလေပြီ။

ရေအောက်မှသတ္တဝါကြီးကတော့ သံပချိုင်ကိုကိုက်ချီ စားသောက်ပြီး ရေအောက်သို့ ငုတ်လျှိုးပျောက်ကွယ်သွား၍သာ တော်ပေတော့သည်။

စက်လှေပေါ်မှာ ကျန်ခဲ့သည့် လူဆိုးများမှာ စက်လှေ ကိုမောင်းနှင်မရတော့သဖြင့် လက်မှိုင်ချကာ ကြည့်နေကြရုံသာ ရှိတော့သည်။

စက်လှေက လှိုင်းပုတ်သောအရှိန်ဖြင့် မီးပြတိုက်ရှိ သောနာဂရေ့ အငူစွန်းဘက်သို့ တဖြည်းဖြည်းပါသွားလေသည်။

ထိုအချိန်တွင် နီမောင်တို့ငါးယောက်မှာ မီးပြတိုက် အပေါ်ဆုံးမှာ ရောက်နေကြသည်။

ပင်လယ်ပြင်ဘက်မှ သေနတ်သံများ ဆက်တိုက်ကြား ရသောကြောင့် လှမ်းကြည့်နေကြသည်။

မှောင်နေသည့်အချိန်ဖြစ်သောကြောင့် ဘာမှတော့ မမြင်ကြရပေ။

"ပင်လယ်ပြင်မှာ သေနတ်သံတွေကြားရတယ်"

"ကမ်းခြေစောင့်တပ်ဖွဲ့တွေများ ရောက်လာကြတာ များလား"

"ကမ်းခြေစောင့်တပ်တွေလာရင် မီးရောင်မြင်ရ[illegible] အခု ဘာမှမမြင်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအဖွဲ့တွေများ နောက်ထပ်တစ်ကျော့ ပြန်လာကြတာများဖြစ်မလား"

"သူတို့လူတွေ အတော်များများ သေပြီးကျန်ခဲ့မှတော့ လာဝံ့ကြတော့မယ် မထင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် သတိနဲ့စောင့်ကြည့်နေရင်တော့ မမှားဘူး"

ဟုအချင်းချင်း ပြောဆိုရင်း ပင်လယ်ပြင်ဘက်သို့ အာရုံစိုက်ပြီးကြည့်နေစဉ်မှာပင် လှိုင်းများကြားမှ သတ္တဝါကြီးတစ်ကောင်၏ ဦးခေါင်းပေါ်လာသည်ကို လှမ်းမြင်ကြရလေသည်။

"ဟောဟိုမှာ ဘဘပြောတဲ့ ညံသတ္တဝါကြီး တစ်ကျော့ပြန်လာပြီ"

နီမောင်ကပြောသဖြင့် ကျန်လူများက သူလက်ညှိုး ထိုးပြသောဘက်သို့ လှမ်းကြည့်ရာ ရေပြင်ပေါ်မှာ သင်္ဘောခေါင်းတိုင်ကြီးပမာ ထိုးပေါ်လာသော ညံသတ္တဝါကြီး၏ ဦးခေါင်းပိုင်းကို လှမ်းမြင်ကြရလေသည်။

သတ္တဝါကြီးက မီးပြတိုက်ရှိရာသို့ ဦးတည်လာနေချေပြီ။

သို့ကြောင့် ငါးယောက်သား မီးပြတိုက်အောက်သို့ အလျင်အမြန် ပြန်ဆင်းကြရလေသည်။

အောက်ရောက်သောအခါ သေနတ်၊ ဓား၊ လှံ၊ လေးများ၊ သံစူးချွန်များကို အဆင်သင့်ကိုင်ကာ စောင့်ကြလေသည်။

နီမောင်ကတော့ ဦးဗန်ကောင်းပြုလုပ်ပေးထားသည့် ယိမ်းနွဲ့ပါးဓားကို အဆင်သင့်လွယ်ထားသော်လည်း ဓားကိုတော့





မထုတ်ဝံ့သေးပေ။

ထိုအချိန်မှာပင် သတ္တဝါကြီးက မီးပြတိုက်ရှိရာသို့ ရောက်လာပြီး အပေါက်များမှ အတွင်းသို့ဝင်ရန် ကြိုးစားနေလေသည်။

နီမောင်တို့က ပထမတစ်ကြိမ် မြင်ဖူးထားပြီဖြစ်သောကြောင့် သိပ်မထူးဆန်းတော့သော်လည်း ဦးဗန်ကောင်း၊ စောထီး၊ ငမဲအောင်တို့ကတော့ ထိုမျှကြီးမားရှည်လျားသော ညံသတ္တဝါကြီးကို ယခုမှ ပထမဦးစွာ တွေ့ကြရသဖြင့် များစွာအံ့သြနေကြလေတော့သည်။

"ဒီသတ္တဝါကြီးကို ဒေါသဖြစ်လာပြီး အတွင်းကို ခေါင်းဝင်လာအောင်လုပ်ရမယ်"

ထိုသို့ပြောပြီး ပြတင်းပေါက်နားရောက်လာသော သတ္တဝါကြီး၏ကိုယ်လုံးကို မှိန်း၊ လှံတို့ဖြင့်ထိုးရာ ဒေါသတကြီးနှင့် ရန်သူကို လိုက်ရှာနေသည်။ တစ်ကြိမ်မှာတော့ မှန်ကွဲနေသောပြတင်းပေါက်မှ မျက်လုံးကြီးတစ်ဖက်ပေါ်လာရာ ဦးဗန်ကောင်းက ထိုမျက်လုံးကို လှံဖြင့်ဆောင့်ထိုးလိုက်သည်။

"ကိုင်းကွာ"

သတ္တဝါကြီး၏ အရေပြားမှထူလှသောကြောင့် အခြားနေရာများကို လှံနှင့်ထိုး ဓားဖြင့်ခုတ်လျှင် မပေါက်သော်လည်း မျက်လုံးကိုထိုးသောအခါမှတော့ မခံနိုင်ပဲ ပေါက်ထွက်သွားလေတော့သည်။

ထို့ကြောင့် အပေါက်ကျယ်တစ်ခုမှ အတင်းတိုးဝင်ရန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရာ ဦးခေါင်းပိုင်းက အတွင်းသို့ရောက်လာသည်။

သို့သော်လည်း ဦးခေါင်းပေါ်မှာရှိသော အဖုအထစ်များကတစ်ခံနေသောကြောင့် အတွင်းသို့မရောက်ပေ၊ ထိုအခြေအနေမှာ နီမောင်အတွက် အကောင်းဆုံးအခွင့်အရေးဖြစ်သည်။

သူသည် မားအိမ်အတွင်းမှ ယိမ်းနွဲ့ပါးဟုအမည်ပေးထားသည့် မားကိုဆွဲထုတ်လိုက်သည်။

မားမှာ အလေးချိန်အတော်များသဖြင့် လက်တစ်ဖက်တည်းနှင့်ကိုင်မရပေ။ မား၏အရောင်အသွေးမှာ အပြာနုရောင်နှင့် နီညိုရောင်များ ရောထွေးနေသည့် အရောင်မျိုးဖြစ်သည်။ အသွားကလည်း အရောက်တလက်လက်တောက်ပနေသည်။ မားကိုလက်ဖြင့် ကိုင်မိသည်နှင့်ပင် စိတ်ထဲမှာတက်ကြွလာသလို အားရှိလာသလို ခံစားလာရသည်။

နီမောင်က မားကိုလက်နှစ်ဖက်ဖြင့် မားကိုဆုပ်ကိုင်ထားပြီး၊ ညံ့သတ္တဝါကြီး ဦးခေါင်းအနီးသို့ တိုးကပ်သွားသည်။

အနီးကပ်မြင်ရတော့မှ. . . သတ္တဝါကြီးမှာ အတော်ကြောက်စရာကောင်းမှန်း တွေ့ရတော့သည်။

ဦးခေါင်းပေါ်မှာ အမောက်ကဲ့သို့ အဖုအထစ်များပါပြီး မျက်လုံးက ပြူးကျယ်လှသည်။

နှာခေါင်းပေါက်က ကျယ်လှသောကြောင့် နှာမှုတ်သံများပေါ်ထွက်နေသည်။

ပါးစပ်ထဲမှာလည်း သွားနှင့်အစွယ်များပါပြီး လူတစ်ယောက်ကို အသာကလေး မျိုချလောက်နိုင်သည့် အနေအထား





ရှိသည်။

"လူတွေကို ဒုက္ခပေးနေတဲ့ သတ္တဝါ၊ ဒီကနေ့တော့ မင်းရဲ့ နောက်ဆုံးနေ့ဖြစ်ပြီပေါ့ကွာ"

ဟု ကြိမ်းဝါးပြီး အပေါက်ဝမှာတစ်နေပြီး လည်စင်းပေးသကဲ့သို့ဖြစ်နေသည့် သတ္တဝါကြီးလည်ပင်းကို မားဖြင့်ပိုင်းချသည်။

မားက အသွားထက်လှသောကြောင့် ထူလှသော အရေပြားချပ်ပေါက်သွားသည်။

"အဲ့ဒီနေရာပဲ ထပ်ခုတ်ဟေ့"

ဦးဗန်ကောင်းကလှမ်းပြောသဖြင့် မူလခုတ်ချထားသော မားချက်နေရာကိုပင် ထပ်ခုတ်သည်။

"ကဲကွာ. . ကဲကွာ. . ကဲကွာ"

အရေပြားပြတ်သွားပြီးနောက် အတွင်းသားများက မခံနိုင်တော့ပဲ အိခနဲ အိခနဲပြတ်ကျသွားတော့သည်။ သတ္တဝါကြီးက အထိနာသွားပြီဖြစ်သောကြောင့် ဦးခေါင်းကို အပြင်ပြန်ထုတ်ရန် ရုန်းကန်နေသည်။ သို့သော် လည်ပင်းမှာပါသောအဖုအထစ်ကြီးများက တစ်နေသောကြောင့် တော်တော်နှင့်မရပေ။ ထိုအခြေအနေကပင် နီမောင်အတွက် အခွင့်အရေးပေးနေသကဲ့သို့ ဖြစ်နေသောကြောင့် မူလပြတ်နေသောနေရာတစ်ဝိုက်သို့ မားဖြင့်ထပ်ကာထပ်ကာ ခုတ်လေရာ တစ်ဝက်လောက်အထိ ပြတ်ကျသွားသည်။

သတ္တဝါကြီးကလည်း အသက်ဘေးနှင့်ကြုံရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အားရှိသမျှရုန်းကန်လေရာ မီးပြတိုက်တစ်ခုလုံး သိမ့်သိမ့် တုန်နေတော့သည်။

သတ္တဝါကြီးက အလျားရှည်လှသောကြောင့် မီးပြတိုက်ကြီးတစ်ခုလုံးကို သူ့ကိုယ်လုံးကြီးဖြင့် အထပ်ထပ် ရစ်ပတ်ပြီး ပြိုလဲပစ်ရန် ကြိုးစားနေသည်။

ထို့ကြောင့် မီးပြတိုက်တစ်ခုလုံး သိမ့်သိမ့်တုန်လာလေသည်။ မီးပြတိုက်မှာ ကျောက်ဆောင်ကျောက်တန်းများပေါ်၌ တည်ထားသောကြောင့် အခြေသိပ်မခိုင်လှပေ။ ထို့ကြောင့်. . အင်အားကြီးလှသော သတ္တဝါကြီးကိုယ်လုံးဖြင့် ရစ်ပတ်ပြီး ဖြိုလှဲရန် ကြိုးစားသောအခါ သိမ့်သိမ့်တုန်နေခြင်းဖြစ်သည်။

"ဒီအတိုင်းဆိုရင် မီးပြတိုက်ပြိုကျလာနိုင်တယ်၊ မီးပြတိုက်ပြိုကျလို့အထဲမှာ ပိတ်မိနေရင် အန္တရာယ်ရှိနိုင်တယ် အပြင်ထွက်ရအောင်"

ဦးဇန်ကောင်းကသတိပေးလိုက်သဖြင့် မီးပြတိုက်အပြင်ဘက်သို့ထွက်ရန်ကြိုးစားကြသည်။ သို့သော်လည်း အပေါက်ဝများမှာ သတ္တဝါကြီး၏ ကိုယ်လုံးဖြင့် ပိတ်နေသဖြင့် ထွက်ပေါက်မရှိပေ၊

"ဘယ်လိုလုပ်မလဲ"

"အပေါ်ပေါက်တွေတော့လွတ်နေသေးတယ် အဲဒီအပေါက်တွေကနေ ကြိုးနဲ့ဆင်းရင်ရနိုင်တယ်"

နီမောင်က အကြံပေးလိုက်သဖြင့် ကြိုးခွေတစ်ခုကိုပါ သယ်ယူ၍ အပေါ်သို့တက်သွားကြသည်။ တစ်ဝက်လောက်





ရောက်တော့ ပြတင်းပေါက်ဝတစ်ခု တွေ့ရသဖြင့်. . ထိုပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်သည်။

သတ္တဝါကြီး အောက်ပိုင်းတစ်ခုလုံးကို ရစ်ပတ်ထားသည်ကို တွေ့ရသည်။

ထိုအချိန်မှာပင် လျှောင်လှုပ်သကဲ့သို့ ဖြစ်လာပြီး မီးပြတိုက် အပေါ်ပိုင်းအချို့ ပြိုကျလာချေပြီ။

"မီးပြတိုက် ပြိုကျလာပြီ အချိန်မရှိဘူး မြန်မြန် ထွက်ကြရအောင်"

ဟုသတိပေးပြီး ကြိုးစကိုတစ်နေရာမှာ ချည်ထားပြီး နီမောင်ကအရင်ဆင်းသည်။ အပေါ်ပိုင်းမှဆင်းလာစဉ် ဘာမှအခက်မရှိသော်လည်း အောက်ရောက်ကာနီးတော့ သတ္တဝါကြီးကိုယ်လုံးများက ခံနေသည်။ ထိုကိုယ်လုံးမှာလည်း မြွေတစ်ကောင်၏ ခန္ဓာကိုယ်ကဲ့သို့ ရွေ့လျားနေလေသည်။

အချိန်မရှိတော့သဖြင့် ထိုကိုယ်လုံးပေါ်သို့ ခုန်ချလိုက်ရသည်။

သတ္တဝါကြီးကိုယ်မှာ ကပ်နေသော အချွဲအကျိများကြောင့် လျှောပြီး အောက်သို့ပြုတ်ကျသွားသည်။ ယခုအချိန်အထိ သတ္တဝါကြီးဦးခေါင်းက အတွင်းမှာပင် ရှိနေသေးသည်။

ထိုအခြေအနေကပင် သူတို့အတွက် ကံကောင်းသည်ဟု ဆိုရပေမည်။

နီမောင်အောက်ရောက်ပြီး အချက်ပြလိုက်တော့ အပေါ်မှ ကျန်နေသူများ တစ်ယောက်ပြီးတစ်ယောက် ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ထိုအချိန်မှာပင် သတ္တဝါကြီးလှုပ်ခါမှုကြောင့် မီးပြတိုက်အပေါ်ဘက်မှ ပြိုကျလာသော အပိုင်းအစများက တစ်ခုပြီးတစ်ခု ကျလာတော့သည်။

ငါးယောက်စလုံးအပြင်သို့ရောက်သောအခါ ထိုနေရာနှင့်ဝေးရာသို့ ထွက်ပြေးကြရသည်။

ထိုအခိုက်မှာပင် မီးပြတိုက်ကြီးတစ်ခုလုံး တဝုန်းဝုန်းဖြင့် ပြိုကျလာသည်ကို နောက်ဆုံးတွေ့ကြရသည်။ သတ္တဝါကြီးကတော့ မီးပြတိုက်ပြိုကျသော အောက်သို့ရောက်သွားလေပြီလား မသိတော့ပေ။

အရှေ့ဘက်မှာတော့ အရုဏ်ဦးအလင်းရောင်များ တက်လာချေပြီ။





# အခန်း (၁၆)

# အချစ်ကိုယုံ ပုံအပ်ရမည့်ချစ်သူ

ခမောက်မော်ရွာနှင့် မနီးမဝေးကမ်းခြေတစ်နေရာမှာတော့ မြင်ကွင်းက မကောင်းလှပေ။

ပင်လယ်ထဲမှာ ပန်ကာရေ တက်မပါ ပြုတ်ပြီး သွားမရတော့သဖြင့် လှိုင်းပုတ်ရာအတိုင်း မျောပါလာသော စက်လှေ နံနက်လင်းတော့ ကမ်းခြေတစ်နေရာမှာ လာတင်နေသည်။

စက်လှေထဲမှာလည်း ရေများကတစ်ဝက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသည်။

စက်လှေပေါ်မှာ လူလေးယောက်ရှိနေသည်။ နှစ်ယောက်က သေနတ်များကိုင်ပြီး ဓားစာခံလေးယောက်ကို ကြိုးဖြင့်တုပ်ကာ ဖမ်းထားသည်။ ဇမုန်းထန်၊ ဒေါ်ကြာမှုံ၊ မြလေးခင်နှင့် မောင်ဖြစ်သူတို့ဖြစ်သည်။

လူဆိုးများက သူတို့ခေါင်းဆောင် သံပချိုင် မရှိတော့သော်လည်း ဓားစာခံများကို အသုံးချပြီး ထိုနေရာမှ လွတ်မြောက်အောင် ကြံစည်နေသည်။ ကမ်းစပ်မှာ အခြေအနေလာကြည့်နေသော ရွာသားများကို လှမ်းပြောနေသည်။

"ငါတို့စက်လှေနား တစ်ယောက်မှ မကပ်ကြနဲ့၊ ငါတို့အတွက် စက်လှေတစ်စင်း အမြန်လာပို့ပေးကြ၊ မဟုတ်ရင်သုံ့တို့လေးယောက်စလုံး ပစ်သတ်လိုက်မယ်"

ဟု အော်ဟစ်ကြိမ်း မောင်းနေသည်။

ထိုအခါ လူအုပ်ထဲမှ ဦးမွန်ထော်ထွက်လာပြီး လှမ်းပြောလိုက်သည်။

"မင်းတို့သူတို့ကို ဘာမှအန္တရာယ်မပေးကြနဲ့ မင်းတို့လိုချင်တဲ့ စက်လှေတစ်စင်း ငါတို့လာပို့ပေးမယ်"

ထိုသို့ထွက်ပြောပြီး မကြာခင်မှာ ရွာဘက်မှ စက်လှေတစ်စင်းမောင်းထွက်လာသည်။

စက်လှေပေါ်မှာတော့ စက်လှေမောင်းသူတစ်ယောက်သာ ပါလာဟန်ရှိသည်။

အနီးသို့ရောက်သောအခါ စက်လှေချင်းဘေးချင်း ကပ်





ပေးလိုက်သည်။

ဝင်ကပ်လာသော စက်လှေက အရှိန်မလျှော့ပဲဝင်လာသောကြောင့် လူဆိုးများရှိနေသော စက်လှေကို နံဘေးမှ ဝင်တိုက်မိတော့သည်။

"ဝုန်း"

စက်လှေချင်း တိုက်မိသောကြောင့် ရပ်နေသော လူဆိုးလေးယောက်မှာ ဟန်ချက်ပျက်ကာ ယိုင်လဲကုန်တော့သည်။

ထိုအချိန်မှာပင်. . ကပ်လာသော စက်လှေထဲမှ လူနှစ်ယောက်အပေါ်သို့ လွှားခနဲ ခုန်တက်လာသည်။ နီမောင်နှင့် ကျော်စွာတို့ပင်ဖြစ်သည်။

သူတို့လက်ထဲမှာလည်း သေနတ်တစ်လက်စီပါလာကြသည်။ သူတို့ခုန်ကူးလာတာမြင်တော့ လူဆိုးနှစ်ယောက်က ကဗျာကရာ ပြန်ထပြီး သေနတ်ဖြင့်ပစ်ရန် ကြိုးစားသည်။

သို့သော် နောက်ကျသွားပေပြီ။

"ဒိုင်း. . ဒိုင်း. ."

သေနတ်သံနှစ်ချက်ထွက်လာပြီး သေနတ်တခြားလူတခြားဖြစ်သွားတော့မှ လေးယောက်စလုံး သေနတ်ဖြင့် ချိန်ကာ ဖမ်းဆီးလိုက်သည်။

ပွဲကသိပ်မကြာပဲ ပြီးသွားခဲ့ချေပြီ။ ထိုအခါမှ ကမ်းစပ်မှာရှိနေကြသော ဦးမွန်ထော်တို့တက်လာပြီး လူဆိုးလေးယောက်စလုံးကို ကြိုးဖြင့်တုပ်ကာ ခေါ်သွားကြသည်။

နီမောင်တို့နှစ်ယောက်က ကြိုးတုပ်ခံထားရသော ဇမုန်း



www.burmeseclassic.com

www.burmeseclassic.com



ထန်တို့မိသားစုကို ကြိုးဖြေပေးကာ အိမ်သို့ပြန်ခေါ်သွားလေသည်။

နေ့လယ်ဘက်အချိန်တွင် ပုသိမ်မှ ရာဇဝတ်ဝန်ထောက်နှင့်ပုလိပ်များ လိုက်ပါလာသော ယူဘီသင်္ဘောတစ်စင်း ခမောက်မော်သို့ရောက်လာကြသည်။

ကျော်စွာက ရာဇဝတ်ဝန်ထောက်ကို အလေးပြုပြီး နှုတ်ဆက်သောအခါ ချီးကျူးစကားဆိုသည်။

"နာဂရေ့အင်္ဂုစွန်းမှာ ရာဇဝတ်မှုတွေပေါ်ပေါက်နေတာ အတော်ကြာပြီ အဖြေရှာလို့ကို မရဘူး၊ အခု မောင်ရင်ရောက်လာတော့မှပဲ ရှင်းသွားတော့တယ်၊ တော်ပါပေတယ် ကိုကျော်စွာ. . ၊ မောင်ရင်ကို ရာထူးတိုးပေးဖို့ ပုလိပ်မင်းကြီးဆီကို ကျုပ်ကိုယ်တိုင် အစီရင်ခံစာတင်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဝန်ထောက်မင်း အခုလို အောင်မြင်တာ ကျွန်တော်တစ်ယောက်တည်း အစွမ်းကြောင့်တော့ မဟုတ်ပါဘူး၊ အတူတူလက်ဆောင်ရွက်ပေးတဲ့ မိတ်ဆွေတွေရဲ့ ကျေးဇူးကြောင့် အောင်မြင်မှုရခဲ့တာပါ"

ဝန်ထောက်မင်းက အသိအမှတ်ပြုသည့်အနေဖြင့်. . ခေါင်းညိတ်ပြလေသည်။

ထိုအခါမှာပင် ဇမုန်းထန်က ဝန်ခံစကားဆိုလေသည်။

"ဒီကိစ္စဝေ့မှာ အမိုက်တရားခံက ကျုပ်ပါပဲ၊ အခုတော့ ကျုပ်လည်း နောင်တရပါပြီ၊ ကျန်တဲ့မိသားစုတွေမှာ ဘာမှ အပြစ်မရှိကြပါဘူး၊ ကျုပ်ကိုသာ ထိုက်သင့်တဲ့အပြစ်ပေးကြပါဗျာ"





ဟု ဝန်ခံပြီး သူစုဆောင်းထားသော ရွှေငွေလက်ဝတ်ရတနာထည့်ထားသည့် သေတ္တာကိုပါ တစ်ပါတည်း အပ်လိုက်လေတော့သည်။

ညနေပိုင်းရောက်တော့ ကျော်စွာက ဝန်ထောက်မင်းနှင့်အတူ ပြန်လိုက်သွားရလေသည်။

"နှီမောင် မင်းမလိုက်သေးဘူးလား"

"မလိုက်သေးဘူး၊ မင်းကတာဝန်ပြီးသွားပေမယ့် ငါကနောက်ထပ်တာဝန်တစ်ခု ကျန်နေသေးတယ်"

ကျော်စွာက သဘောပေါက်စွာ ရယ်လိုက်သည်။

"သဘောပေါက်ပြီ. . သဘောပေါက်ပြီ အဲဒီတာဝန်ကို မင်း အောင်မြင်အောင် ဆောင်ရွက်နိုင်မှာပါ၊ အောင်မြင်ပါစေလို့လည်း ငါဆုတောင်းပေးခဲ့ပါတယ် သူငယ်ချင်း"

ဟုပြောဆိုနှုတ်ဆက်ကာ ဇမုန်းထန်နှင့် အခြားတရားခံလေးယောက်ကိုပါ ဖမ်းဆီးခေါ်ဆောင်ပြီး ပြန်ထွက်သွားကြလေတော့သည်။

ညအချိန်ရောက်သောအခါ ရေစင်အနောက်ဘက်နေရာမှာ တစ်ယောက်တည်းထိုင်နေသည့် မြလေးခင်ရှိရာသို့သွားပြီး နှီမောင်က တောင်းပန်စကားဆိုသည်။

"မြလေးခင်. ငါတို့ကို ခွင့်လွှတ်ပေးပါ"

"ငါ နင်တို့အပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး၊ နင်တို့က ကောင်းတဲ့အလုပ် လုပ်ကြတာပဲ၊ အဖေ့အတွက်ပဲ စိတ်မကောင်းဖြစ်မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဒီကိစ္စအတွက် စိတ်မကောင်းပါဘူး၊ ဒါထက် ငါတို့ဆီကို စာရေးပြီးအကြောင်းကြားပေးတာ နင်မဟုတ်လား ဟင်"

မြလေးခင်က ခေါင်းညိတ်ပြသည်။

"နင့်ကိုကျေးဇူးတင်ပါတယ်၊ ကြိုတင်ပြီး သိခဲ့ရတော့ ငါတို့ အန္တရာယ်ကရှောင်နိုင်ခဲ့ကြတယ်၊ နင့်ကျေးဇူးတွေကတော့ ငါ့တို့အတွက် အတော်များနေပြီ"

"ရပါတယ် နီမောင်ရယ်၊ ဖြစ်သင့်လို့ဖြစ်တာပဲ ငါ့စိတ်ကို ဖြေနိုင်ပါတယ်၊ ဒါထက်နင်က သူတို့နဲ့ ဘာကြောင့်ပြန်လိုက်မသွားပဲ နေခဲ့တာလဲ"

"ငါ့အတွက် အလုပ်တာဝန်တွေရှိသေးလို့ မပြန်သေးတာပါ"

"ဘာတွေလည်းဟင်"

"အခုအချိန်မှာ နင်တို့မိသားစုအတွက် အကူအညီလိုနေတယ်မဟုတ်လား၊ ဒါကြောင့် ငါနေခဲ့တာပါ"

"နင်ကဘယ်လို အကူအညီမျိုးပေးမှာလဲဟင်"

"နင်တို့က လက်ခံမယ်ဆိုရင်. . ငါရယ်၊ အဘဦးဗန်ကောင်းရယ်၊ စောထီးနဲ့ ငမဲအောင်တို့ လေးယောက်ပေါင်းပြီး နင်တို့အလုပ်တွေကို ဆက်လုပ်ပေးမလို့ပါ"

"အဖေမရှိတော့တဲ့နောက် ငါတို့မှာ အားကိုးအားထားမှ မရှိတော့တာ ဒီလိုအကူအညီပေးမယ်ဆိုတော့လည်း ကောင်းတာပေါ့၊ ဒါထက် နင်ကဘယ်လို အနေအထားမျိုးနဲ့ အကူအညီ





ပေးမှာလဲ"

"ငါက နင်တို့ရဲ့ အလုပ်သမားတစ်ယောက်ပဲ အလုပ်သမားတစ်ယောက်အနေနဲ့ပဲ အကူအညီပေးရမှာပေါ့"

"ဒီစကားမျိုးနဲ့တော့ မခန့်ပါနဲ့ နီမောင်ရယ်"

"နင့်ကိုတမင်ပြောတာပါ၊ ငါလိုချင်တဲ့ရာထူးမျိုး တောင်းရင် နင်ကပေးမှာလား"

"ပြောလေ. ."

"နင်လက်ခံမယ်ဆိုရင် ချစ်သူတစ်ယောက်အနေနဲ့ အမြဲတမ်း အကူအညီပေးသွားချင်တာပါ၊ ဘယ်လိုလဲ"

"နင် အခွင့်အရေးယူတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး နင့်အပေါ်မှာ တကယ်နှစ်သက်မှုရှိလို့ ပြောတဲ့စကားပါ"

"ဒီလိုဆိုတော့လည်း ငါဘက်က စဉ်းစားပေးရမှာပေါ့"

"ဘယ်လောက်ကြာအောင်စောင့်ရမှာလဲ"

"အခုမှ သစ်ပင်စိုက်တယ်၊ ချက်ချင်း အသီးအပွင့် လိုချင်လို့တော့ ဘယ်ဖြစ်ပါ့မလဲ"

"ကောင်းပါပြီ မျှော်လင့်ချက်ရှိသေးတယ်ဆိုရင်တော့ ဒီလိုပဲ စောင့်ရမှာပေါ့၊ မနက်ဖြန်ကစပြီး လုပ်ငန်းတွေ ပြန်စရမှာဆိုတော့ ငါ့ကိုဘယ်လိုတာဝန်ပေးမှာလဲ"

"ငါ့ ဘဝတစ်ခုလုံးကိုတောင် တာဝန်ယူမယ်ဆိုမှတော့ ကျန်တာတွေကတော့ နင့်သဘောအတိုင်းသာလုပ်ပေါ့"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ မြလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး သူမလက်ကလေးနှစ်ဖက်ကို ဆွဲယူပြီး ဆုပ်ကိုင်ထားလိုက်လေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ယိမ်းနွဲ့ပါးနုဒီ. .) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ်အဆုံးသတ်ပြီဖြစ်ပေတော့သည်။ ။

အနီယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု

စာပြီးချိန် – ၂၀၁၂ခုနှစ်ဇွန်လ၇–ရက်၊
ကြာသပတေးနေ့၊နံနက်၁၁နာရီ

☺ အောင်မြင်စာပေ ☺




www.burmeseclassic.com